[illegible]

ဂျာနယ်





၁၉၈၀ ခုနှစ်၊ ဩဂုတ်လ၊ အတွဲ ၁၊ အမှတ် ၂

## ကဗျာ


| | | |
|---|---|---|
| နှလုံးသားရဲ့ ခရီးစဉ် | ပါတီဝင်တဦး | ၂ |
| အဟုန် | မောင်ရွှေချယ် | ၃ |
| အိမ်ငှ၀ ဥဒ အဘွားများ | အောင်ပဒိုန်း | ၄ |
| ၇.၇.၆၂ စိတ်ဓါတ် | စိုင်းနန္ဒဦးပိုက် | ၆ |
| ဆွန့်လှုပ် တိုက်ပွဲဝင်မှုတွေ | အဆိုး၊မြေလတ် | ၈ |
| ချစ်ခြင်း မုန်းခြင်း | လှရွှေ | ၁၃ |
| မကြေအေးနိုင်တဲ့ ဝဋ်တွေ | ထန်းမင်းလတ် | ၁၄ |
| ငါ့နေရာ | ပဒိုန်း | ၁၅ |
| ရွက်ကျပင် | ကျော်မြ | ၁၆ |
| လွတ်မြောက်သူတို့မြေ | မော်ဆန်း | ၁၇ |
| ရန်ကုန် | ငြိမ်းချမ်းသူ | ၁၈ |
| ဗျူရိုပ်တို့ လျှင် | ရဲဘော်ထက် | ၂၀ |
| ဇွန်ဖြူနှစ်တွေ | ရဲဘော်မိုး | ၂၁ |
| တံခါးဝမှ အသံများ | ဇင်ထက် | ၂၂ |
| သတိရခြင်းများ | ယဉ်းလိုင် | ၃၉ |
| ယုံကြည်ချက်အနာဂါတ် | ဝေ့ | ၄၄ |
| အထီးကျန် မဖြစ်တော့ဘူး | သိန်းဆွေ | ၄၈ |
| ကမ္ဘာတည်သချင်း | စိုးမြူထွန်း | ၆၃ |


## ကာတွန်း


| | |
|---|---|
| ကာတွန်းများ | ၅၉၊ ၇၇၊ ၇၈ |


## နိုင်ငံခြား


| | |
|---|---|
| အာဖဂန်၊ ကန်ပူချီး | ၆၉၊ ၇၀ |
| အီရန်၊ ဇိမ်ဘာဘွေ | ၇၁၊ ၇၂ |


## ဝတ္ထုတို


| | | |
|---|---|---|
| ထိုတရက် | ဖိုးတာနော | ၆၀ |


## ဆောင်းပါး


| | | |
|---|---|---|
| ဗမာပြည်ကွန်မြူနစ်ပါတီ အသက်ရှည်ပါစေ - - | စာတည်းအဖွဲ့ | ၂၄ |
| ကျနော်တို့သေနတ် - - | အောင်ကြီး | ၂၉ |
| သွေး၊မြေ၊ကျွဲ၊တိုက်ပွဲ ဝင်သွားတဲ့ | ပြည်သူ့အသံ ဆောင်းပါးရှင် | ၃၃ |
| စာကလေးရဲ့ ဝေဖန်ချက် | ရှိခက်ရှုံ | ၃၆ |
| သူတို့ စာတွေက ပေါ်ပြ နေတဲ့ သူတို့ ဘဝ | စာတည်းတဦး | ၃၈ |
| ချီတက်ရာ သမိုင်းကြောင်း တလျှောက်မှ တချို့သော အတွေ့ အကြုံများ | ပါတီဝင်တဦး | ၄၃ |
| အရှုံးတွေ အပြစ်အနာတွေ | မော်ဆန်း | ၄၉ |
| ပါတီသမိုင်းဆိုင်ရာ တချို့သော အချက်များ | - - - - - | ၅၁ |
| ပါတီဝင် အကြောင်း အချက် | - - - - - | ၆၅ |
| နေရောင်ခြည် လာတဲ့အခါ | ထက်ကျော် | ၇၂ |


## တိုက်ပွဲသတင်း


| | |
|---|---|
| မူဆယ်မြို့ သိမ်းတိုက်ပွဲ | ၃၆ |
| မိုင်းယောင်း တိုက်ပွဲ | ၃၇ |
| ၆လပတ် တိုက်ပွဲ စာရင်းချုပ် | ၄၂ |


## စာတည်းအဖွဲ့ ထံမှ


စာတည်းအဖွဲ့ ထံမှ . . . . . . ၄၈


ဗမာပြည်ကွန်မြူနစ်ပါတီ မြောက်ပိုင်းဗဟိုဌာနခွဲ . . . . .
ဝါဒဖြန့်ချိရေးနှင့် ပညာပေးရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်။

# အစီရင်ခံပါရစေ

ရဲဘော်၊

ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ (၄၁) နှစ်မြောက် ပါတီမွေးနေ့ကို ဂုဏ်ပြုကြိုဆိုတဲ့ အနေနဲ့ "စစ်နိုင်ရေး ဂျာနယ်" အတွဲ ၁ ၊ အမှတ် ၂ ၊ ကို ထုတ်ဝေလိုက်ပါတယ်၊ ဒါဟာ ပါတီဝင်တွေ၊ လူငယ်ဝင်တွေ၊ ကေဒါတွေ၊ ပြည်သူ့တပ်မတော် သားတွေနဲ့ လူမျိုးစုံ ပြည်သူတရပ်လုံး ဂုဏ်ယူ-အားတက်ရမဲ့-နေ့ထူး နေ့မြတ် ဖြစ်တဲ့ ဒီနေ့ ဒီရက်မှာ ယဉ်ကျေးမှု စစ်မျက်နှာ ကနေပြီး တတ်စွမ်းသမျှ အလုပ်အကျွေးပြုတာ ဆိုရင်လဲ - - - မမှားပါဘူး

ကြီးမြတ်၊ ဂုဏ်ပြောင်၊ မှန်ကန်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ရဲ့ ၄၁-နှစ်ကြာ ဖြတ်သန်းခဲ့တဲ့ သမိုင်းကို ဂုဏ်ပြု ဖော်ကျူးရာမှာ-ဒီဂျာနယ် အနေနဲ့ ပြီးပြည့်စုံအောင် ချမ်းဆောင် နိုင်မှာ မဟုတ်တာကတော့ သေချာပါတယ်၊ ပါတီရဲ့ ကြွယ်ဝ များပြားတဲ့ အတွေ့အကြုံ၊ မယုံနိုင်စရာ စွန့်လွှတ် အနစ်နာခံမှု၊ လူမျိုးစုံ ပြည်သူတွေကို ဦးဆောင်ပြီး အနှစ်သုံးဆယ်ကျော် တိုက်ပွဲဝင်ခဲ့တဲ့ လက်နက်ကိုင် တော်လှန်ရေး၊ စတဲ့-စတဲ့ ရင့်ကျက်တဲ့ ပါတီ လက္ခဏာ တွေဟာ ကျနော်တို့တတွေ-ရေးဖွဲ့ သီကုန်းလို့ ကုန်ခမ်းနိုင်စွမ်း မရှိတဲ့ အကြောင်းအရာတွေပါဘဲ

"စစ်နိုင်ရေး ဂျာနယ်" ဟာ ပါတီရဲ့ကြီးမားတဲ့ ကောင်းမှုပြုချက်တွေကို တဖက်က ရောင်ပြန်ဟပ်ပြမှာ ဖြစ်သလို တဖက်ကလဲ လက်တလော လုပ်ငန်းတာဝန်၊ တနည်းအားဖြင့် "စစ် အနိုင်တိုက် အာဏာသိမ်း" ဆို့ အကွက် ချမှတ်ထားတဲ့ လုပ်ငန်းတာဝန် အသီးသီးကို-အထောက်အကူ ပြုနိုင်ဖို့၊ ပိုမို လေးနက် စေဖို့၊ ကြိုးပမ်း သွားမှာလဲ ဖြစ်ပါတယ်၊


ဒီဂျာနယ်ကို မူလက-မေလ၊ ကမ္ဘာ့ အလုပ်သမားနေ့ အမှီထုတ်ဝေဖို့ စီစဉ်ခဲ့ ပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် မထုတ်ဝေနိုင်ခဲ့ပါဘူး၊ ဒါ့ကြောင့် မေချွန် အလုပ်သမား အရေးအခင်းနဲ့ ပါတ်သက်တဲ့ အကြောင်းအရာ အချို့၊ ဇူလိုင်-၇ ရက် အရေးအခင်းနဲ့ ပါတ်သက်တဲ့ အကြောင်းအရာ အချို့နဲ့ အတူ ပါတီမွေးနေ့ ဆိုင်ရာ - - အကြောင်းအရာတွေကို ဒီစာအုပ်ထဲမှာဘဲ အလျဉ်းသင့်သလို ဖော်ပြခဲ့ရပါတယ်၊

တော်လှန်စစ်ကာလ ဖြစ်တဲ့-ဒီနေ့-ဒီအချိန်မှာ ဒီဂျာနယ်ကို ထုတ်ဝေရတာဟာ မလွယ်တာပါဘဲ အခက်အခဲ ရှိပါတယ်၊ ချို့ယွင်း-အားနည်းချက်တွေလဲ ရှိမှာ သေချာပါတယ်၊ ဒီ ချို့ယွင်းချက် များနဲ့ ပတ်သက်ပြီး တော့လဲ ရဲဘော်တို့ အနေနဲ့၊ ဝေဖန်၊ အကြံပေး၊ ကူညီကြစေလို ပါတယ် ။

စာတည်းအဖွဲ့

# နှလုံးသားရဲ့ခရီးစဉ်

ပါတီဝင် တဦး




နှလုံးသား . . . . . .
နှလုံးသား . . . . . .
ဖခင်အား ချစ်တဲ့ နှလုံးသား -
မိခင်အား ချစ်တဲ့ နှလုံးသား -
ဒါဟာ လူများရဲ့ နှလုံးသား
နှလုံးသား
ဪ လူ့နှလုံးသား
အစ်ကိုနဲ့ ညီများ အတွက် နှလုံးသား -
အစ်မနဲ့ ညီမများ အတွက် နှလုံးသား -
ဒါ ညီအစ်ကို မောင်နှမ နှလုံးသား ၊
ရပ်ရွာကို ချစ်သား
လူ့နှလုံးသား
ဒေသကို ချစ်သား . . . .
လူ့နှလုံးသား . . . .
ဒါဟာလဲ ဒေသကို ချစ်တဲ့ နှလုံးသား ၊
မိခင် - ဖခင် ချစ်ပေါ့
ညီ အစ်ကို မောင်နှမကို ချစ်ပေါ့
ရပ်ရွာကို ချစ်ပေါ့ . . ကိုယ့်လူမျိုးကို ချစ်ပေါ့
နှလုံးသားပေါ် စာချစ်
တထပ်ပြီး တထပ် တိုးလာပေါ့ ၊
သို့သော် ထိုအချစ်တို့ကား
အစဉ် အလာ များသော
ထိုနှလုံး သားကား
အယောင်း နှလုံးသား များ
မိမိ လူမျိုး ထဲမှာ
ရန်သူကို ရှာရမယ်
အခြား လူမျိုးထဲမှာ
ယုံကြည် ရသူ ပြည်သူကို ရှာရမယ်၊

လူတန်းစား အသိမှာ
ရန် / ငါ ပိုင်းထား
စည်းကြောင်း ခြားမှ
တော်လှန်ရေး သွား
နှလုံး သား သစ်
စဉ်ဆက် ဖြစ်တယ်
ဒီ အသိဟာ
တိုက်ပွဲထဲမှာ
ရလာ ခဲ့ကြ
အော် . . . . ဒို့နှလုံးသား
ခရီးဆိုကား . . ကြမ်းပေါ့ - ခက်ပေါ့
ချွေး ပေး ရပေါ့ . . သွေးပေး ရပေါ့
အသက် ပေးရပေါ့ - သို့သော် ဒို့ဟာ
ကျဉ်းရာမှ ကျယ်ရာသို့
ပျော့ရာမှ ခိုင်ခန့်ရာသို့
နိမ့်ရာမှ မြင့်ရာသို့
မသိရာမှ သိရာသို့
အယောင်းဘဝမှ
ဘဝ သစ်သို့
ချစ်စရာ ခရီးစဉ်
ကြမ်းတမ်းတဲ့ ခရီးစဉ်
မြတ်နိုး စရာ ခရီးစဉ်
ဂုဏ်ရှိ လှတဲ့ ခရီးစဉ်
ဒို့ ကွန်မြူနစ် များ
နှလုံး သားရဲ့ တကယ့် ခရီးစဉ် တည်း ။

" မိခင် ပါတီ အား သာဝရ ဦးညွှတ်ပါ၏ "
၂၉ . ၇ . ၈၀

# အဟုန်

မောင်ရေချမ်း ( ဥက္ကလာ)



၁

ပေါက်ကွဲ ပွင့်အခ်
မိုးသီးထန်ည ။
အကိုင်းကိုင်း
အပိုင်းပိုင်းကျေ
လေကာချေမှု
မှန်တိုင်းညဒါဏ် ။
လျှပ်စီး မိုးကြိုး
တမိုးလုံး ဟိန်း
မြေပြင် ယိမ်းထိုး
ဒါးရိုးမဲ့များ
သေဆုံးသွားကုန် ။

၂

ထိုအရက်တွင်
ဝတ်မှုံ ပွင့်ဖတ်
အထပ်ထပ်ဆင်
ပွင့်သစ်နီမြန်း
သည်ပန်းတပွင့်
မည်သို့ပွင့် ။


၃

တိုက်ပွဲ အဟုန် နှင့်ပွင့်

( ၄၁ ၊ နှစ်မြောက် ပါတီမွေးနေ့ကို ကျူကဗျာဖြင့် အလေးနီပြုပါတယ် )

# ရှစ်ရဝ ည အတွေးများ

အောင်ဟိန်း



သမိုင်းရေးရုပ်ဘဝ တောင်းဆိုမှု
လူ့ရှု လိုအပ်ချက်
ဖက်ပေါင်းစုံ အခြေအထား
ပေါင်းစပ်မှု အားအင်
မွားသန့်စင်လာခဲ့အိ
ငါတို့ ချစ်သည့် ပါတီ
မိခင်ပါတီ ။
အချိန် လေးဆယ်တိုင်
ကြံ့ခိုင် မားမတ်
တန်ဖိုး မဖြတ်နိုင်တဲ့ အတွေ့အကြုံ
ကုန်လုံ ကြွယ်ဝခဲ့ပြီ
မိခင်ပါတီ ။
ကျောက်ဆောင်နဲ့ လှိုင်း
မုန်တိုင်း ရိုက်ခတ်
ပိုင်းပိုင်း ပြတ်ကျိုးပဲ့
ခေါင်းမညွှတ်ခဲ့ပါ
ထာဝရအာဇာနည်
မိခင်ပါတီ ။
အခက်အခဲ အကွေ့အကောက်
ဒူးမထောက် လက်မမြှောက်
တောက်လျှောက် ဖြတ်သန်း
ခရီးကြမ်း ကာလများ
ဝင့်ကြွားတက်ချီ
မိခင်ပါတီ ။
စက္ကူကျားကို အပြုတ်နှံ့
ဖေါက်ပြန်သူတွေနဲ့ မစေ့စပ်
ပြတ်သားစွာ ဘုံရန်သူ ချေမှုန်းရင်း
ကြီးပြင်း ပြိုင်းရိုင်း
ထွားကျိုင်း လာခဲ့သည်
မိခင်ပါတီ ။
မရှိရာက ရှိရာ
အားနဲရာက အားကောင်းရာ


ကာလ များစွာ ဖြတ်သန်းရင်း
ထွန်းလင်း သည့် မဟာ ပြည်သစ်
ထူထောင် ဆောက်တည်
မိခင်ပါတီ ။
အနှစ် လေးဆယ်တိုင်
မယိမ်းယိုင် _ မငြိမ်းရှိုင်
ကိုင်စွဲ ဆက်ချီ
"ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး" မီးဒုတ်များ
ဝင်းကြွား တောက်ပလောင်
လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ ။
သေနတ်ပြောင်းက
သွန်းလောင်း ပုံဖော်
ပျော်ရွှင် ချမ်းမြေ့တဲ့ ဘဝ
လှပတဲ့ အနာဂါတ် အတွက်
အာမခံချက် များစွာ
မှုံရာက ကြည်
ကြည်ရာက ရှင်း
ငြင်းကွယ်မရ
ကြည်မြ ၊ ပီသ ၊ မြင်ကြရပြီ ။
ဘယ်သူ တားတား
တုံ့ မသွား ။
ဘယ်သူ ချိုးချိုး
ဦးမကျိုး
ဘယ်သူ ချေချေ
မပျက်ကြေဘဲ
ရေရှည် ခရီးကြမ်း
ဖြတ်သန်း အံ့ခဲ
ရှေ့နှံ့ တက်ချီ
အောင်လံနီ လွှင့်ထူ
ဂုဏ်ယူဖွယ် အာလီဆီ
မိခင်ပါတီ ။
အနှစ် လေးဆယ်
လေးစားဖွယ် ကာလ
သမယတွင်
ရင်မှ လှုပ်ခတ်
သံဓိတ်ဓါတ် အပြည့်
ဟစ်ကြွေး မိပါပြီ
"မိခင်ပါတီ - အသက်ရှည်ပါစေ" ၊
"ကွန်မြူနစ်ပါတီ - အသက်ရှည်ပါစေ" ၊

ယန်ချမ်းကျွန်း (၁၄ . ၈ . ၇၉

(နှစ် ၄၀ မြောက် ပါတီမွေးနေ့ အကြိုညက ရေးတယ်)

# ၇.၄.၆၂ စိတ်ဓါတ်

နိုင်းနမ့် ဒွိုက်



— ခွန်ခွန် ၊ ခြောက် နှစ်
ပြန်တွက်စဉ်ရင်
ဆယ့်ရှစ်နှစ်ပင် ကြာခဲ့ပြီ ။
— ကြာပင်ကြာသော်
နှစ်တွေ ပြောင်းလည်း
ကိန်းအောင်း မမေ့
ဒေါ်သမ္မေ့က
ဆယ့်ရှစ်ဆဖွာ ဆူတက်လျှက် ။
— ဘယ့်နှယ်ဗျာ
အာဏာမရှိ
လက်ချည်း ရှိတဲ့
ဖမ်ပြည်သူ
တိုင်းပြည်အလုံး
ဒင်းသိမ်း ကျုံးကာ
နှိပ်စက် ဘာကို
ဘာရာ ဘယ်တွက်
ကျုပ်တို့ မျက်နှာ လွှဲရက်မလဲ ။
— မလွှဲဘူး
သဲဦး ဆီနှစ်
ပြည်သူချစ်တဲ့
မျိုးချစ် ကျောင်းသား
တဖဝါးမှ
နောက်ရာ မရွှေ့
"ဆူကြ" ၊ "ပူကြ" ၊ "ဆန္ဒပြ"
"ဒီမိုကရေစီရေး ၊ ချက်ခြင်းပေး"
"ကျောင်းသား သမဂ္ဂ ၊ ဖွဲ့စည်းကြ"


— ကျောင်းသားထုက
ဆန္ဒပြကြ
ဟစ်ကြွေးကြတော့
စစ်အစိုးရ
ထိတ်လန့်တကြား စစ်ပြင်ထား ။
— တောက် !
မယောက်မထား
ရိုင်းပျအားရဲ့
ဖက်ဆစ်နဲ့ဓမ်
နယ်ချဲ့ပဒွေး
အမလေးဟဲ
တကဲ့စစ်တပ်
ပြည်သူ့တပ်တဲ့
သတ္တိနဲ့ဗျ
မြို့တော်လမ်းခွ
ဗျူဟာချစိုက် - - - ။
— 'ရာမည' ဆောင်
'မန္တလေး' ဆောင်
'ဗဟိုတောင်ငူ' ဆောင်
'အင်းဝ' ဆောင်
အိပ်ဆောင်တွေမှာ
စစ်ဖျက်နှာ မှုင့် - - - ။
— နို့ယာန်ဝင့်ရ
ဂုဏ်ယူရတဲ့
သမဂ္ဂကို
မိုင်းနဲ့ဖြိုဖျက် - - ။

လက်ချည်း သက်သက်
နို့ရဲ့ ဘက်တွေ
ကျောင်းသားတွေ ဗဟား
လှံစွပ်သွားတပ်
သေနတ် မောင်းပြန်
ပစ်ခတ် ညံလျက်
"ကျား" အော်တက်ထိုး
သွေးဆိုး ကြေးခဲ
သွေးစစ်သားတွေ
သွေးလေ ဆန်ဆန်
သွေးလုပ်ဟန် ကြောင်း
မှိုင်းသံ၊ ကျည်သံ
ဗုံးမိုး ထန်ရွာ
ယမ်းငွေ့တွေကြား
ကျောင်းသားများကား ကျဆုံးလျက်
သမဂ္ဂကား ပြိုကျလျက် - - -
ကန့်ကော် လမ်းကား သွေးစွန်းလျက်။
စွန်၊ စွန်၊ ခြောက်နှစ်
ဦးအမြစ်က
ဖက်ဆစ်စံပြ
စစ်အစိုးရထံ
လက်ဖြန့်ခံရင်
ကျည်ဆံကလွဲ
ဘာမှမရ
နို့သိရပြီ၊ နားလည်ပြီဟော့ ။
ဝဝ လော့ သွေးရင်း
ညီနောင် ရင်းတို့
ကျောင်းသားတို့ရဲ့
သွေးစက်နဲ့ရေး
သမိုင်းဝေးကို
ဆက်ရေးကြဘို့၊ တော်လှန်စို့ ။

မတရားက
မသေ မချင်း
ကြောက်ရွံ့ ကင်းစွာ
ရှင်းလင်း ပစ်ဘို့
နို့ချစ်ခင်မင်
ပါတီသင်ကြား
အသိများ ရယ်
လက်ဝယ် အမြဲ၊ ဆုပ်ကိုင်ဆွဲ ။
လက်နက် ယူချီ
မယူ အပ်တို့
ပြည်သူကိုသာ
သတ်ရဲပါတဲ့
နယ်ချဲ့ရဲ့သား
ငကြေးစားတွေ
လာလေ လာခဲ့ အို့ - အို့ - အို့ .
ဒါးကို ဒါးချင်း
လှံလှံချင်း ယှဉ်
တိုက်ပွဲဝင်ဘို့
အခု ငါတို့ စိမ်ခေါ်တယ် ။
အခု ငါတို့ စိမ်ခေါ်တယ် ။
အခု ငါတို့ စိမ်ခေါ်တယ် ။

# စွန့်လွှတ်တိုက်ပွဲဝင်မှုတွေကတဆင့်

အဆို ၊ မြေလတ်



၁

- တောင်ခြောက်ကတုံး
မိုးစက်ကုန်းအောက် ၊ မြက်ခြောက်နွမ်းဝါ
ဒီကြွေတာမျှဦး ၊ လည်ပင်းဖြတ်ကျော်
နွမ်းယော်သွေ့သွေ့ ။
- ရေနံငွေ့တို့
ပိုက်ငွေ့စွန့်ပေ ၊ လေထုညှစ်ညမ်း
မလန်းမဆတ် – သက်ရှူကြပ်ဆဲ
ဆင်းရဲမွဲတေ – ရေနံမြေရဲ့
တကဲ့မြစ်ရပ် – ရင်သပ်ရှုမော
အံ့ဩစရာ မဟုတ် – ခေတ်သရုပ်ဖျန်
ငြင်းဆန်မလား ။
- ဝိမ်ထု ထွင်းဖေါက်
လက်သီးမြှောက်ဟန် – ရေနံစင်ကြား
နင်းပြား ဘဝ – မလှဝမ်းခါး
ဇော်ကား ဖိနှိပ် – အနိဋ္ဌါရုံ
ခေတ်ရုပ်ပုံများ – ထင်ရှား ကြွရွ
မမြင်ကြသလော ။
- ရေနံ မီးဒုတ် – သရုပ် တင်စား
"ဂက်စ်" မီးများကဲ့ ၊ ဆင်းရဲမဲမှောင်
အမှောင်ဘဝ ၊ အလင်းစတာရ
ထုဆစ်မပေးနိုင် ။
- အလင်းထွက်တာ
လောင်စာထုတ်လုပ်သူများရဲ့
ညလား – နေ့လား ၊ ခွဲခြားမရ
ဘဝ အမှောင် ၊ သန်းခေါင် ညဥ့်နက်
ကြယ်နီ မထွက်သရွေ့
လွတ်မြောက်မှု မရနိုင် ။

၂

- စမ်းအစိုးရ
ပါးစပ်ကတော့ "ဘုရား"
လက်ထဲမှာ လူသတ်ဓါး
ဓါးလေ ဓါးလေ
ပဒေသရာဇ် မြေရှင်
အရင်းရှင် ၊ နယ်ချဲ့
သူတို့ရဲ့ ကိုယ်စားလည်
လက်သယ် တရားခံ ၊ ငြင်းဆန်မလား
အရှင်းသားဘဲ ။
- "အလုပ်သမား အစိုးရ"
ပါးစပ်ကလေ
လေ - လေ - လေ - လေ
လေတခုနဲ့
တကဲ့ဘဝ ၊ ဖုံးမရနိုင် ။
- လေတခုနဲ့
တကဲ့ဘဝ၊လှုပ လာအောင်
မစွမ်းဆောင်နိုင် ။
- လျှာတချောင်း
ကောင်းကောင်း အသုံးပြု
မှသာဝါဒ - မလာစကားများ
အလုပ်သမား ဘဝ အား
ဘာ များ လုပ်ပေးနိုင် မလဲ ။

၃

- ကြည့်
ဆန်မရှိတဲ့ အိုး
ထပ်တိုး ဖြည့်ပေးဘို့
- နောက်ပြီး
မီးဖိုချောင် အရေး
ဖြေရှင်း ပေးဘို့
- အလုပ်ရှင် အတွက်
အာမခံချက် ရဘို့
- အခက်အခဲ တင်ပြ
မျှတ တရား ၊ ပြတ်သား တောင်းဆို
တိုက်ပွဲကြိုလင့် - နို့ အသင့်လေ
- ဒေါင်းလား ၊ ကျူးလား
ခွဲခြား ပိုင်းဖြတ်
မှတ်ကျောက် ဆိုတာ

၄

လက်တွေ့ရှာပဲ
ငြင်းရဲ့မလား ။
"သပိတ် - သပိတ် - ဖျောက် - ဖျောက်"
"မီးတုတ် - မီးတုတ် - ရှို့ - ရှို့"
"လုပ်သား ကောင်စီ အလိုမရှိ"
"စစ် အစိုးရ ကျဆုံးပါစေ"
မြေပြင် တုံ့ယီး ၊ လက်သီး ဆုတ် မြှောက်
မကြောက် တရား ၊ ဝေဒနား ဆုရှမှုက်
ဝါခဲခုက် ဆန့်ကျင် ၊ ထိမထင်ခဲ့
ထောင်တံခါးများ
ဖွင့်ထားပစေ
"အမေက ဖွေး ၊ ထောင်ကကျေး" သတဲ့
သွေးချင်းချင်းနီ ၊
အတိတ်ဆီက တိုက်ပွဲ
ဒီလိုပဲ သင်ခဲ့
မှူမတဲ့ လား
ညီ ၃ ၊ ညီ ၂
ပြန်လိုက်ပစေ
ဒို့မသေနိုင် ၊ ကြာလေ များလေ
ပွားလေ သစ်လေ ၊ အသစ် - အသစ်
အာဘစ် များစွာ ၊ မွေးဖွား လာလိမ့်
အလုပ်သွား
ပြည်သူ့ အားဟာ ၊ ဖိအား မရ
ဖိက ကြွ - ထိကချ
သာဓက လေ
အမေ အမေ ၊ အကိုတွေ ပေးလာ
"ထောင့် သုံးရာ ပြည့်" စိတ်ဓါတ်
လွှမ်းပတ် ဆိုဝင်
ရင်မှာ ရှင်ဆဲ ။

၅

တိုက်ပွဲနဲ့သာ
လွတ်မြောက်ရာလမ်း
လျှောက်လှမ်း နိုင်လိမ့် ။
တိုက်ပွဲနဲ့သာ
သာယာ ကုံလုံ
အရုဏ် တံခါး
ဖွင့်သွား နိုင်လိမ့် ။

— တိုက်ပွဲနဲ့သာ
အာဇာ ဖောင်းဖြို
ဆုပျိုး ညွန့်သစ် ၊ ချမ်းစရာ လောက
ကာညီခေါက် ကြကာ
ပန်းလှတရာ ပွင့်နိုင်လိမ့် ။

၆

— မေ ၊ ချွန် အရေးအခင်း
သွေးချင်းချင်းနီ
ကမ္ဘာ တည်သ၍
မမေ့နိုင်စရာ
ဒါဟာ သက်သေ
ဒို့ မကြေနိုင် ။
— ရန် – ငါ ဖျဦးပြတ်
သတ်လဲ မသေ ၊ သေလဲ မပျောက်
မကြောက်တရား ၊ ပြတ်သား လေးနက်
ပိုင်းဖြတ်ချက်မှန် ၊ စံနမူနာ
လေ့လာစရာလေ
သူတို့ တတွေ ထားခဲ့တယ် ။
— ရဲဘော်တို့ရဲ့
လျှောက်ခဲ့တဲ့ လမ်း
ဆက်လှမ်းနေဆဲ ၊ လျှောက်နေဆဲပါ
— ရဲဘော်တို့ရဲ့
ထူခဲ့တဲ့သွေး
မိုးဖွေးနေဆဲ – ထွန်းပြောင်ဆဲပါ ။
— ရဲဘော်တို့ရဲ့
ရေးခဲ့တဲ့ သမိုင်း
အတိုင်းမသိ ဂုဏ်ပြောင်
ရွှေဆောင်နေဆဲ ၊ ညွန့်ပြဆဲပါ

၇

— အာဇာနည်တို့
ယုံကြည် မျှော်လင့်
ပန်းပွင့်မဲ့ ကာလ – ရောက်စေရမယ် ။
— အာဇာနည်တို့
ယုံကြည် မျှော်လင့် – တင့်လှ ဝေစည်
ဗမာပြည်သစ် – ဖွားသစ်ရမယ် ။
— ဘုံရန်သူ ဆစ်အစိုးရ
ပြိုကျ ပျက်စီး
ခရီးဆုံး အတွက်

သွေးတစ်စက်မကျန်
တိုက်ခိုက်ရန် - တာဝန်
ကျေပွန်လေးနက်
အဓိဋ္ဌါန် ပြုပါတယ် ရဲဘော်တို့ ။

၈

သွေးကြွေး တွက်တာ
သွေးကြွေးနဲ့သာ ပေးဆပ်ကြ
ငြင်းမရ နိုင်ပါ ။
သွေးစာရင်း ကို
သွေးစာရင်းနဲ့ ရှင်း
ဒင်းတို့ရဲ့ နောက်ဆုံးနေ့
ကွေ့ရှောင်မရ
ဒါ - အသဘဲ ။
စာရာ အဝေတင်
လွှဲမရှောင်သာ
"တောင်သုံးရာပြည့်" တိုက်ပွဲနေ့တွေ - - -
ဂဏန်း အရေအတွက်
တွက်ချက်မနိုင်
ဇူလိုင် ၇ ရက် - သွေးစွန်းရက်တွေ
မေ ၊ ဇွန် ပမာ
ဒီဇင်ဘာ အရေးအခင်း
ရှောင်ကွင်းမရ ၊ ဒေါသ ဟောင်းစာ
ပြည်သူ့ ကြိမ်စာတွေ
များစွာ - များစွာ
ပေါ်ပေါက် လာရင်
ဗမာ ဖက်ဆစ်
စစ်အစိုးရ
သေတွင်းဝကို
ယူချ တွန်းပို့ ကြလိမ့်မယ်

၅.၆.၁၀

(အလုပ်သမား ရဲဘော်တွေ သွေးမြေကျ တိုက်ပွဲဝင်ခဲ့ကြတဲ့ - ၆ . နှစ်မြောက်
မေ - ဇွန် အရေးအခင်း နေ့သို့ ။)

# ချစ်ခြင်းမုန်းခြင်း

ဟဆွေ




ကွန်မြူနစ်လေ ။
အချစ်တတ်ဆုံး ၊ အမုန်းတတ်ဆုံး
စိတ်နှလုံးမြတ် ကိုယ်ကျိုးပြတ်
ကွန်မြူနစ်လေ
ချစ်သူအတွက် အသက်ကိုစွန့်
သွေးကိုစွန့်လှူ ကြည်ဖြူတယ်
မုန်းသူအတွက်
အသွားထက်သံနဲ့ ဒါးတလက်
သိပ်ရက်စက်တယ်
ကွန်မြူနစ်ကို
ပြည်သူတွေက တသသနဲ့
အားရဝမ်းသာ ကြိုဆိုနေတယ်
နေဝင်းစန်းယု
လူ့တိရစ္ဆာန် နယ်ချဲ့ကျွန်က
ကွန်မြူနစ်လား အသံကြားက
နားကြောသွေးစိမ့် တလန့်လန့်
ကွန်မြူနစ်ဆိုတာ
ပြည်သူကိုချစ်တယ်
ရန်သူကိုမုန်းတယ်
ဒါပါဘဲလေ

၂၆.၁.၈၀

# မကြောအေးနိုင်တဲ့ သူတွေ အပေါ်

တန်မင်းလတ်




သစ္စာဖေါက်ဆို
အို ! မကြည့်ချင်
ရင်တုံ ဆတ်ဆတ်
သတ်ချင် လှတယ်
ရန်သူ့ အပေါ်
မြှော်ခေါ်တွေးထင်
စိတ်ကူး ယဉ်ရက်
အိပ်မက် မက်ပါ
အချိန်တွေက ဆုံးဖြတ်မယ်
အာတိတ်မှာ
ပစ္စုပ္ပန်မှာ
အနာဂါတ်မှာ
သစ္စာဖေါက်တွက်
အသက်ရှင်လဲ
ရေနဲ့ ငါးပါ
ဗမာပြည်မှာ
နိုင်ငံ တကာမှာ
ရှာရင် တွေ့သိ
ကြည့်နိုင် လိမ့်မယ် ။

သစ္စာ ဖေါက်တွက်
တံတွေး ထွက်တွင်
ပက်လက် စုံဆန့်
ပုတ်နံ့ ယောင်စပ်
လောက် ဖတ် ရွတ်ထိုး
အနံ့ ဆိုး လှိုင်
လေနှင်ရာပါ
ဖုံး ကွယ်ရာ မရှိ
ဒီလို လူကို
ပြည်သူတွေက
ဆုံးမ ဒဏ်ခတ်
ပြတ်သား ကြံစည်
ဒီလို လူလေ
ရဲဘော်တွေက
နောင်တ မျက်ရေ
ကျနေ လိမ့်မယ် - - - ။

# ငါ့နေရာ


ပဒိန်း



ငါကျဆုံးရင်
ငါ့ကို ဘယ်နေရာမှာ မြှုပ်မြှုပ်
ငါကန့်ကွက်မှာ မဟုတ် ။
အရှေ့မှာ ဖြစ်ဖြစ်
အနောက်မှာ ဖြစ်ဖြစ်
မြောက်ဘက်မှာ ဖြစ်ဖြစ် ။
မြေပြန့်မှာ ဖြစ်ဖြစ်
တောင်ပေါ်မှာ ဖြစ်ဖြစ်
တောနက်ထဲမှာပဲ ဖြစ်ဖြစ်
ဖြစ်ချင်တဲ့နေရာ ၊ ဖြစ်နေပါစေ - - - ။
ဒါပေမဲ့
အဲဒီနေရာ
ငါ့ မြှုပ်မဲ့ နေရာဟာ
စစ်ခရာသံနဲ့ အလံနီများ
အမြဲ ကြားတွေ့နိုင်ရမယ် ။
အဲဒီနေရာ
ငါ့ မြှုပ်မဲ့ နေရာဟာ
ငါချစ်တဲ့ ရဲဘော်တွေရဲ့
ဒါး သွေးနေသံများ
အစဉ် ကြားနိုင်တဲ့ အရပ် ဖြစ်ရမယ် ။
ဟုတ်တယ်
လူတန်းစား ညီအကို
ဒီရဲဘော်တွေနဲ့ အတူ
နေပူပူ မိုးရွာရွာ
ငါရှိနေချင်တယ်
နိုး ချင်တယ်
ငါ ကျဆုံးရင်
ငါ့ကို ဘယ်နေရာမှာ မြှုပ်မြှုပ်
ငါ ကန့်ကွက်မှာ မဟုတ် ။ ။

# ရွက်ကျယ်

ကျော်မြ



ကြဲ ချလိုက်စမ်း
တောင်တန်း မြေပြင်
တသွင်သွင် ပြေး ၊ စမ်းချောင်းလေး အနား
ကမ်းပါး ကျောက်ဆောင်
သဲသောင် ခုံတွင်း ၊ လယ်ကွင်း စိမ်းမြ
တောစ သစ်အုပ် ၊ ခြုံဖုတ် နွယ်ယှက်
ဆူးခက် မာကျော ၊ ပေါက်တဲ့ နေရာ
မြေဩဇာ အနံ့ ၊ လွင့်ပျံ့ ဝဲမြူး
ပုရစ် ဖူးတွေ ၊ သုတ်ဖြူး လေမှာ
ကြဲလေ - - ကြဲ ချလိုက်စမ်းပါ ။
ပြည်သူ ရှိရာ - ဘာမှ မလို
အဝတ် မလို ၊ အစား မလို
တရားကိုဖွဲ့
လက်ထဲ သေနတ် မြဲမြဲ ရပ်ရင်
မီးခင်ပါတီ ကြယ်နီ သွေးသောက်
ရဲရဲ တောက်ရင် - -
မီးပင်လယ်လဲ ဖြတ်နိုင်တယ်
ဒီး တောင်တန်းလဲ ကျော်နိုင်တယ် ။
ကဲ
လေထဲ အနံ့ ၊ ကြဲဖြန့် ပစေ
မြေပြင်ကို ရောက် ၊ ညွန့်ဖောက် ဖွံ့ထွား
ပွါးသစ် ရှင်သန်
တော်လှန်ရေး သွား ရဲဘော်တွေ
ရွက်ကျ ပင်လို ကျင့်မလေ ။

ပန်ဆန်း

## လွတ်မြောက်သူတို့ရဲ့ - မြေ

မော်ဆန်း




အသက် သွေးချွေး
ရင်းနှီး ပေးလှူ
သူရဲကောင်းတွေရဲ့ မြေ -
ဒီမြေပေါ်တွင်
ပန်းစင် ပန်းခြတ်
နု ဖတ် မွှေးထုံ
ဒီမြေပေါ်တွင်
ကြည်ရွှင် အေးမြ
ဂီတ ချိုမြိန်
ဒီမြေပေါ်တွင်
ကောက်ပင်စိမ်း
ယိမ်းက တေးဆို
ဒီမြေပေါ်တွင်
သင်ရှင့်ငါတို့
တိုးလို့ သွေးစည်း
ဒီလို မြေတွေ
ရက်တွေကြာလေ
လတွေကြာလေ
ဒီရေ တိုးသစ်
ဖြစ်ပေါ် တိုးပွား
များပြား လာမယ် - ယုံကြည်ပါ . . .

၁၀.၂.၂၀ -နေ့

# ရန်ကုန်

ငြိမ်းချမ်းသူ



— ရန်ကုန်
စစ် သံချပ်များ
ဘက်နက်တွေကြားမှာ
တည်ဆောက် ထားတဲ့ မြို့တော်မဲ ။

— မသာခေါင်း လိုပါဘဲ
အလောင်း ပုပ်နံ့ ၊ သွေးညှီနံ့တွေ
ပျံ့နှံ့ ဆိုးဝါး နေလေရဲ့ ။

— သင်ဟာ
ကတ္တရာ လမ်းကို
သွေးလမ်းဖြစ်အောင် လုပ်ခဲ့တယ် ။

— သင်ဟာ
စာသင် ကျောင်းခန်း ၊ အလုပ်ခန်းကိုလဲ
ထောင်တန်း အဖြစ် ပြောင်းပစ်တယ် ။


— သင်ဟာ
ဗမာ ပြည်ကြီးကို
မီးလောင်တိုက်သွင်းနေတဲ့ တရားခံပါဘဲ ။

— ရန်ကုန်
နေ့ခင်း ကြောင်တောင်
ဓါးရောင် - ဒါးရိပ် ၊ တဖိတ်ဖိတ်နဲ့
ထိတ်လန့် စရာ မြို့ဆိုးကြီး ။

— ဘယ်သူ မဆို
သတိ မြှင့် မထားဘဲ
အဲ့ဒီမြို့ထဲ ဝင်မိရင်
ဝင်ဘာ လမ်းကို
ဆို - [illegible] မဟုတ်တော့ဘူး ။


- ကြည့်
ပင်လယ်ကူး သင်္ဘော
ဖေါ်ချထားတဲ့ အရုပ်ဆီ
ဘာပြဿနာ ကိစ္စ ရှိလို့
ကျုပ်တို့ ရှုမမျှား ၊ လှိုင်းခ ဝေကြားမှာ
သွားသွားနေရတာလဲ ကွယ် ။
- ရန်ကုန်
ရောင်စုံ နီယွန်မီး ၊ ထိန်ညီးဝင်းလက်
အသားချက် - အရက်နဲ့
မြက်ခင်း နုနုပေါ်မှာ
အိမ်တော်ဝင်း အတွင်းထဲမှာ
အာဏာ ပါးကွက်သားတွေဟာ
ဟားတိုက် ရယ်မော နေကြတဲ့ အခါ --
- ရေနံဆီ မီးအိမ်
မှိန်မှိန် ပျပျ ၊ အလင်းမရတဲ့
ညမှောင် ရိပ် ထောင့်ထဲမှာ
ငါတို့ရဲ့ အဖ ၊ အမေ
ငါတို့ရဲ့ ညီငယ်လေးတွေ
ခွေနေတယ် ၊ လဲကျနေတယ် ။
- ရန်ကုန်
ဒါပုံပြင်မဟုတ်
ရုပ် သက်သေ အဖြစ်နဲ့
ညစ်ပတ် မိုက်ရိုင်းစွာ
သွေးစွန်း ကျန်ရှိ နေပါတယ် ။
- ရန်ကုန်
သင့်ရဲ့ အပြစ်နာတွေကို
ငါစစ် ကြေညာတယ် ၊ ရွံမုန်းတယ် ။
- ငါ့ဝိညာဉ်
ငါ့ အင်အား
ငါ့ အသွေး အသား
အားလုံး အားလုံး ၊ နောက်ဆုံးပိတ် တိုက်ပွဲ
ဦးအောင်ပွဲအတွက် ၊ ဆက်သ ပူဇော်လိုက်ပြီပဲ ။

- ဒီလို မီးလျှံထဲမှာ
ငါသေရမယ် ဆိုရင်လဲ
အောင်ပွဲ ဆင်မီးမှ
သင့်ကို အနိုင် ရတော့မှ
တော်လှန်ရင်းက - ငါသေမယ် ။
- အသက် ပေးရမယ့် ဆိုရင်လဲ
ငါ့ရဲ့ ပွက်ပွက် ဆူနေတဲ့
ပူနွေးတဲ့ သွေးများနဲ့
သင် လွှဲသွား တွေကို
နီရဲနေစေပြီးမှ
ငါကျဆုံးမယ် ၊ ပေးနိုင်မယ် ။
- ဟယ် --- ရန်ကုန်
အုံကြွ ဒုန်းစိုင်း
လေကြီး မုန်တိုင်း နဲ့ အတူ
မိဘ ပြည်သူ ရှိရာ
ငါတနေ့ အရောက်ပြန်လာမယ် ။



# ကျွန်ုပ်တို့လှိုင် - - -

ရဲဘော်ထက်



၁

▬ ဒီးသွားပေါ်မှာ
ချိုမြသည့် ပျားရည်စက် ။
▬ အလှတရား ခြုံသွယ်း
အဆိပ်ပန်း တမျှင် ။

၂

▬ မြေခွေးပေါ် သယောဇ တရား
ကျားခေါင်းလဲပေါ် ဥပုသ်
▬ ကျွန်ုပ်တို့ ကမ္ဘာ လောကကြီး
အမြိုက် တရား အဖြစ်
ဖိုက်ရှား ရှင်သူတို့ သာ
ယုံကြည် ရှာကျန် ပေါ် . . .

၃

▬ တဖက်၌
အမှိုက်နှင့် ရွှေစင်
ပိပြင် စွာ ခွဲခြားခြင်း ကား:
ဓားချုံ ကြား မှ သာ
သေချာ ဂနု အဖြေ ရနိုင်ပေသည် ။

၄

▬ ဖျောင်မှု လင်းမှု
အတုနှင့် အစစ်
ဖြစ်တည်မှုနှင့် ပြောင်းလဲခြင်း
ရှင်းလင်း ချည်းပြတ်
နိုင်စနို့ ရပ်တည်
ဤ အမြင် ကား ကြည် လင်လျက်

၅

▬ ဖေါက်ပြန်ပေါ်
အညံ့ ခံ ပေါ်
ပကတိ ဖြစ်စဉ်
သင်နှင့် ကျွန်ုပ်တို့ ကြား
စည်း သား ခဲ့ မှု အတွက်
လေး နက်စွာ ကျေးဇူး တင် ပါပေါ် . . ။

၆

▬ သင်္ခန်းစာများ
နမူနာ များ အတွက်
ဆန့်ကျင်ဖက်မှုပညာ ပေးမှု
သာခု ခေါ်နေဆဲ ပါပင် . . . ။

၇

▬ သို့သော်ငြား
လှိုင်းကြား ဝေလသနို့
ယုန်တိုင်း ကို ဆန်ပြီး
ထက်ဒီး များ တင်း ဆွတ်
ကျွန်ုပ် တို့ ဂျင်
အိခင် ပါတီ ရင်ခွင် ကြား
အား ကောင်း မောင်း သန်
မနက်ဖန် သစ် အတွက်
တိုး လျှက် ဝေး နက် ခဲ
ညီ ခြံ စွာ ယုံကြည်
ညိုင် ကြည်စွာ သွေးစည်း နေတာကား ။

၂၇ . ၇ . ၈၀ ။

# ကွန်မြူနစ်တွေ အတွက်သာ

ရဲဘော်ဖိုး



၁

— ဒီတောင်ပေါ်မှာ
ကွန်မြူနစ်တွေ အတွက်သာ
စပါးပင်တွေ ပေါက်တယ် ။
— ဒီတောင်ပေါ်မှာ
ကွန်မြူနစ်တွေ အတွက်သာ
ဝါပင်တွေ ပေါက်တယ်
— ဒီတောင်ပေါ်မှာ
ကွန်မြူနစ်တွေ အတွက်သာ
ဆိတ်ချေ တွေ ရှိတယ် ။
— ဒီတောင်ပေါ်မှာ
ကွန်မြူနစ်တွေ အတွက်သာ
နေစရာ ရှိတယ်။


၂

— ဒီတောင်ပေါ်မှာ
ရန်သူ့ အတွက်
စားစရာ မရှိ
ဝတ်စရာ မရှိ
ဆိတ်ချေ မရှိ
နေစရာ မရှိ — —။

(၃၁/၁/၈၀)

# တံခါးဝမှ အသံများ

ရင်ထက်



"ဘယ်တော့လဲ" - - - -
"ဘယ်မှာလဲ" - - - -
"ဘယ်သူလဲ" - - - -
ဒီမယ် ရဲဘော် -
အဲဒါကို
ကြိုတင် ပြောဖို့ဆိုတာ
အခု အခါ
မလွယ်ကူလှပါ ။
မကြာခင်တော့
မြစ်ပြင် တွေ ကျော်
ကျနော်တို့
ခရီး ထွက်ကြ မယ်လို့ဘဲ ။
ရထား လမ်းဘေး
ကျောက် ခဲလေး တလုံးလောက်
ကောက်ကြည့် ပီးရင်
ခန့်မှန်း နိုင်ပီ ထင်ပါရဲ့ ။
နှင်းတွေ ဝေ နေတဲ့
ဒါမှမဟုတ်
လေရူးတွေ အော်နေတဲ့
ဒါမှ မဟုတ် ၊
မိုးရေစက်တွေ
စုန်ဆင်း နေတဲ့
အဲဒီ တနေ့ နေ့ မှာပေါ့ ။
ဆိုရှယ် ပန်းခြံ - -
အခင်းလျှား တန်ထိပ်
က ရဗ်တ် ခန်းမ
အေဗီ လမ်းဆုံ - - - ။

— အင်း — —
ရန်ကုန် မြို့လယ်
တနေရာရာမယ်
အဝေး အချာ ပါဘဲ ။
— ကျနော်လား
ရဲဘော် အိုက်ကပ်လား ၊
ရဲဘော် ဖောနော်လား
ရဲဘော် ရိုင်းလုံလား ။
— ကြယ်နီ တပ်ထားတဲ့
ပြည်သူ့ တပ်မတော်သား တယောက်ယောက်ပေါ့ — — ။
— နေဝင်း အတွက်
သေမင်း တမာန်
အဲဒီ ကျည်ဆံက
ဘယ်ပြောင်းဝမှ ထွက်မလဲ — — ။
— အဲဒီ ဆိုက်ပွဲ
ကျနော် ကိုင်တာလဲ
ဂျီ ၃ အဲဖြစ်မလား
ဒီပြင် သေနတ် တမျိုးလား ။
— အခု အဒါ
အဲဒါတွေကို
အခိုင်အမာ
ကျနော် မပြောနိုင်သေးပါ ။
— ကျနော် သိတာတော့
မကြာခင်
မြစ်ပြင်ကို ကျော်ပြီး
ကျနော်တို့ တတွေ စစ်ချီကြမယ်လေ — — ။
— ဟုတ် ပါတယ် — —
မကြာခင်
မြစ်တကာ ကျော်သွား
အားတက် စဖွယ်
အမြောက်သံ
မိုးဆံတွေ
မွှင့်အံ့ ပေါက်ကွဲ
အဲဒီကြားက
ကျနော်တို့ တတွေ
စစ်မြေ ပြင်ဆီ
ချီတက် သွားကြတော့မယ်လေ ။

၈၀ ၊ ဧပြီ ၊

# ဗမာပြည်ကွန်မြူနစ်ပါတီ အသက်ရှည်ပါစေ

(၁)

၁၉၈၀ ခုနှစ်၊ ဩဂုတ်လ - ၁၅ ရက်နေ့ဟာကြီး ဖြတ်တဲ့ ဗမာပြည် ကွန်မြူနစ် ပါတီ (၄၁) နှစ် မြောက်တဲ့ မင်္ဂလာ နေ့ထူး နေ့မြတ် - ဖြစ်ပါတယ် ။

အရင်းရှင် စနစ်နဲ့ နယ်ချဲ့စနစ်ခေတ်မှာ ပစ္စည်းမဲ့ လူတန်းစား ရဲ့ တပ်ဦး ပါတီလို . . တော်လှန်တဲ့ တပ်ဦး ပါတီ တရပ် မရှိရင် မဖြစ်ပါ ဒီလို ပါတီ တရပ် မရှိခဲ့ရင် နယ်ချဲ့သမား များ၊ ၎င်းတို့ရဲ့ နောက်လိုက် ခွေးများနဲ့ ပေါက်ပြန်ရေးသမားများရဲ့ အုပ်စိုးမှုကို တွန်းလှန် ဖြိုချက် ပစ်ပြီး . အောင်ပွဲ ရယူဖို့ ဆိုတာလဲ ဖြစ်နိုင်မည် မဟုတ်ပါ ။

ဗမာပြည် ကွန်မြူနစ်ပါတီ မပေါ်ပေါက်မီ နှစ်ပေါင်း (၁၀၀) ကျော် အတွင်းမှာ . . . တော်လှန်တဲ့ ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူတွေဟာ သူရသတ္တိ ရှိရှိနဲ့ အင်္ဂလိပ် နယ်ချဲ့ သမားကို . . အကြိမ်ကြိမ် ထကြွ ပုန်ကန်ခဲ့ကြပါတယ်။ ဒါပေမဲ့ ဝမ်းနဲ ကြေကွဲဘွယ် ဆုံး ရှုံး ခဲ့ကြရပါတယ် ဒီလို ဖြစ်ခဲ့ကြရတဲ့ အဓိက အကြောင်းရင်းကတော့ ပစ္စည်းမဲ့ လူတန်းစား ရဲ့ တပ်ဦး ပါတီလို တော်လှန်တဲ့ ပါတီတရပ် မရှိသေးလို့ ဖြစ်တယ် ဆိုတာကို . . ဗမာပြည် တော်လှန်ရေး အနှစ် (၁၀၀) ကျော် သမိုင်းက သက်သေပြခဲ့တဲ့ တကယ့် ဖြစ်ရပ်ဖြစ်ပါတယ်

ဒီလို အခြေအနေ မျိုး နောက်တွင် ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့မှာ ဗမာပြည် ကွန်မြူနစ် ပါတီ ပေါ်ထွန်း လာခြင်းဟာ ဗမာပြည် သမိုင်း ကလျှာ သစ်ကို ဖွင့်လှစ် လိုက်ရာ ရောက်ပါတယ် ။

ဗမာပြည် ကွန်မြူနစ် ပါတီဟာ ဗမာပြည် ပစ္စည်းမဲ့ လူတန်းစား ရဲ့ တပ်ဦး ပါတီဖြစ်ပါတယ် ဒီပါတီဟာ မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ကို လမ်းညွှန်အဖြစ် ကိုင်ဆွဲထားပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်လပ်ရေး တိုက်ပွဲများ - နယ်ချဲ့ လက်ဝါးကြီးအုပ် အရင်းရှင် စနစ်နဲ့ ပဒေသရာဇ် မြေရှင်စနစ် ဆန့်ကျင်တဲ့ . . လူတန်းစား တိုက်ပွဲများရဲ့ ပေါင်းစပ်မှုမှ ပေါ်ထွက်လာတဲ့ အသီးအပွင့် ဖြစ်ပါတယ်။ ဗမာပြည် သူများရဲ့ အဖိုး အတိုက် တန်ဆုံး ရတနာသဖွယ် ဖြစ်ပါတယ် ။

(၂) ဒီနှစ်ပေါင်း (၄၁) နှစ် အတွင်းမှာ ကျနော်တို့ ပါတီဟာ လုံး၀ လွတ်လပ်ရေး အတွက် ဗမာပြည် သူလူထု ကို စည်းရုံး ရှေ့ဆောင်ပြီး - အင်္ဂလိပ် နယ်ချဲ့သမား ကို မဆုတ်မနစ်တမ်း ဆန့်ကျင် တိုက်ခိုက် ခဲ့တယ်။ ဂျပန် ဖက်ဆစ် ကျူးကျော်မှုကို လက်နက်ကိုင် ဆန့်ကျင် တိုက်ခိုက် ခဲ့တဲ့ ဂျပန် ဖက်ဆစ် တော်လှန်ရေးကို စည်းရုံး ခေါင်းဆောင် ခဲ့တယ်။ အင်္ဂလိပ် - အမေရိကန် နောက်လိုက် ခွေးများ၊ နယ်ချဲ့ ပေါင်းစုံရဲ့ နောက်လိုက်ခွေးများ ဖြစ်တဲ့ ပြည်တွင်း ရှိ လူတန်းစား ရန်သူများကို အညှာမဲ့ အရှုံးမပေး ကြံ့ကြံ့ ခိုင်ခိုင် ဆန့်ကျင် တိုက်ခိုက် ခဲ့တယ် ။ ပြည်တွင်းပြည်ပ ၊ ပါတီတွင်း ပါတီပက ပြန်လည် ပြင်ဆင်ရေး ဝါဒကို ပြတ်ပြတ်သား ဆန့်ကျင် တိုက်ခိုက် ခဲ့တယ် ။ ဒါတွေဟာ ဘယ်သူ ဘယ်ဝါဘဲ ဖြစ်ဖြစ် ချေဖျက်လို့ မရတဲ့ ကျနော်တို့ ပါတီရဲ့ ဂုဏ်ရောင် ပြောင်တဲ့ တော်လှန်ရေး အစဉ်အလာ ကောင်းတွေ . . ဖြစ်ပါတယ် ။

ကျနော်တို့ ပါတီဟာ ဗမာပြည်နဲ့ ဗမာပြည်

လူမျိုးပေါင်းစုံပြည်သူတွေ သေရေးရှင်ရေးနဲ့ ရင်ဆိုင်လာတဲ့အခါတိုင်းမှာ လူမျိုးပေါင်းစုံပြည်သူတွေအပေါ် တာဝန်သိသိ၊ တာဝန်ရှိရှိနဲ့ ကြိုတင် သတိပေး ညွှန်ပြခဲ့ပါတယ်။ ဘေးအန္တရာယ် ကျရောက်လာတဲ့ အခါတိုင်းမှာလဲ ပြည်သူတွေကို စည်းရုံးဦးဆောင်ပြီး ပြည်သူတွေနဲ့အတူ တိုက်ပွဲဝင်ခဲ့ပါတယ်။ ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက ဂျပန် ဖက်ဆစ်များ မြန်မာပြည်တွင်းသို့ ကျူးကျော် ဝင်ရောက်မလာမှီထဲက ဖက်ဆစ်ဝါဒ အန္တရာယ်နဲ့ ဖက်ဆစ်ဝါဒ ဆန့်ကျင်ရေးကို တင်ပြခဲ့တယ်။ ဂျပန် ဖက်ဆစ် များမြန်မာပြည်တွင်းသို့ ရောက်ရှိလာပြန်တဲ့ အခါမှာလဲ ဖက်ဆစ်ဝါဒရဲ့ ခြိမ်းခြောက်မှုကြောင့် တုံ့လှုပ်တွန့်ဆုတ်ခြင်း အလျဉ်း မရှိဘဲ၊ ဂျပန် ဖက်ဆစ်တွေကို မြန်မာပြည်မှ မောင်းထုတ် ပစ်ဖို့၊ ဖက်ဆစ်အောက်မှ လွတ်မြောက်ဖို့ ကျယ်ပြန့်တဲ့ပြည်သူတွေကို စည်းရုံး လှုံ့ဆော်ခဲ့တယ်။ ရဲရင့်ပြတ်သားတဲ့ ရှေ့ဆောင်မှုကို ပေးခဲ့တယ်။

ကျနော်တို့ ပါတီဟာ မြန်မာပြည် လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ သမိုင်းဝင် အောင်ပွဲကြီးတပွဲ ဖြစ်ခဲ့တဲ့ ဂျပန် ဖက်ဆစ် တော်လှန်ရေးကို စည်းရုံးသူ၊ လှုံ့ဆော်သူနဲ့ ရှေ့ဆောင်သူဖြစ်တယ် ဆိုတာ ဟာလဲ တကဲ့သမိုင်း၊ တကဲ့ဖြစ်ရပ်ဖြစ်ပါတယ်။ ပဆပလရဲ့ တော်လှန်ရေးကို သစ္စာဖေါက်တဲ့၊ မြန်မာပြည်သူတွေရဲ့ အကျိုးစီးပွားကို ရောင်းစားတဲ့ မြန်မာပြည်ကို ကိုလိုနီနဲ့ ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်း ဘဝမျိုးမှာ သက်ဆိုး ရှည်စေမဲ့ ~~အောင်ဆန်း-အက်တလီ~~ နဲ့-အက်တလီစာချုပ်တို့ကို စောစွာ ကတဲက ဖွင့်ချ ပြခဲ့တယ်။ လုံးဝ လွတ်လပ်ရေးအတွက် ပြည်သူလူထုကို စည်းရုံး ရှေ့ဆောင်ပြီး ဆက်လက် တိုက်ပွဲ ဝင်ခဲ့တယ်။ "တော်လှန်ရေး .. ကောင်စီ" လို့ နာမည်တပ်ပြီး စစ်အုပ်စုက အာဏာ သိမ်းခဲ့စဉ်မှာ စစ်အစိုးရရဲ့ လူတန်းစားလက္ခဏာနဲ့ တကဲ့ရုပ်လုံးကို ဖေါက်ပြခဲ့တယ်။ စစ်အုပ်စုရဲ့ မှားယွင်း ဖေါက်ပြန်တဲ့ . ပေါ်လစီအရပ်ရပ်ကို ဖွင့်ချ ခဲ့တယ်။ ဒီကနေ့ မြန်မာပြည်သူတွေ ကြုံတွေ့နေကြရတဲ့ အကြပ်အတည်း ပေါင်းစုံရဲ့ အဓိက တရားခံနဲ့ တွေ့ရပ် .

လမ်းကို ညွှန်ပြ ခဲ့တယ်။ ဒီအတွက် မင တွက် နိုင်တဲ့ ပါတီရဲ့ သားကောင်း ရတနာ သမီးကောင်း ရတနာ များရဲ့ အသက်ပေ မြောက်များစွာကို ပေးဆပ် ခဲ့ရ ဖြစ်ပြီ မတူတဲ့ လုံ့လ ဝီရိယ ခွဲ သတ္တိနဲ့ တသမ တိုက်ပွဲဝင် လာခဲ့တယ်။ ဒါတွေ ဟာ သမိုင်း၊ တကဲ့ဖြစ်ရပ်တွေဘဲ ဖြစ်ပါတ

ဒီကနေ့ ကျနော်တို့ ပါတီဟာ ရုံနယ်ချဲ့စနစ်နဲ့ ပတ်သက်တဲ့ ကြေငြာခဲ့ မြောက် ကမ္ဘာ့ အခြေအနေကို ခွဲခြမ်းစိ ပြီး တတိယ ကမ္ဘာစစ် ဖြစ်ဖို့ အန္တရာယ် တနေ့တခြား ပိုကြီး လာကြောင်း မြန်မာ လူမျိုးပေါင်းစုံ ပြည်သူ လူထုကို ကြွယ် မဝသင့်လို့ ရှင်းရှင်း လင်းလင်း ပြော လူထုနည်းနဲ့ အဖက်ဖက်မှ ပြင်ဆင်ဘို့ ပေးနိုးဆော် နေပါတယ်။ ဆိုဗီယက် ဆို နယ်ချဲ့နဲ့ အမေရိကန် နယ်ချဲ့ဟာ မျက်မှောက် ကမ္ဘာမှာ စစ်အင်အား အကြီးမားဆုံး အ လွန် နိုင်ငံ နှစ်ခု ဖြစ်တယ်။ သူတို့ဟာ ပြည်သူများကို အကြီးမားဆုံး ခေါင်းစုတ် အကြီးမားဆုံး ဖိနှိပ်သူများ ဖြစ်တယ်။ ကို ဆွဲနှစ် လုပ်ဖို့ လုယက် နေကြတယ်။ ကြောင့် အင်အားလွန် နိုင်ငံ နှစ်ခုဟာ တ လုံးရှိ အဖိနှိပ်ခံ ပြည်သူများနဲ့ အဖိနှိ အမျိုးသား များရဲ့ အဓိက တိုက် ရမဲ့ ရန်သူ ~~ဖြစ်တယ်။ ဒီအထဲမှာ ဆိုဗီယက် ဆိုရှယ်နယ်ချဲ့~~ ~~အထိကတော့~~ တိုက်ရမယ် လို့ ကျနော်တို့ ပါတီက လဲ ညွှန်ပြ၊ တိုက်ပွဲဝင်လျက် ရှိနေပါတယ်။

(၃) ၁၉၄၆ ခုနှစ် က သခင်စိုး၊ တင်မြ ခေါင်းဆောင်တဲ့ ပါတီ ဆန့်ကျင်ရေး ဂိုဏ် ကျနော်တို့ ပါတီနဲ့ မြန်မာပြည် အလုပ်သမ တန်းစားကို ကွဲပြဲအောင် လုပ်ခဲ့ကြတ သူတို့ဟာ ဗိုလ်ဘောင် အရင်း သန့်သန့် တော်လှန်ရေး ဆီးရှူး ဆီးပန်းတွေ ဖြတ် ငင်းတို့ အလံနီ ကွန်မြူနစ် ပါတီသာလျှင် မြူနစ်ပါတီ စစ်စစ် ဖြစ်တယ် ရယ်လို့ ကု တို့ ပါတီကို အရူး အမူး လုပ်ကြံ ပုတ်ခ ဆန့်ကျင် တိုက်ခိုက် ခဲ့ကြတယ်။ တက တော့ သူတို့ဟာ မြန်မာ ပြည်မှာတည်းမဲ့ လူတန်

ရဲ့ ခေါင်းဆောင် မှုကို ဆန့်ကျင် တိုက်ခိုက်ကြ တာဘဲ ဖြစ်ပါတယ်။ အဲဒီနောက် ပြည်သူ့ရဲဘော် ပါတီ၊ ဆိုရှယ်နီဗော်တဲ့ အလုပ်သမား လယ်သမားပါ တီ၊ ဒါတင်မက တချို့ အမျိုးသား လူနည်းစု ပါတီ အချို့ကတောင် "မြန်မာပြည်မှာ စစ်မှန်တဲ့ ကွန်မြူ နစ် ပါတီတရပ် မရှိသေးဘူး။ သူတို့လဲ မာ့က်စ် လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်လက်ခံ တဲ့ ပါတီဖြစ်တယ်" ဆိုပြီး ကျနော်တို့ ပါတီနဲ့ ပခုံးချင်းယှဉ်၊ စင်ပြိုင် ပစ္စည်းမဲ့ ပါတီ အဖြစ် လုပ်လာခဲ့ကြ ပါသေးတယ်။ ဒါတွေနဲ့ ပတ်သက် လို့ခုအခါတော့ သမိုင်း လက်တွေ့က ရှင်းပြ အဖြေပေးခဲ့ပါပြီ။ အလံနီ ပါတီ ဆိုတာရဲ့ အာ ထိက ခေါင်းဆောင်များ ဖြစ်ခဲ့ကြတဲ့ သခင်စိုး၊ တင်မြ၊ အောမြ၊ ကျော်ဝင်း စတဲ့ ခေါင်းဆောင် အားလုံးဝို့ဟာ ရန်သူ့ထံ ဒူးထောက် လက်နက် ချသွားခဲ့ကြပါပြီ။ အလံနီ ပါတီဟာ ဆုတ်ယုတ် ကျဆင်း ပြိုပျက် သွားခဲ့ပါပြီ။ အလားတူပြည်သူ့ ရဲဘော် ပါတီဟာလဲ တပါတီလုံး လက်နက်ချ ပျက် စီးသွားခဲ့ပါပြီ။ ဆိုရှယ်နီဗော်တဲ့ အလုပ်သမား လယ်သမားပါတီ ဆိုတာဟာလဲ စစ်အုပ်စု အာ ဏာ သိမ်းပြီး နောက်ပိုင်း၊ မဆလ တစ်ပါတီ မှ လွှဲပြီး ပါတီ အားလုံး ဖျက်သိမ်းစေ ဆိုတာနဲ့ ဘဲ ဖျက်သိမ်းခဲ့ရလို့ ပျောက်ပျက် သွားခဲ့ပါပြီ။ ဒီ ပါတီ တွေ အားလုံးဟာ သမိုင်း အမှိုက်ပုံထဲ ရောက်သွားခဲ့ ကြပါပြီ။

ကျနော်တို့ ပါတီဟာ နိုင်ငံတကာက မာ့က်စ် လီနင်ဝါဒ ပါတီများကဲ့သို့ပင် အမှား မရှိ ခဲ့တာတော့ မဟုတ်ပါ။ ဥပမာ "ဘရောက်ဒါရဲ့ ငြိမ်းချမ်းသာယာ ဖြစ်ပေါ်ရေး"၊ "၂နှစ် အတွင်း စစ် နိုင်ရေး"၊ "ငြိမ်းချမ်းရေး ညွန့်ပေါင်း အစိုး ရ လမ်းစဉ်"၊ "၅၅ လမ်းစဉ်"တို့ ဖြစ်ပါတယ်။ ၂နှစ် အတွင်း စစ်နိုင်ရေးမှ အပ ကျန် အားလုံး ဟာ လက်ျာ အချောင်ဝါဒ လမ်းစဉ်များ ချည်းဖြစ်ပါ တယ်။ အချို့ အမှား များဟာ အလွန် နက်ရှိုင်း ခဲ့ပေမဲ့ ဝေဘန်ရေး ကိုယ့်ကိုယ် ဝေဘန်ရေး လက်နက် နဲ့ ပါတီတွင်း တိုက်ပွဲ ၊ တော်လှန်တဲ့ ပြည်သူ လူထု ရဲ့ ကူညီ မှုတို့ကြောင့် ပါတီဟာ မာ့က်စ် လီနင် ဝါဒ ပါတီ တရပ် အဖြစ်မှ ပြန် လည် ပြင်ဆင်ရေး ဝါဒ ပါတီ (သို့မဟုတ်) ဓနရှင် လူတန်းစားထဲ အညံ့ခံ လိုက်ရတဲ့ ပါတီ တရပ် အဖြစ် ဆုတ်ယုတ် ကျဆင်း ပျက်စီး မသွားခဲ့ပါ - ပစ္စည်းမဲ့ လူတန်းစား တပ်ဦး လက္ခဏာမှ ပြောင်း လဲ ပျောက်ပျက် မသွားခဲ့ပါ။ ပါတီဟာ ပါတီ တွင်းရှိ "လက်ဝဲ"၊ လက်ျာ အချောင်ဝါဒ အတူ သဖြင့် လက်ယာ အချောင်ဝါဒကို တိုက်ပွဲဆင် ရင်း ကြီးထွား ရင့်ကျက် လာခဲ့ပါတယ်။ ဗမာ ပြည် တော်လှန်ရေး သမိုင်းနဲ့ ကမ္ဘာ့ ကွန်မြူနစ် ဝါဒ လှုပ်ရှားမှု သမိုင်းက ဗမာပြည်မှာ . . . ကျနော်တို့ ပါတီသာ လျှင် စစ်မှန်တဲ့ မာ့က်စ် လီနင်ဝါဒ ပါတီတရပ်ဖြစ်ကြောင်း၊ ကျနော်တို့ - ပါတီဟာ ဘယ်လို ရန်သူ့ချိုးနှိမ်မှု ဖြိုဖျက်လို့ မရ တဲ့ ပါတီဖြစ် ကြောင်း သက်သေပြခဲ့ပါပြီ။ ဒါလဲ တကယ့် သမိုင်း ၊ တကယ့် ဖြစ်ရပ် ဖြစ်ပါတယ်။

(၄)

ကျနော်တို့ ပါတီရဲ့ "အထွေထွေ လုပ်ငန်း စဉ်"ထဲက နည်းပရိယာယ် လမ်းစဉ်နဲ့ အဓိကတိုက် ပွဲ သဏ္ဌာန် ဆိုတဲ့ အခန်းထဲမှာ အောက်ပါ အတိုင်း ဖော်ပြထားပါတယ်။

"လက်ရှိ တော်လှန်ရေး အဆင့်တွင် . . နည်းပရိယာယ် လမ်းစဉ်သည် လက်နက်ကိုင် . . တိုက်ပွဲကို အဓိက တိုက်ပွဲသဏ္ဌာန် အဖြစ်ထား၍ အခြား တိုက်ပွဲ သဏ္ဌာန် အမျိုးမျိုးနှင့် ပေါင်း စပ်ပေးခြင်း ပင် ဖြစ်သည်။"

တော်လှန်ရေး၏ အချက် အချာတာဝန် နှင့် အမြင့်ဆုံး သဏ္ဌာန်သည် နိုင်ငံရေး အာဏာ ကို လက်နက် ကိုင် အင်အားဖြင့် သိမ်းပိုက်ခြင်း ဖြစ်သည်။ တော်လှန်ရေး နှင့် ပတ်သက်သော - တလောကလုံး ဆိုင်ရာ အမှန်တရား ဖြစ်သော - ဤ မာ့က်စ်ဝါဒ - လီနင်ဝါဒ - မော်စီတုန်း အတွေး အခေါ် မူအတိုင်း ဗမာပြည်တွင်လည်း လက်နက် ကိုင် တိုက်ပွဲ ဖြင့်သာ အာဏာ သိမ်းနိုင် ပေလိမ့် မည်၊ အခြားနည်းလမ်း မရှိပေ"။

ဒါဟာလဲ ကျနော်တို့ ပါတီနဲ့ ကျနော် တို့ ပြည်သူများရဲ့ သွေးနဲ့ လဲလို့ ရရှိခဲ့တဲ့ - ခါးသီးတဲ့ သမိုင်း အတွေ့ အကြုံနဲ့ သင်ခန်းစာ တရပ် ဖြစ် ပါတယ် ။

အင်္ဂလိပ် နယ်ချဲ့သွားဟာ ဗမာပြည် ကို သူ့ လက်နက်ကိုင် တပ်နဲ့ ကျူးကျော် သိမ်း ပိုက်ခဲ့တယ်။ သူ့ လက်နက်ကိုင် တပ်ကို အဓိက အားကိုး အားထားပြုပြီး သူ့ရဲ့ အုပ်စိုးမှုကို -

နှစ်ပေါင်း (၁၀၀) ကျော် ထိန်းသိမ်းထားခဲ့တယ် အင်္ဂလိပ် နယ်ချဲ့သမားက ဗမာပြည်မှာ ကျင့်သုံးခဲ့တဲ့ ဓနရှင် ဒီမိုကရေစီနဲ့ လွှတ်တော် ဆိုတာတွေဟာ ဟန်ပြသာဖြစ်ပါတယ်။ သူ့ရဲ့ အရင်းခံ အကျိုးစီးပွားကိုတော့ နံနံမှ ထိပါး မခံခဲ့ပါ။ သူ့ ပုလိပ်တပ်၊ စစ်တပ်တွေကို - မသုံးခဲ့တဲ့ အချိန်အခါတွေ ရယ်လို့ မရှိခဲ့ပါ ဗမာပြည်မှာ သုံးနှစ် သုံးမျိုး လာအုပ်စိုးသွားတဲ့ ဂျပန် ဖက်ဆစ်တွေဟာလဲ ဒီလိုပါဘဲ။ သူတို့ကတော့ ဓနရှင် ဒီမိုကရေစီ တောင် မပေး၊ ပိုဆိုး ပြောင်ကျ လှပါတယ်။ ဂျပန် ဖက်ဆစ် တော်လှန်ရေး ပြီးတဲ့နောက် ဖဆပလ ထဲက ဓနရှင် လူတန်းစားဟာ တဖက်က လူထုရဲ့ အုံကြွမှုကို ကြောက်၊ အခြားတဖက်က ဂျပန်တော်လှန်ရေး အောင်သီးအောင်မှုန့်တွေကို လုယူဘို့ "၁၉၄၈ ခုနှစ် လွတ်လပ်ရေး မပေးမှီ" အိမ်စောင့် အစိုးရလက်ထက်မှာ စပြီး ကိုယ့်တပ်ကို ပြန် နှိုး လာခဲ့ပါတယ်။ အားစရာ မရှိလို့ ဆန်တောင်းတဲ့ လက်နက်မဲ့တဲ့ လယ်သမားတွေကို ရက်ရက်စက်စက် သေနတ်နဲ့ ပစ်၊ နှိပ်ကွပ်ခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ စပြီး ပေါက်ပြန်တဲ့ ပြည်တွင်းစစ်ကို စတင်ခဲ့ပါတယ်။ ကျနော်တို့ပါတီဟာ တော်လှန်တဲ့ ပြည်တွင်းစစ်နဲ့ ခုခံ ကာကွယ် တိုက်ခိုက် ခဲ့ရပါတယ်။

အရင်းခံ အကျိုးစီးပွားခြင်း မတူတဲ့ လူတန်းစားများ အကြား မပြောနဲ့ အရင်းခံ အကျိုးစီးပွားခြင်း တူညီကြတဲ့ ဓနရှင် လူတန်းစားခြင်းမှာ အုပ်စုတစုနဲ့ အခြား အုပ်စု တစု အကြား အာဏာ လုကြရာမှာ လက်နက်ကိုင် - တပ်ကိုဘဲ၊ အဓိက အားကိုး အားထားပြုခဲ့ကြပါတယ်။ နေဝင်းစိန်းလွင် စစ်အုပ်စုဟာ သူတို့ ကိုင်ထားတဲ့ စစ်တပ်ကိုသုံးပြီး ဦးနု အုပ်စု လက်ထဲမှ အာဏာကို လုယူခဲ့ပါတယ် ။ အခု ဒီစစ်တပ်နဲ့ဘဲ သူတို့ရဲ့ အုပ်စိုးမှုကို - ထိန်းသိမ်း ကာကွယ် နေပါတယ်။ စစ်အစိုးရ တက်လာပြီးခဲ့တဲ့နောက် "အမျိုးသား စည်းလုံးညီညွတ်ရေး ဥပဒေ" ဆိုတာကို ထုတ်ပြန်ကာ မဆလ တပါတီဝါဒ ကိုသာ တရားဝင်တည်ရှိခွင့် ပေးပြီး ကျန်ပါတီအားလုံးကို ဖျက်သိမ်းပစ်ခဲ့ပါတယ်။ မဆလမှ အပ အခြားပါတီတွေကို တရားဝင် တည်ရှိခွင့် မပေးတော့ပါ။ တချိန်ထဲမှာ ကျနော်တို့ ပါတီနဲ့ ဗမာပြည် တော်လှန်ရေးကို အပြီးအပိုင် ချေမှုန်းပစ်ဖို့ အကြံနဲ့ ပြည်တွင်းစစ်ကို ပိုမိုတိုးချဲ့တိုက်ခဲ့ပြန်တယ်။ မကြာသေးမီကလဲ ဒီအကြံ - ယုတ်နဲ့ဘဲ နိုင်ငံတော်ကောင်စီ အမိန့် အမှတ် ၂/၈၀ ကို ထုတ်ပြန်ပြီး ပေါက်ပြန်ရေး အင်အားစုများကို ပြန်စုစည်းဘို့ ကြိုးစား လှုပ်ဆောင် လာပြန်တယ်။ သူတို့ဟာ ကွန်မြူနစ်ပါတီနဲ့ ကွန်မြူနစ် ပါတီက ခေါင်းဆောင်တဲ့ တော်လှန်ရေးကို ချေမှုန်းပစ်ရေး ဆိုတဲ့ အကြံဆိုးကို ဘယ်တော့မှ စွန့်ပစ်ကြမှာ မဟုတ်ဘူး။ သူတို့ လက်ထဲက လူသတ် ဓါးကို ဘယ်တော့မှ ချကြမှာ မဟုတ်ဘူး။

ကျနော်တို့ ပါတီဟာ ဂျပန် ဖက်ဆစ် တော်လှန်ရေး ပြီးတဲ့နောက် လက်နက်ကိုင် တိုက်ပွဲနဲ့ လက်နက်ကို စွန့်ပစ်ခဲ့တဲ့ အတွက် ဂျပန်တော်လှန်ရေး အောင်သီးအောင်မှုန့် အားလုံး လိုလို လက်လွှတ်ဆုံးရှုံး ခဲ့ရပါတယ်။ ဗမာပြည် တော်လှန်ရေး အောင်ပွဲနဲ့ ဝေးသွားခဲ့ရပါတယ်။ ဒီ ပြန်လည်ပြင်ဆင်ရေး ဝါဒ လမ်းစဉ် ကြောင့် လဲ ကြီးမားတဲ့ ဆုံးရှုံးမှုကြီးများ ဖြစ်ခဲ့ရပြန်တယ်။

ဒါပေမဲ့ ကျနော်တို့ ပါတီရဲ့ သမိုင်းဟာ အဓိက အားဖြင့် လက်နက်ကိုင် တိုက်ပွဲ သမိုင်းဖြစ်ပါတယ်။ ပါတီ သက်တမ်း (၄၁) နှစ်ထဲက (၃၂) ကျော်ဟာ လက်နက်ကိုင် တိုက်ပွဲကို စွဲစွဲမြဲမြဲ ကြံ့ကြံ့ ခိုင်ခိုင် ဆက်တိုက် ဆင်နွှဲ လာခဲ့ပါတယ်။ ဒါဟာ ကျနော်တို့ ပါတီ၊ ကျနော်တို့ ပြည်သူတွေ ဂုဏ်ယူအပ်တဲ့၊ ဂုဏ်ပြောင်တဲ့ တော်လှန်ရေး အစဉ်လာ ကောင်း ဖြစ်ပါတယ် ဒီ (၃၂) နှစ်သာ မက ဂျပန် ဖက်ဆစ်တွေ စိုးမိုးခဲ့တဲ့ -၃- နှစ်တာ ကာလ အတွင်းမှာ လဲ ဂျပန် ဖက်ဆစ် တော်လှန်ရေး အတွက် ပြည်သူ လူထုကို စည်းရုံး လှုံ့ဆော်ခဲ့တယ်။ ပြင်ဆင်ခဲ့တယ်။ စစ် သင်တန်းတွေ လျှို့ဝှက်ဖွင့်ခဲ့တယ်။ နောက်ဆုံး ဂျပန် ဖက်ဆစ်တွေကို လဲ လက်နက်ကိုင် တိုက်ခဲ့တယ်။ ဥပဒေတွင်း ၃-နှစ် ကာလ အတွင်းမှာ လဲ နယ်တွေမှာ

ပေါ်ပေါက်နေတဲ့ လယ်သမား သူပုန်တွေကို အကာ အကွယ် ပေးခဲ့တယ်၊ ထောက်ခံခဲ့တယ်၊ ကူညီခဲ့တယ်၊ ရှေ့ဆောင်မှု ပေးခဲ့ပါတယ်။


အထက်မှာ ဖော်ပြခဲ့တဲ့ အကြောင်း အချက်တွေကြောင့် ဗမာပြည်မှာ လက်နက်ကိုင် တိုက်ပွဲ မရှိရင် ပစ္စည်းမဲ့ လူတန်းစား အတွက် အဆင့်နေရာ မရှိနိုင်၊ ဗမာပြည် ကွန်မြူနစ်ပါတီ မတည် ရှိနိုင်၊ တော်လှန်ရေးလဲ ... မအောင်နိုင်၊ ဗမာပြည် လူမျိုးပေါင်းစုံ ပြည်သူတွေရဲ့ အဝ လွတ်မြောက်ရေးလဲ ရနိုင်မှာ မဟုတ်ဘူး ဆိုတာဟာ သဘောတရားသက်သက်နဲ့ နိုင်ငံတကာ တော်လှန်ရေးများရဲ့ အတွေ့အကြုံ အရသာ မဟုတ် ကျနော်တို့ ဗမာပြည် တော်လှန်ရေးရဲ့ လက်တွေ့ရဲ့ အတွေ့အကြုံ သင်ခန်းစာနဲ့ တကွ ဖြစ်ရပ်ဘဲ ..ဖြစ်ပါတယ်။

(၅)

ဗမာပြည် ကွန်မြူနစ်ပါတီမှ တဆင့် ဖြစ်တဲ့ ပစ္စည်းမဲ့ လူတန်းစားရဲ့ ခေါင်းဆောင်မှု ရှိရင် ဗမာပြည် တော်လှန်ရေး အောင်ပွဲ ရဖို့ အာမခံချက် ရှိပါတယ်။

ခုအခါ ကျနော်တို့ ချီတက်ရမဲ့ .. လမ်းခရီးဟာ အကွေ့ အကောက်၊ အတက် အဆင်း အခက်အခဲများနဲ့ ပြွန်းတည်းနေပေမဲ့ ဗမာပြည် တော်လှန်ရေးရဲ့ ရှေ့အလား အလာဟာ အင်မတန် တွန်းလင်း တောက် ပြောင်လှပါတယ်။

ဗဟို ကော်မတီ နိုင်ငံရေး ဦးဆောင် အဖွဲ့ရဲ့ နိုင်ငံရေး အစီရင်ခံစာမှာ တင်ပြ ထားတဲ့ တာဝန်ကြီး ၅-ရပ်အနက် က ဒုတိယ တာဝန်မှာ "ကျနော်တို့ ပါတီကို လီနင် တည်ဆောက်ခဲ့တဲ့ ပါတီလို တွေးခေါ်မှုအရ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လုပ်ဟန် အရ ဘက်ပေါင်းစုံက ပိုမို ကြံ့ခိုင် တောင့် တင်း လာအောင် တည်ဆောက် နိုင်ဖို့ဖြစ် တယ်။ ဒီအချက်ဟာ တော်လှန်ရေး အောင် နိုင်ဖို့အတွက် ဗဟို အချက်အချာဖြစ်တယ်" လို့ ညွှန်ပြ ထားပါတယ်။



၎င်း နိုင်ငံရေး အစီရင်ခံစာ အခန်း (၃) ငါ့တို့ တာဝန်များ ဆိုတဲ့ အပိုင်းထဲမှာလဲ "တော်လှန် ရေး အောင်မြင်ဖို့ အတွက် အရေးကြီးတဲ့ အချက်တွေဟာ ဘက်ပေါင်းစုံမှာ ကြံ့ခိုင် . . တောင့်တင်းပြီး ရှေ့ဆောင်မှုပေးနိုင်တဲ့ ဗဟို ကော်မတီ အဖွဲ့တဖွဲ့လို . . . နိုင်ငံရေး ဦးဆောင် အဖွဲ့ဟာ ဘက်ပေါင်းစုံမှာ ကြံ့ခိုင် တောင့် . တင်းပြီး ရှေ့ဆောင်မှုပေးရန်လို။ အလားတူ ဘဲ ကျန်ပါတီ ခေါင်းဆောင် အဖွဲ့ အဆင့်ဆင့် ဟာလဲ ကြံ့ခိုင် တောင့်တင်းဖို့" လို့ ဖော်ပြ ထားပါတယ်။ "ခေါင်းဆောင်မှု ပိုင်းက မာက်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် တလောကလုံး ဆိုင်ရာ အမှန်တရားနဲ့ ဗမာပြည် တော်လှန်ရေး လက်တွေ့ အခြေအနေကို မှန် ကန်စွာ ပေါင်းစပ် နိုင်တာနဲ့ အမျှ ကျနော် တို့ တော်လှန်ရေးဟာ ကေန်မချွတ် အောင်ပွဲ ရပါလိမ့်မယ်" လို့လဲ ညွှန်ပြ ထားပါတယ်။

နိုင်ငံရေး အစီရင်ခံစာ အပိုင်း -၄- နိဂုံးမှာလဲ အောက်ပါ အတိုင်း တင်ပြထားပါ တယ်။ "လူထုကို မှီခိုရင်၊ လူထုကို အုံကြွ လာအောင် စည်းရုံးနိုင်ရင် လူထု ကိုယ်တိုင် ပြည်သူ့စစ်ပွဲထဲမှာ ပိုမို ပါဝင် လာရင်၊ လူထု နဲ့ မကင်းကွာရင် ကျနော်တို့ တော်လှန်ရေး ဟာ ဘယ်နည်းနဲ့မှ မရှုံးတဲ့ အပြင် နောက်ဆုံး မှာ အောင်ပွဲ ခံရမယ် ဆိုတာ သေချာပါတယ်"

"ကျနော်တို့ တတွေဟာ အဓိက အားပြင့် မိမိ အင်အားကို ကြီးထွား အောင် လုပ်ပြီး . . ညီညွတ်နိုင်သမျှ အင်အားစုများနဲ့ ညီညွတ်ကာ အတွေးအခေါ်အရ၊ နိုင်ငံရေး အရ မှန်ကန်တဲ့ လမ်းစဉ်နဲ့ အပိုင်း ၃ မှာ ဖော်ပြ ထားတဲ့ တာဝန်ကြီး ၅ ရပ်ကို ကျနော်တို့ ကွန်မြူနစ်တွေ ရဲ့ ဖွဲ့နည်းနဲ့ ပေါင်းပြီး ၄၈-၄၉ စိတ်ဓါတ်နဲ့ ဆက်လက်ပြီး တိုက်ခိုက် အကောင် အထည် - ဖော်သွားရင် အောင်ပွဲဟာ ကျနော်တို့ လက်ထဲ က ပြေး မလွတ် ပါဘူး"

"ဗမာပြည် ကွန်မြူနစ် ပါတီရဲ့ တော်လှန် ရေး အစဉ်လာ ကောင်းတွေ ကို ဖွံ့ ဖြိုး တွန်းကား စေပြီး တော်လှန်ရေးကို အဆုံးတိုင် ဆင်နွှဲ သွားကြ ပါစို့"

ဥက္ကဋ္ဌ သခင် ဗသိန်းတင် ဦးဆောင်ပြုတဲ့ ပါတီ ဗဟို ကော်မတီရဲ့ ပတ်လည်မှာ တပါတီလုံး သွေးစည်း ညီညွတ်ပြီး အောင်ပွဲ အရယူ ရေးအတွက် ချီတက် ကြပါစို့။

ဗမာပြည် ကွန်မြူနစ် ပါတီ အသက် ရှည် ပါစေ!။

# ကျွန်မတို့ရဲ့သေနတ် ကျနော်တို့ဦးခေါင်း

အောင်ကြီး

ဝါကြန့်ကြန့် ရေခဲဆီးဖီးချွက်ရဲ့ အလင်းရောင်ပဲဟာ မှေးမှိန် လွန်းတယ်လို့ ထင်ရပေမဲ့ တက်ကြွတဲ့ - အားမာန်ပါတဲ့ ရှူးရှူး စိုက်စိုက်ရှိတဲ့ သူတို့ လေးတွေရဲ့ မျက်နှာတွေကိုပြတ်ပြတ် ထင်ထင်ဘဲ တွေ့မြင် ရပါတယ်။ မှေးမှိန်လှတဲ့ အလင်းရောင် အောက်မှာ တောင်မ သူတို့ ဦးထုပ် ထက်က ကြယ်နီဟာ တောက်ပ လွန်းလှပါတယ် သူတို့ လေးတွေရဲ့ လက်ထဲမှာ သေနတ်ကို မြဲမြဲစွာ ဆုပ်ကိုင် ထားကြပါတယ်။

သူတို့ အားလုံး စုစုပေါင်း ကိုးယောက် ရှိပါတယ် မဟာပြည် ကွန်မြူနစ်ပါတီ ပြည်သူ့ တပ်မတော် တပ်ဖွဲ့တခုရဲ့ ကင်းတပ်ခွဲ-တပ်စိတ် ၅ က ရဲဘော်လေးတွေပါ။

“အခု နေဝင်းက ပြောနေတယ် - ကျနော်တို့ကို လက်နက် ချ ပါတဲ့ သေနတ် မထမ်းနဲ့ တဲ့ .. ဒါ မဖြစ်ပါဘူး ကျနော်တို့ သေနတ် မရှိရင် - သေနတ် ကိုင်မထားရင် လူဆိုးတွေ ပြန်လာ လိမ့်မယ်”

ဆမ်ရုံး ဆိုတဲ့ ဝရဲဘော်လေးရဲ့ ပြောစကားကို ကျန်တဲ့ ရဲဘော်တွေဟာ - စိတ်ဝင်တစား ရှူးရှူး စိုက်စိုက် နားထောင် နေပါတယ် သူတို့ လေးတွေရဲ့ စိတ်ဝင်စားမှုကို သူတို့ရဲ့ မျက်နှာတွေက အထင်းသား ဖော်ပြနေပါတယ် ဆမ်ရုံးရဲ့ စကားသံ ဆက်လက် ပေါ်ထွက်လာ ပါတယ်။

“အရင်တုန်းက ကျနော်တို့ ဝန်းယံ ပြောက်ပိုင်းမှာ - သူကြီး ဆိုးတွေ ရှိတယ် သူတို့က ကျနော်တို့ ဆင်းရဲသားတွေကို ခေါင်း ဖြတ်တယ်၊ အဲဒီတုန်းက ကျနော်တို့ ဆင်းရဲသားတွေမှာ စားစရာ မရှိပါဘူး”

ဆမ်ရုံးရဲ့ အသံဟာ ဝမ်းနဲ့ ကြေကွဲမှုနဲ့၊ လှိုင်းထ နေပါတယ်။ ဒါပေမဲ့ တခဏထဲ ဒေါသသံနဲ့ - နာကျည်းမှုနဲ့ ဝေနေခဲ့တဲ့ သူ့အသံဟာ ဆက်ပြီး ပေါ်ထွက် လာနေပါတယ်။

“ဒါပေမဲ့ - ခုတော့ ကျနော်တို့ အခြေအနေ - ဆိုးနဲ့ပြေ ပြောင်းပြန် ကျွန်သလို ပြောင်းသွားပါပြီ၊ ကျနော်တို့ ဒေသကို . . ကွန်မြူနစ် ပါတီ ရောက်လာပြီး ပြည်သူ့တပ်မတော်က ဒီလူဆိုးတွေကို - တိုက်ထုတ်လိုက်တဲ့ နောက်ပိုင်း ကျတော့ ကျနော်တို့ ခေါင်းဖြတ် မခံရတော့ဘူး၊ စားစရာ တွေလဲ ရလာတယ်၊ ဒါ ကျနော်တို့ ဆင်းရဲသားတွေ သေနတ် ကိုင် တိုက်လို့ဘဲ . ကျနော်တို့မှာ သေနတ် မရှိရင် ပြန်ပြီး ခေါင်းဖြတ် ခံရလိမ့်မယ် စားစရာလဲ ရှိမှာ မဟုတ်ဘူး”

၁၉၈၁ ခုနှစ် မေလ ၂၇ ရက်နေ့က စစ်အစိုးရ ဝပ်ယ်သီး နေဝင်းက တိုင်းပြည်ကို မိန့်ခွန်းတခု ပြောပြီး ဒါကို အကောင်အထည် ဖော်ဖို့ နိုင်ငံတော် ကောင်စီ ဆိုတာရဲ့ ကြေငြာချက် ၁/၈၀ နဲ့ ၂/၈၀ ဆိုတာကို ထုတ်ပြန် သွားခဲ့ ပါတယ်။ စစ်အစိုးရဟာ (ကွန်မြူနစ် ဆန့်ကျင်ရေး၊ ပြည်သူ့ ဆန့်ကျင်ရေး) ဖောက်ပြန်တဲ့ ပြည်တွင်းစစ်ကို တဆင့်တိုး တိုက်ဖို့ တော်လှန်ရေး အင်အားစုတွေရဲ့ တိုးချက်မှုကြောင့် ချိနဲ့ လာတဲ့ သူ့ရဲ့ အားကို ဖြည့်ဖို့ ဖေါက်ပြန်ရေး မဟာမိတ်တွေ စုစည်းယူဖို့ အပြင် - လွတ်ငြိမ်း ချမ်းသာခွင့် ဆိုတာနဲ့ တော်လှန်ရေး အင်အား စုတွေကို နိုင်ငံရေး အရဖြိုခွဲဖို့ ကြံစည် လာခဲ့ ပါတယ်။

ဒါနဲ့ ပတ်သက်ပြီး - မဟာပြည် ကွန်မြူနစ်ပါတီ ပြည်သူ့ တပ်မတော်ထဲမှာ အောက်ခြေထု အထိ ချပြပြီး အကြေအလည် ဆွေးနွေးကြပါတယ်၊ လက်တွေ့ထဲက အမှန် ရှာကြပါတယ်၊ ဆမ်ရုံးတို့ တပ်စိပ် ၅ မှာလဲ . . .

ဒါနဲ့ ပတ်သက်ပြီး ဗမာပြည် ကွန်မြူနစ်ပါတီ .. ပြည်သူ့ တပ်မတော်ထဲမှာ ဒေါက်ခြေထု အသိ ချုပ်ပြီး . အကြေအလည် ဆွေးနွေးကြပါတယ် နေဝင်း စန်းယုစစ်အစိုးရရဲ့ ဖိနှိပ်ချိုးဖောက် မှုတွေကို ဖော်ထုတ် ဖွင့်ချ ခဲ့ကြပါတယ်။ ရန်သူ ရဲ့မမှန်ကန်တဲ့ သဘောထားကိုလဲ ဖော်ထုတ် ခဲ့ပါတယ်။

ဆမ်ရုံးတို့ တပ်စိပ် ၅-ပတ်ထဲ ဒီပြဿနာ ကို ဆွေးနွေး နေကြပါတယ်၊ လက်တွေ့ထဲက အမှန်ရှာ နေကြပါတယ်။ အမှန်တရားရဲ့ စံ ထားချက်ဟာ လက်တွေ့ပါဘဲ၊ ဘယ်သူမှ ငြင်း ပယ်လို့ မရပါဘူး။

"ဟုတ်တယ် ကျနော်တို့ ဝနယ် မြောက် ပိုင်းမှာ သူကြီး ဆိုးသာ မကဘူး - စစ်အစိုးရ ကြေးစားတပ်တွေ ဝင်လာရင်လဲ အချိုး ချိုး ဖိ နှိပ် တော့တာပဲ၊ ကျနော်တို့ဆီက ငွေတွေ၊ဆန် တွေ စပါးတွေ အကုန် လုပြီး ယူသွားတာပါဘဲ ဒီသူကြီး ဆိုးတွေနဲ့ ကြေးစား တပ်တွေဟာ မှုလင်းတူ ဘူးခို့ တွေပါဘဲ"

ဆမ်ရုံး စကားကို ဝနယ်ထဲသား - ဖြစ်တဲ့ ရဲဘော် ဥဒီရိုင်းထင် ဆက်ပါတယ်။

"ဒီတော့ ကျနော်တို့ ဆင်းရဲသား တွေ ငတ်ခဲ့ရတယ်၊ သေခဲ့ရတယ်၊ ပါတီက ခေါင်းဆောင်ပြီး သေနတ်နဲ့ ပြန်ချမှ ကျနော်တို့ ကောင်းကောင်း စားနိုင် နေနိုင်တယ် ဒါကြောင့် မို့လဲ ကျနော်တို့ သေနတ်ကို ချစ်ရမယ် - သေ နတ်ကို မချရဘူး၊ ပါတီရဲ့ စကားကို နားမထောင် ကြဖို့ အတွက် နေဝင်း ပြောတာ ရန်သူက လိမ် ပြောတာ ဖြစ်တယ်။

တပ်စိပ် အစွန်ဆုံး ဒေါင့်မှာ ထိုင် နေတဲ့ အရွယ်နဲ့ မလိုက်အောင် တည်ငြိမ် အေး ဆေးတဲ့ ရဲဘော် အိုက်ခန်းက

"ကျနော် နဲ့နဲ့ ပြောမယ်၊ ကျနော် တို့ ဒေသတွေမှာ အရင်က ဖိနှိပ် ရမ်းကား နေတာတွေကို မကောင်းဘူးလို့ ပြောလဲ မရ ခဲ့ဘူး၊ စကားတောင် ကျယ်ကျယ် ပြောဘို့ အခွင့် မရှိခဲ့ဘူး၊ ပါတီ ရောက်လာမှ ကျနော်တို့ ဆင်းရဲသား တွေ ထလာ နိုင်တာ ဖြစ်တယ်"။

လေ အာရှိန်ကြောင့် ငြိမ်းသွားတဲ့ ရေနံဆီ မီးခွက်ကို တပ်စိပ်မှူး ရဲဘော် . . . အိုက်ခွေးက ပြန်ထွန်း လိုက် ပါတယ်၊ ရဲဘော် အားလုံးရဲ့ မျက်လုံးတွေက ဆိုက်ခမ်းကို ကြည့် နေကြပါတယ်၊ အပြင်က လေတိုးသံ သစ် ရွက် လှုပ်သံတွေဟာ၊ သူတို့ အာရုံကို ရိုက် ခတ်ခြင်း မပြုနိုင်ပါ၊ တနေ့ကုန် ထွက်လုပ်ရေး ဌာနထဲမှာ မောပန်း လာခဲ့ပေမဲ့ . သူတို့လေး တွေဟာ - ဆွေးနွေးပွဲမှာ လဲ တက်တက်ကြွကြွ ပါဘဲ။

"ပါတီ ရောက်လာမှ . ကျနော်တို့ ထ လာနိုင်တာ ဖြစ်တယ် ပါတီ စကားကို နားထောင် ရမယ်၊ သေနတ်ကို ချစ်ရမယ်၊ ဒီသေနတ်နဲ့ . ရန်သူကို တိုက်ရမှာ ကျနော်တို့ ဒေသမှာ ဒီ ရန်သူတွေ လူဆိုးတွေက ခေါင်းဖြတ်တယ်။ ရှိတာ အကုန် ယူတယ်၊ ကျနော်တို့ ဆီမှာ သေ နတ် မရှိရင် မဖြစ်ဘူး၊ သေနတ် ချယမ်းလို့ မ ဖြစ်ဘူး၊ သေနတ်ကို ရန်သူ့ လက်ထဲ အပ်လိုက် ရင် မဖြစ်ဘူး ကျနော်တို့မှာ စားစရာ ဝတ်စ ရာ ရှိတော့မှာ မဟုတ်ဘူး၊ ကျနော်တို့ စ ကားပြောဘို့ အခွင့်အရေးတွေလဲ ရှိမှာ မ ဟုတ်ဘူး"။

သူတို့ လေးတွေရဲ့ အသက် ငယ်ရွယ် ပါသေးတယ် ခယ်ခြောက် ခယ်ခုနှစ်လောက် ဘဲ ရှိပါသေးတယ်၊ ဒါပေမဲ့ အရွယ်နဲ့မလိုက် အောင်ကြမ်းတမ်းတဲ့ ဘဝကို သူတို့ ဖြတ်ခဲ့ပါ ပြီ ဒီဘဝကဘဲ သူတို့ကို အသိပညာတွေပေး ခဲ့ပါတယ် မလွတ်မြောက်ခင်ကနဲ့ လွတ် မြောက်ပြီးတဲ့ နောက်ပိုင်း သူတို့ဘဝ အခြေ အနေတွေကို သူတို့ ကောင်းကောင်း သိပါတယ် သူတို့ လေးတွေထဲက အများစုဟာ ငယ်ရွယ် စဉ် ကတည်းက ဖခင် မရှိကြတော့ပါ ဝနယ် သူကြီး ဆိုးတွေ၊ မြေရှင်၊ ဒူဝါ၊ စော်ဘွားတွေ ရဲ့ ဖိနှိပ်မှု၊ သွေးစုပ်မှု၊ ခေါင်းဖြတ်မှုတွေ နေဝင်း စစ်အစိုးရ ကြေးစား တပ်တွေရဲ့ - လု ယက်၊ ရမ်းကား သတ်ဖြတ်မှုတွေ၊ သူတို့ ခံစားခဲ့ရ တွေ့ကြုံခဲ့ရ ပါတယ် ခုတော့ ပါတီ က သူတို့ ဒေသတွေကို လွတ်မြောက် စေခဲ့ပါ ပြီ ပါတီဟာ လွတ်မြောက်တဲ့ ဒေသ ပြည်သူ တွေ ဒါသီး ခံစားရတဲ့ သွေးစုပ်မှု အမျိုးမျိုး ကို တိုက်ဖျက်ပြီး၊ သူတို့ရဲ့ ထုတ်လုပ်ရေး မြင့် တက်အောင်၊ နေထိုင်မှု ဘဝ ကောင်းအောင် ရှေ့ဆောင်ခဲ့ သလို မိဘမဲ့ သူတို့လေးတွေကို

ရှုစုစည်း ဖွေးဖြူ ပေးပါတယ်၊ မညာ ပေး ပြုစု ပျိုးထောင် ခဲ့ပါတယ်။

သူတို့ ပေးရှုယ်ကြာသေးပေမဲ့ သူတို့ ဘဝက နက်နက် ရှိုင်းရှိုင်း ပေးလိုက်တဲ့ အသိ ကြောင့် နေ့ဝင်း လိမ်လို့ သွေးဆောင်လို့ မရပါဘူး၊ သူတို့ လေးတွေရဲ့လမ်းကြောင်း ဟာ ရှင်း လင်း ပါတယ်။

"ကြေးစား တပ်တွေ ကျနော်တို့ မှန်း သတ်ဖို့ ရှိတုန်းက နေ့တိုင်း ရှုထုဆီက ကြက်ဆင် စား - ပန္နသီး လုံးနဲ့ ရှိတာ အကုန် ယူသွားဘဲ ပြေရှင်း ဥပါတွေ ဂဏ် နည်းချိုး စုံနဲ့ သွေး စုတ်တာဘဲ၊ ကျနော်တို့မှာ စားစရာ ဝတ် - စရာ မရှိဘူး၊ ပါတီ ရောက်မှ ကျနော်တို့ လွတ်မြောက်တယ်၊ ကျနော်တို့ သေနတ် မ ထမ်းရင် မဖြစ်ဘူး၊ ရန်သူ ပြုတ်တဲ့ အထိ ဒီ သေနတ် နဲ့ဘဲ တိုက်သွား ရမယ်။"

ရှမ်းရဲဘော်လေး ယီဖော်က တီး တိုး ညင်သာစွာ ဝင်ပြော လိုက်တဲ့ အသံဟာ ရဲဘော်တွေရဲ့ နှလုံးသားကို ရိုက်ခတ်သွားပါ တယ်၊ သူ့ စကား အဆုံးမှာ - တခါ ရဲဘော် အိုက်နီက . . .

"ဟုတ်တယ်၊ ဒီသေနတ်နဲ့ ရန်သူ ကို တိုက်ရမယ်၊ သေရမှာ ကြောက်စရာမလို ပါဘူး၊ ပါတီ မရှိခင် ကျနော်တို့ အာခါဒေသမှာ လဲ သူကြီး ဆိုးတွေ - ကြေးစား တပ်တွေရဲ့ နှိပ် စက်တာ သတ်ဖြတ်တာ ခံရတာ - ရဲဘော်တို့ ဒေသတွေ မှာလိုပါဘဲ၊ ဆင်းရဲတာ၊ ငတ်တာ အသက်ခံရတာ၊ အာဟူတူပါဘဲ ဒီကောင်တွေ ရဲ့ နှိပ်စက်မှု အောက်မှာ - လည်စင်း အသေခံမ လား၊ တိုက်ပြီး အသေခံ မလား၊ ကျနော်တို့ တိုက်ပြီး သေမယ် တိုက်ပြီး အောင်ပွဲ ယူမယ်"

ဘဝတူ ရှုတန်း စားက ရဲဘော် ရဲ့ ခံစား ချက်ဟာ တခြား ရဲဘော်တွေကိုလဲ ကူးစက် သွားပါတယ်၊ သူတို့ လေးတွေ ရဲ့ - ပြော ခဲ့ ဆွေးနွေး ချက်တွေဟာ ရိုးစင်းပါတယ် ကြီးကျယ်တဲ့ အာဘော်မဲ့ စကားလုံး တွေတော့ မပါ ပါ ဒါပေမဲ့ သူတို့ဟာ သူတို့ ခြင်တွေ့ ရတဲ့ တကဲ့ ဘဝ ထဲက အဖြစ် အပျက်တွေ ကို အရိုး အခင်း ခုံး ဖော်ပြကြ တယ်၊ ထပ် ဖြန့် တလဲလဲ တင်ပြကြတယ်၊ ပါတီရဲ့ စကား ကို သူတို့ နား ထောင်ကြတယ်၊ ဒီ အခြေခံ ပေါ်က နေပြီး - သူတို့ လေးတွေရဲ့ သိမြင် မှု ရေချိန် တွေးခေါ်မှု ရေချိန် မှာ မြင့်တက် လာပါတယ်။

"ကျနော်တို့ သေနတ်ကိုင်တိုက် မှ လူဆိုးတွေကို ချေမှုန်း နိုင်တယ်၊ ခင်း ရဲ့ သားတွေ ဂယ်သွား တွေ လွတ်မြောက် ဖယ် နေ့ဝင်းက သေနတ်မကိုင်ခိုင်းတဲ့၊ သူတို့ က လူထု ကောင်းစား အောင် လုပ်နေတယ် ဒါ လိမ်တာ၊ ကျနော်တို့ကို လိမ်နေတာဘဲ ကျနော်တို့ မှာ သေနတ် မရှိရင် ပါတီ မရှိ ရင် ကျနော်တို့ ခင်းရဲ့သားတွေ ငတ် မွတ် ဘဲ သေရမှာပါဘဲ"။

အိုက်နီဟာ ခဏ နားပြီး သူ့ စကားကို ဆက်ပါတယ် နိုးရန့်တွေ သင်း နေတဲ့ လေဟာ ဖြေးညှင်းစွာ တိုက်ခတ်နေ ပါတယ်။

"ဒါကြောင့် ကျနော်တို့ သေနတ် ကို မြဲမြဲ ကိုင်ရမယ်၊ ပါတီ စကားကို နား ထောင်ရမယ်၊ စည်းကမ်း လိုက်နာရမယ် ပါတီ ပေးတဲ့ တာဝန်ကို ညီညီညာညာ ညွတ်ညွတ် နဲ့ ကောင်းကောင်း အောင်မြင်အောင် ကြိုးစား သွားရမယ်။"

"ဟုတ်တယ် ကျနော်တို့ နယ် တောင်ပိုင်းမှာလဲ ရန်သူ ရောက်လာခင် တွေ့ သမ္ဗုကြက်တွေ၊ ဝက်တွေ၊ ဆန်တွေ၊ ငွေတွေ အကုန် လု ယူတာဘဲ မပေးရင် ရိုက်တယ် သေနတ်နဲ့ ပစ်သတ်တယ်၊ အချို့ ဘွဲ့း တွေ ကိုလဲ ဖော်ကားတယ် ဒါကြောင့် အခုရင်က ရန်သူ ရောက်လာတယ် ကြားရင်၊ ပန္နသီး တွေ ယူပြီး တောထဲကို ထွက်ပြေးရတာ ဘဲ"

ဒီစကားကို ပြောနေတဲ့ ရဲဘော် အိုက်ရှမ်ရဲ့ မျက်လုံး ချွားပေ ဝင်းလက် တောက်ပ နေပါတယ်၊ ဒီ ရက်စက်ကြမ်း ကြုတ်လှတဲ့ မြင်ကွင်းတွေဟာ သူ့တသက် မှာ မမေ့နိုင်ပါ။

"သူကြီး ဆိုးတွေ ကြေးစားတွေ က ကျနော်တို့ ခင်းရဲ့ သားတွေရဲ့ ခေါင်းကို ဖြတ်တယ်၊ ပါတီ ရောက်လာမှ ကျနော်တို့

အရွေ့ အနေ ပြောင်းလာခဲ့တယ်၊ သေနတ်နဲ့ ကျနော်တို့ ခေါင်းဟာ အတူတူပဲ သေနတ် မရှိရင် ကျနော်တို့ ခေါင်းလဲ ရှိမှာ မဟုတ်ဘူး"

ဒိုက်ရှစ်စကားသံဟာ ပြတ်သား တယ် အသက်ဝင်နေတယ်၊ ရဲဘော်တွေ ခံစား မှုကို အတိုတောင်းဆုံး ပြည့်ပြည့်ဝဝ ပေါ်ပြ လိုက်ပါတယ်။


"ကျနော်တို့ ခင်းရဲ့ သားတွေ အတွက် ကျနော်တို့ သေနတ်တွေ မြဲမြဲ ကိုင်ထားရမယ်၊ စွန့်ပစ်လို့ မဖြစ်ဘူး၊ ကျနော်တို့ သေနတ် မကိုင်ရင် ကျနော်တို့ ခေါင်းတွေ ပြန်ပြီးတော့ စာ ဖြတ်ခံရ လိမ့်မယ်၊ ကျနော်တို့ ခေါင်းတွေ ပြန် ပြီးတော့ ခါဖြတ် မခံနိုင်ဘူး"။

သူ့အသံဟာ မှဲ့တင်ထပ်နေပါတယ် သူ့အသံဟာ တုန်ရီနေပါတယ်၊ ပါတီရဲ့ လမ်း ညွှန်မှုနဲ့၊ သူတို့လေးတွေရဲ့ ဘဝပေး အသိက နေ့ဝင်းရဲ့ လိမ်ညာ သွေးခေါင်းမှုတွေကို ရခရာ မရှိအောင် ကိုက်ချိုး ဖြတ်ပစ်နေပါတယ်။

"ဟုတ်တယ်ဒီ ဥက္ကဌ၊ အဲဒါဒေသ မှာပဲ ဖြစ်ဖြစ်၊ ဝနယ်တောင်ဆိုင်း၊ မြောက်ဆိုင်း မှာပဲဖြစ်ဖြစ်၊ ကွတ်ခိုင်၊ ယွန်းဘော် ဒေသမှာ ဖြစ်၊ ကျနော်တို့ ခင်းရဲ့သားတွေ ဘဝဟာ အတူ တူဘဲ၊ ပါတီရဲ့ ခေါင်းဆောင်မှု ရှိလို့၊ ကျနော် တို့ သေနတ်ကိုင်ထားလို့၊ ရန်သူကို တိုက်လို့ ဘာ..... ကျနော်တို့ အခြေ အနေ ပြောင်း လာတာဘဲ၊ ဥက္ကဋ္ဌ သခင် ဇသိန်းတင် ပြောတာ ကျနော် မမေ့ဘူး"

တပ်ခွဲမှူး ဖြစ်တဲ့ ရဲဘော် ဒိုက်ဆွေးဟာ ၁၉၇၇ - ခုနှစ် ကုန်ခါနီး မှာ လွှတ်မြောက်တဲ့ အခြေခံ ဒေသ တနေ ရာမှာ .. ဥက္ကဋ္ဌနဲ့ တွေ့ဆုံခဲ့ဘူးပါတယ်

" ဥက္ကဋ္ဌက .. ပါတီ စကား နားထောင် .. တော်လှန်ရေးကို လုပ် .. ရန် သူကို . ချေမှုန်း ပင်ပမ်း ခင်းရဲ့မှာ ... သေမှာကို မကြောက်နဲ့၊ ပါတီ ပေးတဲ့ - တာဝန်ကို ကောင်းကောင်း လုပ်တဲ့" ။



ဒိုက်ဆွေးဟာ ရဲဘော်တွေရဲ့ မျက်နှာတွေကို တယောက်ချင်း သေ့သေ့ ကြည့်လိုက်ရင်း ... သူ့ရဲ့ စကားကို ဆက်ပါတယ်။

"အခု ပါတီ ရှိတယ် .... ကျနော်တို့ လွတ်မြောက်တယ် ...... ကျနော်တို့ ရဲဘော်တွေ - သေနတ်ကို ကိုင်ပြီး ရန်သူကို တိုက်နေတယ်။

ညီညီ ညွတ်ညွတ် - စည်းကမ်း ရှိရှိနဲ့ ရန်သူကို တိုက်ရမယ် သေနတ် မကိုင်ရင် မဖြစ်သလို ... သေနတ်ကိုင် ထားရင်လဲ၊ ပါတီ စကားကို နားထောင် ရမယ် ...။

တပ်စည်းကမ်းကို လိုက်နာ ရမယ် .....။

ရန်သူကို ရဲရဲ ချေမှုန်း ရ မယ် ....။

အလုပ်ကို ကောင်းကောင်း လုပ်ရမယ် ....။

ကျနော်တို့တွေ ညီညွတ်ရ မယ် ...။

"ဟုတ်လား!
ဟုတ်တယ်"

ရဲဘော်တွေရဲ့ မြေသံဟာ တညီတညာထဲ ပေါ်လာပါတယ် .... တခက်ထဲ ရဲဘော် ဒိုက်ဆွေး က.

"ကျနော်တို့ သေနတ် မကိုင် ရင် ဖြစ်မလား"


"မဖြစ်ဘူး"

ရဲဘော်တွေရဲ့ အသံဟာ အား အာန်နဲ့ တက်ကြွ သက်ဝင် နေပါတယ်၊ သူတို့ရဲ့ အသံဟာ တိုက်ပွဲဝင် ခိုင်ခံ့မှု၊ ယုံကြည်ချက်ကို ဖွင့်ပြ လိုက်ပါတယ် သူတို့ အသံဟာ မှဲ့တင်ထပ်သို့ နေပါတယ်။

"ကျနော်တို့သေနတ်တွေ မြဲမြဲ ကိုင် ထားရမယ်"

ရေနံဆီ မီးခွက်ရဲ့ တကျင့်ကျင့် အလင်း ရောင်ဟာ မှုံဝါးနေပေမဲ့ သူတို့ လေးတွေ သေ နတ်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်ထားကြ တာကို ထင်ထင်ရှားရှား ဘဲ တွေ့မြင် နေရပါတယ်

မိုးသက် ရန့် ပါတဲ့ လေပြေဟာ တဖြူး ဖြူး တိုက်ခတ် နေပါတယ်။ ........



ပြည်သူ့အသံဆောင်းပါး

မေ့မရနိုင်တဲ့ ၇-ရက် ဂျူလိုင် ရောက်လာပြန်ပါပြီ ၊ ဒီနေ့ ဒီရက်မှာ ဦးစွာအားဖြင့် ခေတ်အဆက်ဆက်မှာ အမှန်တရား အတွက် ၊ ပြည်သူ့ လွတ်မြောက်ရေး အရေးတော်ပုံ အတွက် ၊ တိုက်ပွဲဝင်ခဲ့ ၊ တိုက်ပွဲဝင်နေတဲ့ ကျောင်းသူ ကျောင်းသား အပေါင်းတို့အား ဦးညွှတ် အလေးပြု လိုက်ပါတယ်။

၁၉၆၂ ခုနှစ် ဂျူလိုင်လ ၇ ရက်နေ့မှာ မတရား ဖိနှိပ်မှုကို ဆန့်ကျင်ပြီး လွတ်လပ်စွာ ပညာ သင်ကြားရေး အတွက် တိုက်ပွဲဝင်ရင်း ၊ စစ်အစိုးရ လူ့စိတ် ကင်းမဲ့စွာ စက်သေနတ်နဲ့ ပစ်ခတ် သတ်ဖြတ်လို့ ၊ မိုင်း ဖေါက်ခွဲ သတ်ဖြတ်လို့ ၊ ကျဆုံး သွားခဲ့ကြရတဲ့ နောင်တော် တက္ကသိုလ် ကျောင်းသူ ၊ ကျောင်းသား အာဇာနည် အပေါင်းအား . အလေးအနက် ဦးညွှတ် အလေးပြု အပ်ပါတယ် ... ။

ဂျူလိုင် ၇-ရက် အရေးအခင်းဟာ ဒီကနေ့ ဆိုရင် ၁၈ နှစ် တင်းတင်း ပြည့်ခဲ့ပါပြီ ။ အချိန်တွေ ကြာညောင်း လာခဲ့ပေမဲ့ . ဂျူလိုင် ၇ . ရက် အရေးအခင်းကို ကျောင်းသား လူငယ်တွေ မမေ့ခဲ့ပါဘူး ၊ မြန်မာပြည်သူတွေ ဒီကနေ့ အထိ အခဲ မကြေကြပါဘူး အချိန်တွေကြာ လာလေ စစ်အစိုးရ အပေါ် နာကျည်း မုန်းတီးမှုဟာ တိုးလို့ ကြီးမား လာတယ် ၊ စစ်အစိုးရ တင်ရှိခဲ့တဲ့ သမိုင်းကြွေး သွေးကြွေးတွေ ဟာလဲ တရစ်ပြီး တရစ် တက်လို့သာ လာနေပါတယ် ။

ကျောင်းသား လူငယ်ဟာ ဖြတ်လတ်တယ် ၊ ထက်မြက်တယ် ၊ အရာသစ်ကို လက်ခံ လွယ်တယ် ၊ ဒါ့ကြောင့်လဲ ခေတ်အဆက် ဆက်က ဖေါက်ပြန်ရေး အုပ်စိုးမှုကို .. တိုက်ပွဲ ဆင်ရာမှာ သူတို့ဟာ ရှေ့ဆုံးတန်း က ထွက်ရပ် ခဲ့တာ ဖြစ်တယ် ။

အင်္ဂလိပ် ကိုလိုနီ ခေတ်တုံးက တိုက်စည် တိုက်မောင်းကို သူတို့ ရှက်ခဲ့သလို ၊ ဖဆပလ ခေတ် တလျှောက်လုံး မှာလဲ အုပ်စိုးသူတွေ မျက်ကလဲ ဆန်ပြာ ဖြစ်အောင် ပြောင်မြောက်စွာ တိုက်ပွဲ ဝင်ခဲ့ကြတယ်။ ဒါ့ကြောင့်မို့ ဖေါက်ပြန်ရေးသမား မှန်သမျှ ကျောင်းသားတွေကို အလစ်မပေးဘဲ ရက်ရက်စက်စက် နှိပ်ကွပ် နှိမ်နင်းခဲ့တယ် ၊ ဒီအထဲမှာ ဒီကနေ့ အုပ်စိုး နေတဲ့ စစ်အစိုးရဟာ ကာအိမ်းကုန်အောင် ဖက်ဆစ် ဆန်ဆန် - ကျောင်းသား လူငယ် တရာကျော်ကို ရက်ရက် စက်စက် သတ်ဖြတ်ခဲ့တယ် ၊ ကျောင်းသား တွေကို သတ်ရုံတင် မကဘဲ နယ်ချဲ့ ဆန့်ကျင်ရေး မုန်တိုင်းကြားက ပေါက်ဖွားလာတဲ့ - တိုက်ပွဲ သမိုင်း အစဉ်အလာ ကြီးမားတဲ့ .. ကျောင်းသား လူငယ်တွေရဲ့ သမိုင်းဝင်မော် ကွန်းအဖြစ် ခံ့ခံ့ မတ်မတ် ရပ်တည်ခဲ့တဲ့ သမဂ္ဂ အဆောက်အဦး ကြီးကိုပါ ညက်ညက် ကြေအောင် မိုင်းနဲ့ ဖေါက်ခွဲ ပစ်ခဲ့တယ် ။

ဒါဟာ သမဂ္ဂ အဆောက်အဦး သက်သက် ကိုတင် ဖြိုဖျက် လိုက်တာမဟုတ် ပါဘူး ၊ နယ်ချဲ့ ဆန့်ကျင်ရေး သမိုင်းကို ဖြေလျှော့ ပစ်လိုက်တာ ၊ ပြည်သူ့ လွတ်လပ်ရေး ၊ ဒီမိုကရေစီရေး တိုက်ပွဲဝင် သမိုင်း တခုလုံး ကို ဖြေလျှော့ ပစ်လိုက်တာ ဖြစ်တယ် ဒါ့ကြောင့် ဒီ သမိုင်းကို ချေဖျက်သူ ရာဇဝင်

ပြစ်ဒဏ်ချင့် သူ့ စစ်အုပ်စုကို ကျောင်းသား လူငယ်တွေ ရော ၊ မိဘပြည်သူတွေပါ ဘယ်တော့မှ အသဲ ကြော နိုင်ကြမှာ မဟုတ်ပါဘူး။ စစ်အုပ်စု ခေါင်းရှိနေတဲ့ ဒီ သွေးကြွေး သမိုင်း ကြွေးကို တနေ့ကြရင် သူတို့သွေး သူတို့ အသက်နဲ့ ပြန်လည်ပေးဆပ် စေရပါလိမ့်မယ်။

၁၉၆၂ ခုနှစ် ဇူလိုင်လ ၇ ရက် အရေးအခင်းတုန်းက ကျောင်းသားတွေမှာ ဘာအပြစ် ရှိလို့လဲ ။ လွတ်လပ်စွာ ပညာသင်ကြားရေး ၊ ငြိမ်းချမ်းစွာ ပညာ သင်ကြားရေး တောင်းရုံနဲ့ ရာဇဝတ်မှု သင့်ရတော့မလား ၊ သမိုင်း အစဉ်အလာ ၊ ထွန်းပြောင်ခဲ့တဲ့ သမဂ္ဂ အဆောက်အဦးမှာ ဘာ အပြစ် ရှိလို့လဲ ။ တကယ်တန်း အပြစ် ရှိသူဟာ သူတို့ ဖက်ဆစ် တစုသာ ဖြစ်တယ် ဆိုတာကို စစ်အုပ်စု သိပါတယ် ။

ဒါကြောင့်မို့ ၁၈နှစ် ကာလ အတွင်းမှာ ဒီအရေးအခင်းကို ချေဖျက်ဖို့ ၊ ဒီ အပြစ်ရဲ့ တရားခံ ဘဝက နေ အလွတ် ရုန်းဖို့ သူတို့ နည်းမျိုးစုံ ကြိုးပမ်းခဲ့ကြပါတယ်၊ ဒီ အရေးအခင်းတုန်းက သူတို့ရဲ့ ဖက်ဆစ်လုပ် ရပ်ဟာ ပြည်သူ့ ဒီမိုကရေစီ အာဏာက မွဲ့ ခြိမ်းမဲ့ ပြည်သူ့ ခုံရုံးသာမက သူတို့ကိုယ် တိုင် ကျင့်သုံး နေပါတယ် ဆိုတဲ့ စစ်စည်းကမ်း အရတောင် သူတို့ ပြေး မလွတ်ဘူး ဆိုတာ ကို ဒီ ဖက်ဆစ် လူယုတ်မာတွေ ကောင်း ကောင်း သိကြပါတယ် ။

ဒါကြောင့်လဲ - ဒီကိစ္စမှာ ငါ မပါ ဘူး ဆိုပြီး စစ်အုပ်စု ထိပ်သီးတွေဟာ ကိုယ် လွတ် ရုန်းဖို့ ကြိုးစား နေကြတာ ၊ တဦးပေါ် တဦး လွှဲချတာတွေ လုပ်နေကြတာ ပါဘဲ ။ နေဝင်းတို့ရဲ့ အဟယ်ခံ စစ်အုပ်စု ထိပ်သီး တဦးဖြစ်တဲ့ ဗိုလ်အောင်ကြီးက ပေးတဲ့ စာ မှာ ..... ဒီလို ဖေါ်ပြထားပါတယ် ။

“ ဤကိစ္စ ၊ ကိုင်တွယ်ပုံ - အမိန့် ပေးပုံ - အားလုံးသည် စစ်တပ် အခေါ်ခွင့် .. လိုက်နာ ကျင့်သုံး ရမည့် စစ်စည်းကမ်းများ ကို တစုံမှ လိုက်နာ ကျင့်သုံးခြင်း မရှိသည့် အတွက် တာဝန်ခံကို စစ်ခုံ ရုံးသို့ တင်ရမည့် ကိစ္စ ဖြစ်ပါသည် ””

ဒီစာပိုဒ်ဟာ - ၁၉၆၂ ခု ဇူလိုင် ၇ ရက် အရေး အခင်းမှာ စစ်အုပ်စု ကြမ်းကြုတ် ရက်စက်တဲ့ အတိုင်း အတာကို တနည်းတဖုံ ဝန်ခံ ထားတဲ့ ကောက်ချက် ဖြစ်ပါတယ် ၊ ဒီကောက်ချက် အရပဲ ဇူလိုင် ၇ ရက် အရေး အခင်းမှာ တကယ် တန်း အပြစ် ရှိသူဟာ ဘယ်သူလဲ ဆိုတာ ထင် ရှား နေပါပြီ ၊ အပြစ်မဲ့ ကျောင်းသား တရာ ကျော်ကို သတ်ဖြတ်ခဲ့တဲ့ တရားခံ ၊ စွမ်း တရားခံ ၊ ခတဲ့ ခတဲ့ တရားခံ အကြီး အသေး ဘယ်သူကိုမျှ စစ်အုပ်စု အရေး ယူခဲ့ဘူး ပါသလဲ ၊ သူတို့ လက်စွဲပြုပါတယ် ဆိုတဲ့ ဒီ စစ်စည်းကမ်းနဲ့ ဘာကြောင့် အရေးမယူတာ လဲ ၊ သတ်မှတ်ထားတဲ့ စည်းကမ်း အတိုင်း မ ဆောင် ရွက်ရင် ဒီ သတ်မှတ်ထားတဲ့ စည်းကမ်း ဆိုတာကြီးက ဘာလုပ်မှာလဲ ၊ ဘာ အသုံး ကျ မှာလဲ ၊ မိဘ ပြည်သူ တရပ်လုံး ရဲ့ အသဲနှလုံး ကို ဂျီသရီး ကျည်ဆံ ဝင်မွှေ သွားတဲ့ ဒီ ၇ ရက် ဇူလိုင် အရေး အခင်းဟာ စစ်အုပ်စု ထိပ်သီးကြီးတွေ အသိအမြင် ရှိရှိ ၊ ရည်ရွယ် ချက် ရှိရှိ ၊ မန်တီး လိုက်တာပါ ၊ သူတို့ ရဲ့ ရာဇ အာဏာကို အရှုံးအလဲ မက်တွယ် ကာ ကွယ်ထားဖို့ ၊ သူတို့ရဲ့ ဂျီ သရီး အာဏာ အသိ တိုင်းပြည်နဲ့ အဝမ်း မကြော မနပ် ၊ လှုပ်ရှား ဖြစ်နေတာကို ချိန်းခြောက် ချိုးနှိမ် ဖြစ်ဖို့ ခေတ် အဆက်ဆက်က ဖေါက်ပြန် - ရေး အာဏာ ဆန့်ကျင်ရေးမှာ အစဉ် အလာ ကြီးမားတဲ့ ကျောင်းသား လှုပ်ရှားမှုရဲ့ အာ ရှိန် အဟုန်ကို ခြောက်နှုးတုန်ဖို့ ဆိုတာ - ထင်ရှား ပါတယ် ။

ကြည့်ပါ - အဲဒီတုန်းက လက်နက် မဲ့ ကျောင်းသားတွေကို သူတို့ ဘယ်လို ရက်ရက် စက်စက် သတ်ဖို့ လုပ်ခဲ့ကြသလဲ ဆိုတာ ကို နေဝင်းထံ ဗိုလ်အောင်ကြီးရဲ့ ပေးစာမှာ ဒီလို ဖေါ်ပြ ထားပါတယ် ။

“ သူ့ အမြေပေးပုံမှာ - ကျနော် လဲ တဖက်က မပြစ်သေးဘူး လား ! မပြစ် သေးဘူးလား ! လို့ ပြော နေတာနဲ့ နေမဝင် ခင် ပြစ်မှာဘဲ ဆိုပြီး ပြစ်ခိုင်း လိုက်တာဘဲဟု ပြောပါသည် ၊ နောက် ဆက်လက်ပြီး သမဂ္ဂ - အဆောက်အဦး ကိုလဲ ဖြိုပစ်လိုက်ဖို့ အမိန့်

ပေးသည့်အတွက် သူ့အင်ဂျင်နီယာ တပ်မှူးနှင့် အိမ်ဝင်နေခြင်း ဖြစ်ကြောင်း ပြောပြပါသည်။
အပြန်မှာ ကျောင်းသားများကို သေနတ်နှင့် ပစ်ချိန်တွင် သေသူသေကြ၊ ဒဏ်ရာ ရသူ ရကြ ဖြစ်ချိန် ဒဏ်ရာ ရသူ အချို့ကို သမဂ္ဂ အဆောက်အဦး အတွင်းသို့ ဆွဲသွားပြီး သံတံခါးများ အလုံပိတ်ထားသည်ကို ရှေ့တန်းရှိ ဗိုလ်မှူးကြီး သန်းစိန်၊ ဗိုလ်မှူးကြီး ကျော်၊ ဗိုလ်မှူးကြီး စိန်လွင်တို့က အသံလွှင့်ရုံ စစ်ဆင်ရေးဌာနချုပ်ရှိ ဒုလက ဥက္ကဋ္ဌဝန်ကြီး ဗိုလ်မှူးကြီး ကျော်စိုးက မိမိ အဆုံးအဖြတ် မပေးသေးပဲ ဗိုလ်ချုပ်ကြီးထံ သတင်းပို့ရာ ဗိုလ်ချုပ်ကြီးက ဒီလိုဆို ယာနီမိုက်ကြီးကို . . . ရိုက်ချလိုက်ရင် ပစ်ပြိုလိုက်ပေါ့ ဆိုသော အမိန့်ပေးခဲ့ပါသည်။ ရိုက်ချ လက်ခံအမိန့်နှင့် ပြန်လျှင် အနီးအနား ရှိ အရာရှိကြီးများ အပါအဝင် ဖြုန်းမှာ မိုးကျိုး ဒေါ်ဒေါ်တို့ ပါသော အင်ဂျင်နီယာ တပ်မှူးနှင့် တိုင်ပင်ပြီး ယမ်းဘီလူးနှင့် ချိုင့်ရန် အမိန့်ပေး အင်ဂျင်နီယာ - ၄ တပ်မှူး ရုံးတွင် ခိုင်းနှိုင်း မလုံလောက်၍ စစ်ရုံးတွင် ရှာ၊ မလုံလောက်၍ အင်းစိန် (စီ-အိုင်-ဒီ) အထိ သွားပြီး - ယက်နက် သို့ လျှောင်ရေး ဌာနမှာ ယမ်းဘီလူး အမြောက်အများ အလုံအလောက် သယ်လာပြီး သမဂ္ဂ အဆောက်အဦးတွင် တညလုံး အင်ဂျင်နီယာ ဗိုလ်မှူးကြီး ကိုယ်တိုင် ကြီးကြပ်ပြီး၊ . အခုတ် ဖြစ်တဲ့ မကျန် မြေ ဖောင် တွက်ချက် ပြီး စနစ်တကျ ယမ်းဘီလူးများ မြှုပ်နှံရာ နံနက် ၆ နာရီ အားကြီးမှာ ပြီးသည့် အတွက်၊ ထို အချိန် ရောက်မှ ခွဲနိုင်သည် ။။

ရှစ်းလွန်းခေက ရှင်းဗွေပါတယ်၊ တိုးတက်တဲ့ ကျောင်းသား မျှန်ရင် အပြစ်ပါ - ထုတ်ပစ်မဲ့ စစ်ဘီလူး ရုပ်သွင်၊ အယ်တို ဟာ ချောင်းတောင် လက်နက် အပြစ် ကိုင်မထားတဲ့ လူငယ် ကျောင်းသား တွေ အပေါ် စစ်ဆင်ရေး ဌာနချုပ်တွေ မှာ၊ ရှေ့တန်း နောက်တန်း အစီးစီး အဆင့်တွေ ကြပ်မတ်ပြီး လူ့သမိုင်း မှောင်းပြန် သေနတ်နဲ့ ပစ်လို့ အားမရနိုင်ဘဲ မသေလို့ ဒဏ်ရာရသူ တွေကို တောင် အလွတ် မပေးတဲ့ စစ်အုပ်စု၊ သမိုင်း အဆက်ဆက်မှာ တိုးတက် မှုရဲ့ ပြယုတ် အပြစ် မားမားမတ်မတ် ရပ်တည် နေတဲ့ သမဂ္ဂ အဆောက်အဦးကြီးကို ဖြိုချင်း ပစ်ဖို့ အရူး အလှူး ဖြစ်နေတဲ့ စစ်အုပ်စု၊ ဒီလောက် ရက်စက် ကြမ်းကြုတ်တဲ့ ဖက်ဆစ် ဘီလူးတွေ မမာ သမိုင်းမှာ ရှိခဲ့သလား၊ ဒီလောက် ရက်စက် ယုတ်မာတဲ့ ဖက်ဆစ် ဘီလူးတွေ အပေါ် ကျောင်းသားထု တရပ်လုံး ရော မိဘ ပြည်သူ အပေါင်းရော အခဲ ကြေနိုင် မတဲ့လား ။

ခုအခါမှာ ဆိုရင် နေဝင်းစန်းယု စစ်အုပ်စုက စစ်အုပ်စု ဟောင်းတွေကို ပြန်လည် သိမ်းသွင်းပြီး ပြန်ပေါင်း ထုတ်ပွဲကြီး လုပ်နေပါတယ်၊ အပယ်ခံ စစ်အုပ်စုဝင် ဟောင်းတွေကို ပြန်လည် စုစည်း နေပါတယ် ဒီလို စုစည်းနေတာဟာ ကျွန်မြေနှင့် ဆန့်ကျင်ရေး၊ ပြည်သူ့ ဆန့်ကျင်ရေး၊ ပေါက်ပြန်တဲ့ ပြည်တွင်းစစ်ကို အချိန်မြှင့် တင်ဖို့ အလုပ်သွား ဂယ်သွား၊ ကျောင်းသား၊ မြို့နေ ဆင်းရဲသား လူလတ်တန်းစား စတဲ့ စတဲ့ လူတန်းစား လူ အလွှာ အသီးသီးကို ပိုမို ဖိနှိပ် သွေးစုတ်ဖို့ ပြင်ဆင် နေခြင်းသာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ပြည်သူ လူထု ကြီး အနေနဲ့ ပိုမို စည်းလုံး ညီညွတ်ပြီး စစ်အစိုးရကို တုန့်ပြန် တိုက်ခိုက်ဖို့ အသင့် ပြင်ဆင်ထားကြရ ပါလိမ့်မယ်၊ လက်နက်ကိုင် တိုက်ပွဲတို့ အခြား တိုက်ပွဲ သဏ္ဍာန် အဖြစ် ထားပြီး ကျန် တိုက်ပွဲ သဏ္ဍာန် အမျိုးမျိုးနဲ့ ပေါင်းစပ် တိုက်ပွဲ ဝင်သွားရေး ဆိုတဲ့ နည်းပရိယာယ် လမ်းစဉ် အတိုင်း ဆက်လက် တိုက်ပွဲ ဝင်သွားရေး ဆိုတဲ့ နည်းပရိယာယ် လမ်းစဉ် အတိုင်း ဆက်လက် တိုက်ပွဲဝင် သွားကြရမှာ ဖြစ်ပါတယ် ။

ပြည်သူ့အသံ
ဒေါင်းပါးရှင်တဦး

# စာကလေးရဲ့

## ဝေမန်ချက်

(ဦးတင်ကို)

စိုးစိုး ဗိုဗို ပြည့်ဝွှန်တဲ့ စာကလေး ၊ အစစ အရာရာ ပြည့်သနားတိုင်းမှာ ဝေမန်ချက်မေး တတ်တယ်၊ ဒါတွေ သူ့ အကျင့် ။ ဘယ်တတ်နိုင် ပါ့မလဲ တစ်ကျောက်လုံး သူက ဒီလို ဘဲကိုး ။

တနေ့တော့ စိမ်းစိုစို အရာကလေး တခု ဟာ သူ့ အပါး က မြေကြီး တွေကို ထိုးဖေါက် တွန်းတန်ပြီး ထွက်လာတယ်။ ဒါကို စာကလေး က မြင်တော့ သိတ် အံ့အားသင့်ပြီး ..

"မင်းက ဘာကောင်လဲ"? လို့ အနားကို သွား . ပြီး မေးလိုက်တယ် ။

"ငါး မျှစ်ပေါ့" မြေကြီး အောက်ခံနဲ့ အတူ သေးငယ်လှတဲ့ အသံငယ် ကလေး တခုက ...

"ငါ မြေပြင် ပေါ်ကို ထွက်လာခြင်လို့ ပါ ..." လို့ ဆိုလိုက်တယ် ။

"မြေပြင်ပေါ်ကို ထွက်လာခြင်တယ်" "ဟုတ်လား" "ဟား ဟား ဟား ဟား" စာကလေး ဟာ မွဲကျပြီး ခန္ဓာကိုယ် တခုလုံး တုန်ခါသွားအောင် ရီလိုက် ပြီး "နေပါ အုံးကွ ၊ မင်းက ဘယ်လောက် စွမ်းအားရှိလို့ လဲ ၊ ငါ့ အညာစ် အကြောနဲ့တောင် မင်းကို ဖုံးပြစ် လိုက်လို့ ရတယ်..သိလား ဖေ သတ်ဘာ . အဲဒီမှာပဲ လှဲနေပါကွာ" လို့... ဆိုလိုက်တယ် ။

ဒီနောက် စာကလေးက မက်မန်းပင် တပင် ထက်ဆီကို ပျံသန်းသွားပြီး အကိုင်းတကိုင်းမှာ နားလိုက်တယ် ။ နားနေတုန်း .... ပန်းပွင့်တွေကြားမှာ တစီစီနဲ့ ကူးလူး ပျံသန်း ပြီး ပန်းဝတ်မှုန်ဝင် တမှုန့်ထွက်နဲ့ အလုပ်များ နေတဲ့ ပျားကလေး တကောင်ကို တွေ့မြင်လိုက် တယ် ။

## တိုက်ပွဲသတင်း —

၁၉၈၀ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့မှာ ပြည်သူ့တပ်မတော် တပ်မှူး ချားမော မူဆယ်မြို့ကို အောင်မြင်စွာ တိုက်ခိုက် သိမ်းပိုက် နိုင်ခဲ့ ပါတယ်။ အဲဒီ တိုက်ပွဲစဉ် အတွင်းမှာ ကြေးစား ကချင် (၄) ရဲ့ ၃ ရင်းမှူး ဗိုလ်မှူး ဝဒ္ဓနာ အပါအဝင် - ရန်သူ (၅၇) ယောက် သေပြီး (၈) ယောက် ဒဏ်ရာ ရကာ (၄၀) ကို အနုပန်း အဖြစ် ဖမ်းဆီး ခဲ့ပါတယ် ၊ "ဒါကြောင့် စုစု ပေါင်း ရန်သူ (၁၀၅) ယောက် ကို ချေမှုန်း နိုင်ခဲ့ ပါတယ် ။ ရန်သူ့ထံက ၇၅ မမ မော်တာ -၁- လက်၊ ၆၀ မမ မော်တာ -၁- လက် အပါအဝင် လက်နက် ငယ်စုံ (၁၃၅) လက် ကျည်ဆံ ပေါင်း (၂၄၄၂၃) နှင့်သောင်း လေးထောင် ကျော်နဲ့ - အတူ လက်ပစ်ဗုံး (၃၅၈) လုံး ကို သိမ်းပိုက် ရရှိခဲ့တယ်။ ဒါ့အပြင် .... မော်တော်ကား ပစီး ၊ ငွေ (၁၃) သိန်းကျော် ကနစက်နဲ့ မီတ်အား ၁၁ဉ်းစက်များ အပါအဝင် ဆန်သုံး ယန္တရားနဲ့ ရိက္ခာ အချို့ အပြား ကိုလဲ သိမ်းဆည်းခဲ့ပြီး သဲ့ချယ်ကကား ၂ စင်းနဲ့ အကျဉ်းထောင်ရေး ဘာဘား များကိုပါ ဖျက်ဆီးခဲ့ပါတယ် ။

မူဆယ်မြို့ သိမ်းတိုက်ပွဲ

"ဟော်၊ ဒါက ဘာလုပ်တာလဲ"

" ဒေါ် ၊ ကျနော် ပန်းဝတ်ရည်တွေကို စုဆောင်းနေတာပါ၊ ကျနော့်အဖော်တွေနဲ့ . . . များရည် ပေါ် . . . . .

" အားပါးပါး ၊ ဘဲလေးကများ နေ့းဥကြီး ဥခြင်သတဲ့ " ဆာကလေးက ပြောလက်စ စကား ကို ဆက်ပြီး " ဒင်း ၊ ဒါကတော့ အသျှားဆယ်ပိုးသာကုန်၊ မောင်ပုံ ဆောင်းမဟုတ် ဆိုသကျို ဒါချည်းနှီး ဖြစ်မှာပါ၊ ဒါလောက် သာယာလှတဲ့ တွေဦး ရာသီမှာ၊ ဘာကြောင့် များ မင်းက - - ပျော်ပျော် ရွှင်ရွှင်နဲ့ နည်းမိမ် မနေဘ ၊ ဒီအချိန်မှာ အချည်းနှီး အလုပ်တွေကို ဘာလို့ လုပ်နေရသလဲ ? " လို့ ရယ်မော ဒေါ်ဟာစ် ပြောဆိုလိုက်တယ် . . . ။

ဆာကလေးက ဒါဒီလို စေမနံ ပြောဆိုပြီးတဲ့နောက် ပျော်ရွှင် ဖြူးတူးစွာနဲ့ ဝဟောင်မှာ ပျံသန်းနေတယ်၊ ပျံမောင်း ပျံယင်း အဲဒီမ တ . ဆောင်ရဲ့ ဓါင်ယိုး ဖွန်းနား ရောက်တော့ ခိုအိမ် ထဲက ဖီးဒိုးရောင် အရာတခု၊ အောက်သို့ ပြုတ်ကျသွားတာကို ရုတ်တရက် မြင်တွေ့လိုက်ရတယ် ။

" ဘယ်လို ဖြစ်တာလဲ ၊ ဘာဖြစ်တာလဲ "

ဆာကလေးက အလော တကြီး မေးယင်း ပျံဆင်းသွားကြည့်တယ် ။

" ကျနော် မိုးကောင်းကင်ပေါ် ပျံတက်ခြင်လို့ပါ "၊ အတောင် အမွေး မစုံသေးတဲ့ ငှက်ငယ်ကလေးက "အခု လို ဖြစ်သွားတာ " ပြန်ပြော နေတုန်း . . . "ဟား . ဟား . ဟား ဟား " . . . ဆာကလေးရဲ့ လည်ချောင်းမှ ကျယ်လောင်စွာ ဟားတိုက် ရယ်သံကြီး ပေါ်ထွက်လာပြီး .

" ပေါတာ လေးရယ် ၊ တဖြေး ဖြေးခြင်း လေ့ကျင့်ဆောင်ကေ ရယ်ငဲ တော်ရော မပေါ့ ကောင်းကင်ပြာပေါ် ၊ ပျံတက် ခြင်တယ် ၊ ဟားဟား ဟား ၊ ကဲကောင်းလို့ မင်းခုန်ခြင်း ကျွဲ သွားတာ သိရဲ့လားကွ ၊ ဒီလို ပျံခြင် သန်းခြင်တဲ့ စိတ်ဆန္ဒတွေကို စွန့်ပစ်လိုက် စမ်းပါကွ လို့ ပြောဆို လိုက်တယ် ။

အချိန်တွေ ကုန်လွန် လာခဲ့ပေပြီ၊ တနေ့တော့ ဆာကလေးက ခိုနေရာ တခိုက်ကို ပြန်ရောက် လာခဲ့တယ်။ သူ ဘာတွေကို တွေ့မြင် လိုက်သလဲ ဆိုရင် - . . . . .

- ကောင်းကင်ယံကို တည့်တည့် မော်မတ် ထိုးထောင် နေတဲ့ ငါး အသာစ် တချောင်း ။

- ဝဟောင်မှာ ကျူးလူး ပျံသန်း ဆော့ကစား နေတဲ့ ဖီးဒိုး ရောင် ခို တကောင် ။

- နောက်ပြီး ၊ များ ခုံ နားမှာ ချထားတဲ့ လတ်လတ် ဆတ်ဆတ် များရည်တချက် ၊ အဲဒီခွက်နားမှာ ပြုံးရွှင် ပျံခဲ နေတဲ့ များငယ် ကလေး ။ ဒီတော့ - " အား . လား ၊ ဒါ တကဲ့ ဖြစ်ရုပ်မှ ဟုတ်ရဲ့လား ? " ။ ဆာကလေးဟာ မျက်လုံး အဝိုင်းသားနဲ့ မမှိတ် မသုန် ကြည့်နေရင်း "မင်းတို့ဟာ ငါ့လို သိတ်ဦးသားတဲ့ ဆာကလေးကို နောက်ပြောင်ဖို့ မျက်လှည့်ပြ နေတာ မဟုတ်ပါဘူးနော် " လို့ ဆိုလိုက် ပါတော့တယ်။

(၂၁-၁-၈၀ နေ့ထုတ် "မြည်သူ့နေ့စဉ်" သတင်းစာ "ငင်ကျွမ်းဖုံး" ရဲ့ ဆောင်းပါးကို ပြန်ဆို ပါတယ် ။)

# တိုက်ပွဲသတင်း

ကြေးစားတပ်မ ၈၈ လက်အောက်ခံ ခမဟ စုံးဆိုက်ရာ ကျိုင်းတုံမြို့ အနေ့ ဒေါင်ဘက်မှာ ရှိတဲ့ ဖိုင်းယောင်းမြို့ ရန်သူ့ စခန်းများကို ၁၉၈၀ ခုနှစ် ဂျူလိုင်လ (၄) ရက်နေ့က ပြည်သူ့ တပ်မတော်က - အောင်မြင်စွာ ဝိုက်ခိုက် သိမ်းပိုက်ခဲ့ပါတယ်၊ ဒီ ဝိုက်ပွဲ စဉ် အတွင်း မှာ မပြည့်စုံ သေးတဲ့ သတင်း အရ ရန်သူ ၁၂၃ ယောက် သေ၊ ၅၀ ကျော် ဒဏ်ရာ ရကာ၊ ကြေးစား ၂၅ ယောက် ဗိုလ်ဒဂင်သုံးပန်း ၇၅ ယောက်ကို ဖမ်းမိခဲ့ ပါတယ်။ . . . ရန်သူ့ထံက ၇၆ မမ အမြောက် ၂ လက်၊ ၁၂၀ မမ စိန်ပြောင်း ၂ လက်၊ ၇၅ မမ နောက်ပြင့်အမြောက် ၂ လက် ၊ ၃" စိန်ပြောင်း ၆ လက်၊ ၁၈ ဟာစ်ဆပန်ဒို ဆက်သေနတ်ကြီး ၁ လက် ၆၀ မမ ဘာဇူကာ ၃ လက် အပါအဝင် လက်နက် ပေါင်းစုံ (၅၀၅) ကျော် အမြောက်ဆံ (၄,၀၀၀) လေးထောင်ကျော်နဲ့ ကျည်ပေါင်းစုံ တသန်းကျော် ကို သိမ်းပိုက် ရရှိခဲ့ ပါတယ်။ ဒါ့အပြင် ဓာတ်ကြိုး၂၂ဖိုး နဲ့ ရိက္ခာ ဂိုဒေါင်များကို ပေါက်ခွဲ ဖျက်ဆီးပစ်ခဲ့တယ်။

ဖိုင်းယောင်းတိုက်ပွဲ

# သတိုးတွေက ပေါ်ပြူနေတဲ့ သတိုးဘဝ

အမှတ် ၃ ■

စာတည်းတဦး ■

လူတယောက်ရဲ့ ပြုမူလှုပ်ရှားမှုမှန် သမျှဟာ သူ့ရဲ့ နိုင်ငံရေး အတွေးအခေါ်ကို ပေါ်ပြူနေတာ ဖြစ်တယ်လို့ ယုံကြည်းတဲ့ ခေါင်းဆောင်ကြီးတွေက သွန်သင်ခဲ့ဘူးပါတယ်၊ ဒီ သွန်သင်ချက်ရဲ့ - လမ်းညွှန်ချက်ဟာ ကျုပ်တို့ စီ၊ တဦး ချင်းရဲ့ အတွေးအခေါ်ကို၊ သူ့ရဲ့ လက်တွေ့လုပ် ရပ်များထဲမှာ ရှာဖွေတွေ့ရှိနိုင်တယ် ဆိုတာကို နားလည်ပေးလို့ ရပါတယ်၊ ဒါဟာ အမှန်ပါဘဲ၊ အပြုအမူ အပြော၊ အတွေးနဲ့ အခံစား အပြောနဲ့ အလုပ်ရဲ့ မညီမညွတ်ဖြစ်မှုတွေကို ဒီ လမ်းညွှန် တရားအရ ကျနော်တို့ သုံးသပ်၊ စိစစ် ပြောဟာယူလို့ ရနိုင်ပါတယ်

စာနယ်ဇင်း သမားရဲ့ ကိုယ်စားလည်းကဲ ဖြစ် လူမျိုးရဲ့ ပြည်သူတွေရဲ့ တိုက်ရန်သူ ဖြစ်တဲ့ - ပေါက်ပြန်တဲ့ နေဝင်းစစ်ယူ စစ်အာဏာရ၊ ဒီ စစ်အာဏာရ ဘာတွေ ပြောပြီး ဘာတွေ လုပ်နေတယ် သူ့ရဲ့ အားထားမှု ဖိုခိုရာ၊ ခေါက်တိုင်တခု ဖြစ်တဲ့ ကြေးစား စစ်တပ် ဒီ ကြေးစား စစ်တပ်က ဘာ တွေ ပြောပြီး ဘာတွေ လုပ်နေတယ် ဆိုတာ - လူ မျိုးရဲ့ ပြည်သူ အားလုံးဟာ ကကြီးက အ အထိ သိပြီးသားပါ၊ ကျောကို အကြိမ်ကြိမ် ချခဲ့ပြီ မို့လဲ စစ်ဒါးပြတွေမှန်း နားလည်ပြီးသာ ဖြစ်ပါတယ်။

စစ်အာဏာရက သူ့ရဲ့ "ပါတီ၏လမ်း ညွှန်မှု သဘောတရားနှင့် အခြေခံ လမ်းညွှန်မူ" ဆိုတဲ့ "ကျွန်ုပ်တို့၏ ယုံကြည်ချက်" တဲ့မှာ လူလူချင်း မတရား ချယ်လှယ်ပြီး မတရား စီး ပွားရှာ စားသော စနစ် များကို ချုပ်ငြိမ်း သွားအောင် လုပ်မယ် တရားမျှတမှုကို အခြေခံ တဲ့ ဆိုရှယ်လစ် စီးပွားရေး စနစ်ကို တည်ဆောက် မယ်လို့ ကြော်ငြာခဲ့ပါတယ်၊ ဒါပေမဲ့ တ ကယ်တော့ - လူလူချင်း မတရား ချယ်လှယ်ပြီး မတရား စီးပွား ရှာစားတဲ့ ဓနသဟာ စနစ်တွေကို ပျောက်ကွယ် ချုပ်ငြိမ်းအောင် လုပ်နိုင်ပါရဲ့ လား၊ လုံးဝ မလုပ်နိုင်ပါဘူး၊ မလုပ်နိုင်ရုံ သာမက သူတို့ကိုယ်တိုင် ဒီစနစ်ဆိုးတွေကို - အသေ အလဲ ဖက်တွယ် ကာကွယ် ထားသည်ကို ပြန်ပြီး ရှက်ရကောင်းတဲ့ ကျင့်ဝတ်ကို နေပါတယ် ဒီ အကြောင်းကိုလဲ စစ်အာဏာရရဲ့ ကြေးစား - စစ်တပ်များထဲက စစ်မြေပြင်မှာ သိမ်းဆည်း ရမိခဲ့တဲ့ အောက်ပါစာတွေက သက်သေခံလို့ နေ ပါတယ်။

ရှုဆယ် မြို့သိမ်း တိုက်ပွဲတုံးက - သိမ်းပိုက် ရရှိခဲ့တဲ့ ကချင်(၄)က၊ . . . ဗိုလ်တင်မောင်မောင် (က/ ၁၃၆၉၅) ဆိုသူရဲ့ နေ့စဉ်မှတ်တမ်း တခုထဲမှာ . . . .

"မှူး - ထွန်းအေးဖုံ မှ ဆန် အိတ်များ တောင်းခိုင်း၍ ဥက္ကဋ္ဌထံ သွားတောင်းရတယ် ၁၁၅ိ/ ရတယ်၊ ဆန်ဝယ်း ၁ ၃၀ ပေးလိုက် တယ်၊ ၁၁၂၀ ပြန် အပ်ရတယ်၊ ငါ့ ဥက္ကဌလဲ မ သေးပါလား" လို့ ရေးထားတာ တွေ့ရပါ တယ်၊ ဒီစာရဲ့ အတွင်း သဘောကတော့ - ... က ချင် ၄ က ကြေးစား ဦးရင်းမှူး ဖြစ်တဲ့ ဗိုလ်မှူး ထွန်းအေးဖုံ ဆိုသူက မှ ခဝယ်ဖို့ ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌထံ ဆန်အိတ်တွေ တောင်းခိုင်းခဲ့မှု . . .

# သဘာရပြဉ်းများဖူပုံ

ယင်း လှိုင်း (လွှယ်လုယ်)

(၁)

- ကြယ်စင် ရှန်းလက် ၊ ဖိတ်စက် ကျနေတဲ့ ည
မြရာပင် ကြောရဲ့ ၊ နှစ်ချိုက်စွာ အိပ်မောကျနေမှု
ရိုက်နှမ်း ပွေ့ဖက် ၊ နှုတ်ခက်ဆဲ့ချိန် ။

(၂)

- ပန္နည်းမဲ့များ ၊ ပါတီရဲ့ သားကောင်းဖီသစ္စာ
ဦးခေါင်း သွေးစွတ် ၊ မရှေး ညွှတ်ခဲ့
ရာဇဝင် ပြောင်လှတဲ့ ၊ ဒီသမိုင်းစဉ်ကို ငါ အလေး အနီ ပြုနေပါတယ်

(၃)

- ခက္ကူကျား မီရ ၊ မော် ပြောကြားခဲ့သလို
ဓါးသွား ပေါ်သို့ ပျားရည်စက်များ ချလာ
သမိုင်းဆိုတာ အကြောင်းနှာ တင်းလှပါတယ် ။

(၄)

- ရဲဘော်များ လူငယ်များ ပြည်သူများ
ပြီးဆုံး မသွားသေးတဲ့ တာဝန် အတွက် ခရီးဆက်ရန်
မိခင် ပါတီရဲ့ ရှေ့ဆောင်မှုနဲ့ အတူ

(၅)

- တခါက
ကြယ်စ ရှန်းလက် ၊ ဖိတ်စက် ကျနေတဲ့ ကြိုးမ
မြရာပင် ပျိုများရဲ့ ၊ ဆွေးပျံ့ သင်းထုံတဲ့ ပသန့်များ
ဖွေးဖွေး မွှေ့ဖက် ၊ နှုတ်ဆက်ဖို့ သွားကြစို့

၂၂ . ၇ . ၈၀

---

မနက် အစ်ဆန့် အတ တွေကူ မှောင်ခို ဈေး ကွက်မှာ ပြန်ရောင်း ပေးရပုံ ၊ အဖြတ် တောင် ကျော်ပုံ တွေကို တကွက်စီ - တကွက်စီနဲ့ အသေးစိတ် ရှင်းလင်း ပြီးပျင်တဲ့ ရုပ်ပုံလွှာတွေ အဖြစ် ဖြင်တွေ့ နိုင်မှာ ဖြစ်ပါတယ်၊ ဒါပဲကာ ပြည်သူ တွေအတွက် မဲ ထောက် ပေးလိုက်တဲ့ ဆန်များ ခါဏ - ကြေးအားဝါပ်က နည်းများ ရုံးနဲ့ နှိုက်ယူကြပြီး ကိုယ်ကျိုး ရှာကြပုံ တွေကို ဖေါ်ပြ နေတဲ့ သက်သေခံ ပန္နည်း ခိုရင်ကာ ညီး မများပါဘူး ။

ဒါတင်မကာ ၊ အတတ်သွား တွေရဲ့ နေ့တွက် အခ ကြေးငွေ တွေပေါ်ကနေ ကြေးစာ မိုလ်မှူး - မိုလ်ကြီး တွေ ကြီးပွားချမ်းသာ နေကြ ပုံကိုလဲ - ကြေးအားတပ်မ ၇၇ နဲ့ မဟာ ၂ကာ မိုလ်မှူး ခိုသူတဲ့ကို - နာမည် ဖေါ်ပြဖို့ မသင့် တဲ့ ရန်ကုန်မြို့ အနီးမှာ အခြေစိုက်ထားတဲ့ တပ်မ ၇၇ လက်အောက်ခံ တပ်ရင်း က ကြေး အားမိုလ် တယောက်က ရေးတဲ့ စာမှာ ခိုရင် လဲ ဒီလို တွေ့နိုင် ပါသေးတယ် ။

"ဗျူဟာက တခွဲကို တနေ့ ချော ဝမ်းသွား ၁၄ ယောက်နှုံး ဘဲ ပေးတယ် ဆို ပါတော့ ... ရင်းမှူး ဆိုတော့ ကျနော်တို့ ကို တခွဲ ၁၀ ယောက်နှုံး ဘဲ ပေးတယ် ၊ ဒီ တော့ ကျနော်တို့ တပ်ရင်းက ၅ ခွဲဆိုတော့ တနေ့ အတွက် ချောထမ်းသွား လူ ၂၀ ခ.

အခုတွေ - ၁၀၀ိ/ ဟာ သူ့ အိတ်ထဲ ဝင်သွား ပြီ၊ တလ ဆိုတော့ ၃၀၀၀ိ/ ပေါ့၊ ဘာမှ မလုပ်ဘဲနဲ့ သယ်တိ ဝင် အိတ်ဝင် လာတဲ့ ငွေလေ ”

ရွှေတန်း ဂူညီရေး လုပ်အားရှင် ဆိုတဲ့ မစားရ ဝခမန်း ခေါင်းဘုတ် စုတ်ပြီး - ချိတ် ခွဲ ပေးပြီး - ညိုင်းနင်း နှိုင်းလို့ နိုင်း သတ်ကွင်း ထဲ တွန်းပို့ လို့ ပို့၊ အမျိုး မျိုး နှိပ်စက် ညှင်းပန်း ရုံ့သာ မက - ရသင့် ရထိုက် တယ်လို့ စစ်အစိုးရ က ဖြစ်ဖြစ် ညှစ်ညှစ် သတ်မှတ်ပေးတဲ့ နေ့တွက် က လေး တွေကိုတောင် ကြေးစား စစ်မိုလ်များ က - ခေါင်းပုံ ဖြတ် နေကြပုံကို အဲဒီစာမှာ တွေ့နိုင်တာ အမှန်ပါ ။

အဲဒီ ကြေးစား စစ်မိုလ်ရဲ့ စာတနေ ရာမှာ ဆက်ပြီး ဖော်ပြထားတာက - ကြေးစား လောကမှာ အဲဒီလို - ပြည်သူတွေ အပေါ် ခေါင်း ပုံ ဖြတ်ကြ သွေးစုတ်ကြရုံ သာမက - ကြေးစား အ ချင်းချင်းလဲ - ခုတ်ကြ ထစ်ကြ - လှီးကြ ဖြတ်ကြ တာ တွေ - ပြည်သူ့ ဆန် ကျွေးရေး၊ ကွန်မြူနစ် ဆန့် ကျင်ရေး၊ ဖေါက်ပြန်တဲ့ ပြည်တွင်းစစ်ကို ဆင်နွှဲရင်း ကြီးပွား ချမ်းသာ နေကြပုံ တွေကိုလဲ အဲဒီ ကြေးစား စစ်မိုလ်ရဲ့ စာတနေ ရာမှာ . . . .

“ တခြား တပ်သား တွေရဲ့ လခနဲ့ ရိက္ခာ ငွေ ချက် လှည့် ပြတာတွေနဲ့ ပါ ပေါင်းလိုက်ရင် စစ် ဆင်ရေး တခု လုပ်ရင် - သူ့ အိတ်ထဲ အသား တင် တသိန်းက တော့ ဝင်သွား မှာပဲ ၊ ဒါဟာ ကျနော် တို့ တပ်မတော် ကြီးမှာ .. တုံးစံ ဖြစ်နေပါပြီ ဒီလို နည်းတွေနဲ့ ကျနော်တို့ ခေါင်းဆောင်ကြီး များ - ဖိုက်ရှဲ၊ ကားစီး၊ တိုက်ကြီးစံ ၊ မယားငယ် တွေနဲ့ မှုန်နေတာပါပဲ ” လို့ ဖော်ပြထားတာ ကို တွေ့ရ ပါသေးတယ် ၊ ဒါဟာ ကိုယ့်ကိုယ်ကို ပြည်သူ့ တပ်မတော် ပါလို့ ခေရုက် မကြောက် - အမွှန်းတင်နေတဲ့ - ကြေးစားတပ်ရဲ့ ပြည်သူ နှိပ် ကွပ် သတ်ဖြတ်ရင်း စီးပွါး ဖြစ်နေကြပုံ ကို ပွင့်ပွင့် လင်းလင်း ဖော်ပြထားတဲ့ စာတပိုဒ် လဲ ဖြစ်တယ် တနည်းအားဖြင့် ဒါဟာ - ဗျူဟာမှူး - ရင်းမှူး - စစ်ကြောင်းမှူး ဆိုသူတွေရဲ့ လူ လူချင်း ဒေတရား ချယ်လှယ်ပြီး ဒေတရား စီးပွား ရှာ စားတဲ့ ပြကွင်း တွေလဲ ဖြစ်ပါတယ် ၊ ဒီလို ခေါင်ကမှ ယိုးမလုံကြ တော့လဲ တံစက် မြိတ်တွေဖြစ်တဲ့ အောက်ခြေက အ ရာရှိ အရာခံ အကြပ် တပ်သား ခိုတာတွေ ဟာလဲ တယ် လို့ ယူပြီး စာရိတ္တ ယိုး ဂုဏ်နိုင် ပါတော့ မလဲ - ဘနုဖူး ဆိုက်ကူးဖဲ့ စိတ်ဓါတ် ဆိုး တွေဟာလဲ အလိုလို ပေါ်ပေါက် လာရတာ မဆန်း လှပါဘူး

ကချင်ပြည် - မိုလ်တင်မောင်မောင် ဆိုသူရဲ့ နေ့စဉ် မှတ်တမ်း တနေရာမှာ ဆို ရင် ...

“ ငါ့မှာ ငွေ မရှိတော့ .. ကိုတူးကို ခေါ်ပြီး အကြံ အဖန် လုပ်ခိုင်း ရတယ် - ငွေ ၂၄၀ိ/ ရတယ် ” လို့ တွေ့ရသလို - တခြား တနေရာ မှာလဲ . . .

“ မှူး ဖြည်တွန် တောက် တီးချ် လူနာ ပို့ရန် အတွက် ငါ ကားလိုက် ခွဲတယ်၊ ကား ၂စီး ရ (---) နဲ့ (---) ဖြစ်တယ် (---) ကိုဘဲ ကား ၁ ရှင်းပေး လိုက်တယ်၊ ဒါပေမဲ့ စာရင်း ကတော့ ၂ခင်း ဘဲ ပြရမယ် ။ ” လို့ တွေ့ ရပါသေး တယ်၊ ဒါကလဲ . ပိုး ထိုး လောက် ကိုက်ပြီး ညစ်ပတ် မှုတွေနဲ့ ပြည့် လျှံနေတဲ့ ကြေးစား စစ်တပ်ရဲ့ လုပ် ဟန် ဆိုးတွေကို ဖော်ပြ နေတဲ့ အတွေ့ ဘဲ ဖြစ်ပါတယ် ။ ပြည်သူ တွေ အပေါ် နည်း သဏ္ဍာန် မျိုးစုံ နဲ့ ညှင်းပန်း နှိပ်စက်ကြပြီး ကိုယ် ကျိုး ရှာ အဖြတ် စုတ် နေတဲ့ အခြေ အနေ မှန်တွေ ကို နားလည် ယူလို့ ရပါတယ်၊ နေဝင်း စိန်းယု စစ်အစိုးရရဲ့ သဏ္ဍာန် [illegible] အမှန် ဖြစ်တဲ့ အများ အကျိုးကို ဟန်ပြ လုပ် ဆောင် နေလိုလိုနဲ့ ကိုယ်ကျိုး ကို ယက် အဆုံး ရှိုက် နေတာ ကိုလဲ အဲဒီစာတွေမှာ အတိ အလင်း ဖော်ပြ နေပါတယ်။ ဒီတင်လား မက သေးပါဘူး ဆင် လဲ ဆင့် အလျောက်နဲ့ ဖြစ် သလို ဆိတ်ကလဲ ဆိတ် အလျောက်နဲ့ ပါဘဲ - မိုလ်မှူးကြီးက မိုလ် မှူးကြီး အဆင့်လောက် ကိုယ်ကျိုး ရှာသလို မိုလ် ကလဲ မိုလ်အဆင့် နဲ့ - ကိုယ်ကျိုး ရှာတာပါဘဲ၊ အောက်က . ကြေးစား အသီး သီး ကြတော့ လဲ - ဖြစ်တဲ့ လုပ်နိုင်တဲ့ အတိုင်း အတာ လောက် လုပ်နေ ကြတာပါဘဲ ၊ ကြက်ခိုး တာက အစ - ခိုက် ကြေးခွဲတာ အဆုံး - တမိုးလုံး ဖျောက်ဆိတ် ဖြစ် လောက်အောင် ဒုစရိုက် မျိုးစုံနဲ့ . . .

ဖြစ်ခြင်းတိုင်း ဖြစ်နေကြပါတယ်။

ကြေးနား ခ.လ.ရ ၁၀၉က တပ်ကြပ် မျိုးတင့် ဆိုသူဟာ ပြည်သူ ပူတူခံက လုယက်လို့ ရခဲ့တဲ့ နာရီ တလုံးကို မိန်းမထံ ပို့ပေးပြီး အဲဒီရောင်း ခိုင်းတဲ့ ကိစ္စကို မိန်းမလုပ်သူက သူ့ဆီကို အကြောင်းပြန်ရင်း - ရေး လိုက်တဲ့ စာထဲမှာ ဆိုရင် ..။

“နာရီကလဲ လုံး၀ မကောင်း ရှာဘူး ဒီ အတိုင်းပဲ ထားတယ်၊ မတရားတဲ့ ရှာကြံ ဖျေးမွေး မှု မျိုးတော့ လုံး၀ မလုပ်ချင်တော့ဘူး - ပန္နညင်း ဆိုတာ သခ်ိါရ မမြဲတဲ့ သဘော ရှိလို့” တွေ့ရပါတယ်၊ အာကာ ပါးကွက်သား ကြေးနား ၁၁၀ ရောက်နေတဲ့ လင်ယောကျ်ားက လုယက် ယူငင်ပြီး မတရား ရှာကြံ ဖျေးမွေးတဲ့ ကိစ္စတွေကိုလဲ စိတ်ကုန် ခမ်းကာ ကြောက်လန့် လာပုံ ရပါတယ်။

ခ.လ.ရ ၁၀၉က - တပ်ကြပ်ချုပ်တင့်ရဲ့ ဇနီး မငြိမ်းရင်ရဲ့ တခြား စာတစောင်မှာတော့ - ကြေးနား တပ်တွင်းမှာ - ကိုယ်ကျိုးကြည့် မှု တွေ အဆုံး စွန်ထိ ရောက်ရှိ လာရာက နောက်ဆုံး အချင်းချင်း တယောက် ကို တယောက် မယုံကြည်ရဲ တော့တဲ့ အခြေ အနေတွေကို ပေါ်ပြ နေပါတယ်၊ စစ်ဗိုလ်နဲ့ စစ်သားကြား တပ်ကြပ်နဲ့ တပ်သားကြား မှာလဲ တယောက်နဲ့ တယောက် အလစ် အငိုက် မပေးဘဲ၊ လှီးကြ - ဖြတ်ကြ၊ လုကြ ယက်ကြနဲ့ ဘနဲ့ဖူး ကို သိုက်တူး ဖို့ ဝန်မလေး - လောက် အောင် ဖြစ်နေကြတာကိုလဲ - ဒီလို တွေ့ရပါသေးတယ် ။

“ လူတွေဟာ - ကြင်နာတရား - မေတ္တာတရားဆိုတာ ကင်းမဲ့ တဲ့ ဒီ လောကမှာ ဘယ်သူမှ သေသေ - ငတေ မာရင် ပြီးရော ဆိုတာ များတယ်နော် အားသတ်၊ သွားသတ်၊ အာဏာသတ် အမြဲ ရှိနော် - ငါ တပ်ကြပ် ဘဲ ဆိုပြီး သိပ်မယုံ အားနဲ့ လောဘ သားတွေ မဟုတ်လား၊ မောင်က အေးတော့ အမဲ မင်းဖို့ စောင့်နေမှာ ”

ဒီလို အခြေ အနေ တွေဟာ ပြည်သူ့ တပ်မတော် ပါ ..တဲ့ ဂုဏ် ဆီး မှိန်း မှိန်း သဂိုဒ် တတွတ်တွတ် ရွတ်ဖတ် သရဇ္ဈာယ် နေတဲ့ ကြေးနား စစ်တပ်ထဲက တကယ့် အဖြစ်အပျက်မှန်တွေပါဘဲ၊ အလုပ်သမား လယ်သမားနဲ့ ပြည်သူ တရပ်လုံး ကို ရင် အုပ်မကွာ - စောင့် ရှောက် နေပါတယ် ဆိုတဲ့ ပြည်သူ့ တပ်မတော် အသွင်၊ ကြေးနား တပ်ရဲ့ ပြင်း မရတဲ့ ပြကွက် တွေပါဘဲ၊ လူလူချင်း ညှာတာ ထောက် ထားပါတယ်၊ ဝိသမ လောဘ သမား တွေရဲ့ ဝိသမ စီးပွား ရေး စနစ်ဆိုးတွေကို တိုက်ဖျက် နေပါတယ် ဂို့၊ ဘယ် လိုဘဲ သူတို့ တတွေ ကုန်းအော် နေပါစေ - တကယ်တော့ ဒီစနစ် ဆိုးတွေ၊ သက်ဆိုး ရှည်အောင် - ဒီစနစ်ဆိုးတွေ ဝသွား ကျိုင်းကြီးထွား လာအောင် ဒီစနစ် ဆိုး တွေကို ကျားကန် ပေးနေတာပါ သူတို့ တတွေဘဲ ဆိုတာ ကို ငြင်းဆန် မရအောင် တွေ့မြင် နိုင် ပြီ ဖြစ်ပါတယ်။

ဒါပေမဲ့ - နယ်ချဲ့ စနစ် - ပဒေသရာဇ် မြေ ရှင်စနစ်နဲ့ ဗျူရိုကရက် အရင်းရှင် စနစ် ဆိုတဲ့ ဒီစနစ်ဆိုး သုံးခုဟာ တော်လှန်တဲ့ ပြည်သူတွေရဲ့ ထောင်းထောင်း ချေ ကြေသွားအောင် ဆန့်ကျင် တိုက်ခိုက်မှုကို ခံရပြီး ကျဆုံး ပျက်ဆီး ရမှာ ဖြစ်ပါတယ်။ ဒီ အတိုင်းဘဲ ဒီစနစ်ဆိုးတွေကို မွေး မြူ ထိန်းသိမ်းပြီး ကြီးထွား အောင် လုပ်နေတဲ့ စစ် အာဏာရ ဟာကဲ့ အဲ ဒီ စနစ် ဆိုး တွေ နဲ့ အတူ ဘုန်းဘုန်းလဲ ပြိုကျ ပျက်စီးရမှာ ကတော့ သေချာပါတယ်။


● ● ● ● ● ● ● ● ● ● ● ● ● ● ●

“ကွန်မြူနစ် ပါတီ တွေခု အတွက် အနှစ် ၄၀ အတွင်း ရရှိတဲ့ အတွေ့ အကြုံ များဟာ အလွန် အဖိုး ထိုက်တန်တယ်။ အကြောင်း ကတော့ ဒီ အတွေ့ အကြုံ တွေဟာ စုပေါင်း ခေါင်းဆောင်မှုမှ ပေါ်ထွက်လာလို့ဘဲ ဆိုလိုတာက စုပေါင်း အသိဉာဏ်၊ စုပေါင်း ခွန်အားနဲ့၊ စုပေါင်း ကျင့်ဆောင်မှု အမှန် ရှိတာ တွေမှ ပေါ်ထွက် လာလို့ဘဲ ။”

ဥက္ကဋ္ဌ သခင် ဗသိန်းတင်

နှစ်-၄၀ ပါတီ မွေးနေ့ လူထု အစည်းအဝေး မိန့်ခွန်းမှ ။

# ၆ လပတ်တိုက်ပွဲ



## စာရင်းချုပ်!

၁၉၇၉ ခု - နိုဝင်ဘာလ ၁၉ ရက်နေ့က စပြီး နေဝင်း စန်းယု စစ်အစိုးရဟာ - ဗမာပြည် ကွန်မြူနစ်ပါတီရဲ့ လွတ်မြောက်တဲ့ အခြေခံ ဒေသတွေကို ချေမှုန်း ဖျက်ဆီးဖို့ ၊ ဝါးချို သိမ်းပိုက်ဖို့ အကြံ ယုတ်နဲ့ သူ့ရဲ့ တပ်အင်အား တဝက် ကျော်ကို သုံးပြီး စတင် ထိုးစစ်ဆင် တိုက်ခိုက် ခဲ့ပါတယ်။ ဒါပေမဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ရဲ့ ဦးဆောင်မှုကို ခံယူထားတဲ့ ပြည်သူ့တပ်မတော်နဲ့ လူမျိုးစုံ ပြည်သူ လူထုကြီးဟာ ရန်သူ့ ထိုးစစ်ကို ခေါင်းထိုး စစ်နဲ့ ရိုက်ချိုး ဖျက်ဆီး ပစ်လိုက်ပါတယ်၊ ဇွဲလုံ့လ ရှိမှု ၊ သူရသတ္တိ ရှိမှုနဲ့ အခက်အခဲမျိုး စုံကို ကျော်နင်းပြီး တိုက်ပွဲ သဏ္ဍာန် မျိုးစုံနဲ့ ဒဏ်ခတ် ဆုံးမ လိုက်ပါတယ်။

ရန်သူ့ ထိုးစစ် စတင်ခဲ့တဲ့ ၁၉၇၉ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က စပြီး ၁၉၈၀ ခုနှစ် မေလ ၃၀ ရက်နေ့ထိ ၆ လ အတွင်းမှာ ရန်သူရဲ့ "မင်းရန်အောင် ထိုးစစ်" ဒွင်များဖြစ်တဲ့ ဗမာပြည် အရှေ့ပိုင်း ၊ အရှေ့ မြောက်ပိုင်းနဲ့ အလယ်ပိုင်းတို့မှာ မပြည့်စုံ သေးတဲ့ သတင်းများအရ - တိုက်ပွဲ ကြီးငယ် ပေါင်း ၇၇၇ ကြိမ် တိုက်ခိုက်ခဲ့ပါတယ် အဲဒီ တိုက်ပွဲ စဉ်များ အတွင်း ရန်သူ ၁၄၅၈ ယောက်သေ ၊ ၂၇၄၉ ယောက် ဒဏ်ရာရ ၊ ၂၃၅ ယောက် သုံ့ပန်း အဖြစ် ဖမ်းမိ ခဲ့ပါတယ်။ ဒါကြောင့် စုစုပေါင်း ရန်သူ ၄၄၄၂ ယောက် ချေမှုန်း နိုင်ခဲ့ပါတယ်။

ရန်သူ့ဆီက ၅၇ မမ နောက်ပြန့် အမြောက် ၄ လက်၊ ၈၁ မမ မော်တာ ၂ လက် ၊ ၆၀ မမ မော်တာ ၂၉ လက်၊ ၇၇ မမ ၂ လက် ၊ စက်လတ် ၂ လက် စက်ကလေး ၂၁ လက် ၊ ဆောင်ချာ ၁၂ လက်နဲ့ တခြား လက်နက် မျိုးစုံ ၈၈၆ လက်ကို သိမ်းပိုက် ရရှိခဲ့ပါတယ်။ ဒါ့အပြင် အမြောက်ဆံ ၉၀၉ တောင့် ဗုံးကာဆံ ၁၇ တောင့် ၊ ဆောင်ချာ ကျည် ၁၂၅ တောင့် ၊ တခြား ကျည်မျိုးစုံ ၇၆၆၄၁၁ ( ငါးသိန်း ခြောက်သောင်းကျော် လက်ပစ်ဗုံး ၇၇၄ လုံး ၊ မိုင်းဗုံး ၂၃၂ လုံး ၊ မိုင်ယာ လက်စက် ၁၉ လုံး ၊ စကားပြော ရေဒီ နန်းစက် ၄ လုံး ၊ မြင်းလား ၂၃ ကောင်နဲ့ တခြား စစ်သုံး ပစ္စည်း အမြောက်အများကိုလဲ သိမ်းပိုက် ရရှိခဲ့ ပါတယ်။

စစ်ကား ၃၉ စီး ၊ သံချပ်ကာကား ၂ စီး ၊ ဆက်သွယ်ရေးတံတား ၁၈ ခုကိုလဲ အဲဒီ ကာလ အတွင်းမှာ ဖျက်ဆီးပစ်နိုင် ခဲ့ ပါတယ်။

.... ကျုပ်တို့ရဲ့ သေနင်္ဂ ဗျူဟာနဲ့ စစ်ပရိယာယ် များဟာ ပြည်သူ့စစ်ပွဲ ဆိုတဲ့ အခြေခံ ပေါ်မှာ ချမှတ် ထားတာဖြစ်လို့ ပြည်သူကို ဆန့်ကျင်တဲ့ ဘယ်စစ်ဇာတ်ကမှ ကျုပ်တို့ရဲ့ သေနင်္ဂ ဗျူဟာနဲ့ စစ်ပရိယာယ်တွေကို အသုံး မပြုနိုင်ဘူး

ရဲဘော် မော်စီတုန်း

(မျက်မှောက် အခြေအနေနှင့် ကျွန်ုပ်တို့၏ တာဝန်)

# ဗမာပြည်ကွန်မြူနစ်ပါတီ

[illegible]

## ချီတက်ရာ သမိုင်းကြောင်း တလျှောက်မှ တချို့သော အတွေ့အကြုံများ

■ ပါတီဝင် တဦး

၁၉၈၉ ခုနှစ် ၊ ဩဂုတ်လ ၁၅ ရက်

ဒီနေ့ဟာ ကြီးမြတ်တဲ့ ဗမာပြည် ကွန်မြူနစ် ပါတီရဲ့ ၅၀ နှစ် မြောက် ပါတီ မွေးနေ့ နေ့ထူး နေ့မြတ်ပါပဲ ။ ဒီလို နေ့ထူး နေ့မြတ် အချိန်အခါ ကျရောက်တိုင်းမှာ ပါတီရဲ့ ကြွယ်ဝ များပြားလှ တဲ့ အတွေ့ အကြုံ အတ္ထုပ္ပတ္တိကို ယခုနှစ်တာ အတွင်း ရရှိခဲ့တဲ့ ရရှိချက်တွေကို ဝမ်းမြောက် အညီး နိုင်ခဲ့တဲ့ နေ့ ကိုလည်း ဆိုနိုင် ပါတယ်။

ပါတီဝင် ရဲဘော်တွေ ၊ ကေဒါတွေ ၊ ပြည်သူ့ တပ်မတော် သားတွေနဲ့ တော်လှန်တဲ့ လူမျိုး ပေါင်းစုံ ပြည်သူတွေရဲ့ ချွေးနှင့် သွေးတန် ဘိုးပေး ရယူခဲ့တဲ့ အတွေ့ အကြုံ သစ်များနဲ့ ပါတီရဲ့ ရင့် ကျက်မှုကို ပိုမို အားဖြည့် ပေးနိုင်ခဲ့ ပြန်ပါပြီ ။

ပါတီရဲ့ ပညာပေး ပြုစု ပျိုး ထောင် မှုနဲ့ ပါတီ သားကောင်း သမီးကောင်းတွေရဲ့ ၅၀ နှစ် တာ ဖြတ်သန်းမှု ခရီးဟာ ဗမာပြည် ကွန်မြူနစ် ပါတီရဲ့ ကြီးမြတ်မှုကို ပိုမို ခိုင်ခံ့ထယ် လေးနက် စေခဲ့တာ အမှန်ပါ။

အမှန် ပါပဲ ဒီလို ပါတီရဲ့ လေးစား ဖွယ် အတွေ့ အကြုံ တန်ဖိုး ဖြတ်နိုင်စွမ်း မရှိ တဲ့ ဂုဏ်ယူဖွယ် သမိုင်းကြောင်းတွေဟာ ဘယ် လို ပေါက်ပြန် ရေးသမား တွေကမှ ဖျက်ဆီးလို့ မ ရနိုင်တဲ့ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင် တဲ့ တော်လှန် ရေး သမိုင်းကြောင်းက အာမခံ ထား ပြီးသား ပါပဲ ။

" ကျနော်တို့ ပါတီဟာ တိုက်ပွဲ အမျိုးမျိုး ထဲမှ ကြုံတွေ့ခဲ့တဲ့ အတွေ့ အကြုံနဲ့ သင်ခန်းစာ တွေ ရခဲ့ပြီး ရင့် ကျက်တဲ့ ပါတီတခု ဖြစ်လာ ပြီ ။"

လွန်ခဲ့တဲ့ နှစ် ၊ ပါတီ အနှစ် - ၅၀ မြောက် အထိမ်း အမှတ် လူထု အစည်း အဝေး ပွဲကြီး မှာ တုံးက ပါတီ ရဲဘော် ဥက္ကဋ္ဌ ရဲဘော် သခင်ဘသိန်းတင် က အခုလို ညွှန်ပြ သွားပါတယ် ။

အဆက်ဆက် ပါတီရဲ့ အနှစ် - ၅၀ - အတွေ့ အကြုံ များနဲ့ ပါဝင် သက်ပြီး - - -

" ဒီ အတွေ့ အကြုံ တွေကို ပြင်းထန် တဲ့ အမျိုးသား ရေး တိုက်ပွဲ များနဲ့ လူတန်းစား တိုက် ပွဲ များ အတွင်း တန်ဖိုး အများကြီး ပေးပြီး မှ ရလာတာ ဖြစ် တယ်။" လို့ အခက်ကြုံ ပြောခဲ့ ပါတယ် ဒါဟာ အမှန်ပါပဲ ၊ ကျနော်တို့ ပါတီ သမိုင်းဟာ ဥက္ကဋ္ဌ ညွှန်ပြသလို အနှစ် ၅၀ ကျော် ယှက်နွယ် ကိုင် တော်လှန်ရေး တိုက်ပွဲ ၊ ပါတီ တွင်း က - လက် ဝဲ အမှားနဲ့ အမှန်တို့ရဲ့ တိုက်ပွဲ ၊ ပြည်တွင်း ပြည်ပ ပေါက်ပြန်ရေးသမား အဆက်ဆက်နဲ့ ရင် ဆိုင် တိုက်ခိုက်ခဲ့ရတဲ့ တိုက်ပွဲ စတဲ့ စတဲ့ တိုက် ကြီးငယ် ပေါင်း မြောက် များစွာကို ကြံ့ကြံ့ ခိုင် ခိုင် ရင်ဆိုင် တိုက်ခိုက်ပြီး ဖြတ်သန်း ခဲ့ ရတဲ့ သမိုင်း ပါ၊ အခြား တခြား ကမ္ဘာ့ ပစ္စည်းမဲ့ ပါတီ များလိုပဲ ၊ မှား ယွင်း ခဲ့တာ တွေလည်း ရှိခဲ့ တာ အမှန် ပါပဲ ။ ဒီလို အမှား တွေ တွေ့ကြုံ လာရ တဲ့ အခါမှာ မိမိကိုယ် ဝေဖန်ရေးနဲ့ ဝေဖန်ရေး

# ယုံကြည်ချက် အနာဂါတ် အတွက်

သွေး

ရဲရင့်တဲ့ ၊ ကြီးမြတ် ဂုဏ်ပြောင်တဲ့ စစ်သည်တွေရယ်
ရှင်တို့ မသေပါဘူး
ရှင်တို့ရဲ့ တက်ကြွ ကြည်လင်တဲ့
အောင်မြင်မှုကို ညွှန်ပြနေတဲ့ အသံဟာ
ကျမတို့နဲ့ အစဉ် ထိစပ်နေတဲ့ - ကမ်းကွာ ဝေးရတဲ့
ဟောဒီ မြေရွာ တကြောမှာ ပဲ့တင်ထပ်နေပါတယ် ၊
လူသတ်ကျွန်းက သေနတ်သံတွေဟာ
ရှင်တို့ကို မပျက်စီးနိုင်ပါဘူး
ဘယ်တော့မှ မပျက်စီးနိုင်ပါဘူး
အိမ်မဲ့ လူတို့ သစ်ပိုင်းကို ထူးနေသူတွေကို ပျက်စီးပါပြီ
နွေည များမှာ ကြည်လင်ပြီး
ပန်းရိုင်းတွေဟာ ရှင်တို့ရဲ့ မြေတင်းဝမှာ
အူထက်ငါ မျှဉ်မြိုင်လို့ ပျံ့မွှင့် ဝေဆာနေရဲ့
ငြိမ်းမှုကို ပေါ်ကြူးပြီး
တည်ငြိမ်စွာ အိပ်စက် လဲလျောင်းနေတဲ့
ရှင်တို့ ပျော်ရွှာ မြင်ပေါ်ကို
မြေ တောက်ပတဲ့ ငွေလ ရောင်က
ပျန်းပက် လန်းဆန်း နေလေတယ်
ညဦး ငှက်တွေဟာ ရှင်တို့ ပတ်ပတ်လည်မှာ
သာယာ ချိုအေးတဲ့ တေးသွားတွေကို သီကြူး နေလေရဲ့.
ကျဆုံး သွားတဲ့ စစ်သည်တွေရယ်
ငြိမ်သက်စွာနဲ့ အိပ်စက် အနားယူပါတော့ကွယ်
ရှင်တို့ ချထားခဲ့တဲ့ သေနတ်ကို ကောက်ကိုင်လို့
ရန်သူကို တိုက်ပွဲဝင်ဖို့ အသင့် ရှိ နေပါပြီ
ရှင်တို့ ဂုဏ်ဦး လျှောက် သွားတဲ့ လမ်းမကြီးဟာ
နေရောင်ခြည် အောက်မှာ ထင်းလင်း လို့ နေပါတယ်
ညအခါမှာ ငွေ ကြယ်မှုင့် လေးတွေက

---

အမှားထဲက သခင်ကို : တရုတ်ယူကာ [illegible] အမှား ကို မြင်ပိုက်ပြီ: ဆက်လက် ညီတက်ရင်း ကြံ့ခိုင် တိုးတက် အင်အား တောင့်တင်း လာရတဲ့ သမိုင်း လဲ ဖြစ်ပါတယ် ။ တခုညီး အားဖြင့် ပြောရရင် ကျ နော်တို့ ပါတီရဲ့ သမိုင်းကြောင်းဟာ တော်လှန် တဲ့ မြင်ပေါ် တိုးများ မှုတွေနဲ့ ပြွမ်းတီးလို့ နေပါ တယ် ။

ပါတီကို လွှမ်းခဲ့တဲ့ ၁၉၃၉ ခုနှစ် ဩဂုတ် လ ၁၅ ရက်နေ့က နယ်ချဲ့ ဘက်လိုက်ရဲ့ အုပ်စိုး မှု အောက်မှာ လျှို့ဝှက် မှု့ခဥ်း ခဲ့ရတာ ဖြစ် ပါတယ် ။ နယ်ချဲ့ ဘက်လိုက် လက်ထက် ရော ၊ ဖက် ဆစ် ဂျပန် အုပ်စိုး မှု အောက်မှာပါ မြေ အောက် အဖွဲ့ အစည်း အဖြစ် ရပ်တည် ခဲ့ရတာ

လမ်းညွှန်ပြ နေလေတယ်
ကျွန်မတို့ ရင်ထဲက မီးကို
ရှင်တို့ တွန်းအား ပေးခဲ့ပါပြီ
မျက်ရည် တွေကို သုတ်ပစ်ပြီး
အားမာန် သစ်တွေနဲ့
ရှေ့ကို ဆက်လက် ချီတက် နေပါပြီ
ဒီအပြစ် ကင်းတဲ့ ခလေးတွေ
မိခင် ရင်ခွင်မှာ ခိုလှုံ နိုင်ဖို့
ငြိမ်းချမ်းစွာ ပျော်ရွှင်နိုင်ဖို့
အနာဂတ် အသဲ့ ချစ်သူတွေ
ဝမ်းနည်းမှု ဒုက္ခက ကင်းလွတ် နိုင်ဖို့
အမိနိုင်ငံ ပြည်သူ တရပ်လုံးအဝ လွတ်မြောက်လာဖို့
ဒီအတွက်
ပြီးတော့ ရှင်တို့ မျှော်မှန်းခဲ့တဲ့
ပန်းတိုင်ကို အရောက် ချီတက် ဖို့
ကျွန်မတို့ ဒီအားလုံး
ရှင်တို့ ချီတက်ခဲ့တဲ့ လမ်းအတိုင်း
ရဲရဲကြီး လျှောက်လှမ်းလို့ လာနေပါပြီ
ရဲရင့်တဲ့ ကြီးမြတ် ဂုဏ်ပြောင်တဲ့ စစ်သည် တွေရှင်
ကျွန်မတို့ဟာ ရှင်တို့ ထားပေး သွားတဲ့
သမိုင်းပေး တာဝန်ကို ကြေပြွန်စွာ ထမ်းဆောင်ဖို့
ရှင်တို့ ချထားခဲ့တဲ့ ခြေရာ တွေကို
နောက်က လိုက် လိုက်ပါပြီ
အနာဂတ်ဟာ ရွှန်းပြောင် လှပါတယ်
ရောင်ခြည်ပြာတဲ့ အနာဂတ်ဟာ
ပြည်သူတွေကို အနွေး ဓါတ် ရွှမ်းမြူ ပါလိမ့်မယ်

(THE SONG OF YOUTH)
ကဗျာကို မှီငြမ်းပါတယ် ။ ။

---

·ဖြစ်ပါတယ်။

ပါတီဝင် ဆိုတာကလဲ တကယ့် အနစ် တကာ အနစ်ရှု ကလေး:ပါပဲ ။ ခုမှာပဲ ဖက်ဆစ် ဝါဒီ.ရဲ. အနှိပ် ဒ မယ်:ဆိုး:တာ၊ နှိပ်စက်တာ၊ သတ်ဖြတ် တာတွေကို ရင်ဆိုင် ကျော်လွှား ခဲ့ရတယ်။ ဒါပေမဲ့ ပါတီရဲ. မှန် ကန်တဲ့ ဦးဆောင်မှုနဲ့ လူထုပေါင်းရဲ့ ပြည်သူ တွေကို စည်းရုံးပြီး နယ်ချဲ့ ဆန့်ကျင် ရေး နဲ့ ဖက်ဆစ် လုပန် တော်လှန်ရေး ကို အောင်မြင်စွာ ဆင်နွှဲ နိုင် ခဲ့ပါတယ် ။

ဖက်ဆစ် လုပန် တော်လှန်ရေး အတွင်း မှာ စစ်ရှုံး ရေး တိုက်ပွဲ ပေါင်း (၁၀၀၀)

(စာသောင်) နီးပါးကို သိမ်းဆည်းခဲ့ပြီး ရန်သူ ၃၀၀၀၀ - နှစ်သောင်းခန့်ကို သေဆုံးစေခဲ့ပါတယ်။ စစ်သုံးပစ္စည်း အမြောက်အများကိုလဲ လက်ရ ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဖက်ဆစ် ဂျပန်တို့ရဲ့ အမှတ် ၅၄ တပ်မကြီးမှ အရေးကြီးတဲ့ အရာရှိ အားလုံးလိုလိုကို သုတ်သင်နိုင်ခဲ့ပါတယ်။ သေကြေသွားတဲ့ အရာရှိထဲမှာ ဒုတိယ ချုပ်ကြီး တယောက်နဲ့ ဗိုလ်ချုပ် နှစ်ယောက်တို့ ပါဝင်ခဲ့ပါတယ်။

၁၉၄၆ ခုနှစ်မှာ ပါတီရဲ့ ခေါင်းဆောင်မှုနဲ့ စက်တင်ဘာလ အထွေထွေ သပိတ်ကြီး ဖြစ်ပေါ်ခဲ့တဲ့ အတွက် ရန်သူ အင်္ဂလိပ် အုပ်စိုးမှု စက်ယန္တရားဟာ ရပ်ဆိုင်းသွားခဲ့တယ်။ ဒုရိုက်ဖဟာ ဒုရဲ့ အတိုင်ပင်ခံ အမှုဆောင်အဖွဲ့ကို ဖျက်သိမ်းပေးရတဲ့ အထိ အောင်မြင်ခဲ့တယ်။ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ အထွေထွေ သပိတ်ကြီးကိုလဲ ပါတီကပဲ ခေါင်းဆောင်ခဲ့တယ်။ အဲဒီ သပိတ်ဟာလဲ အောင်မြင်ခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာ အောင်ဆန်းဟာလဲ အင်္ဂလိပ်နဲ့ လွတ်လပ်ရေး အတွက် စာချုပ် ချုပ်ဆိုမှုရဲ့ လမ်းနလမ်းမှာ သန္ဓာ ပေါက်ပြီး ပါတီဝင်တွေနဲ့ လယ်သမား၊ အလုပ်သမားတွေကို သတ်ခဲ့တယ်။ အောင်ဆန်း အက်တလီ စာချုပ် ချုပ်ပြီးတဲ့နောက် နုအက်တလီ စာချုပ်ကို အင်္ဂလိပ် နယ်ချဲ့သွားနဲ့ ချုပ်ဆိုကာ ဖဆပလ ဟာ တောက်လျှောက် ပေါက်ပြန်ခဲ့တော့တယ်။ ဖဆပလဟာ အင်္ဂလိပ်နယ်ချဲ့ရဲ့ အလိုကျ အဲဒီလို သစ္စာဖောက်မှုတွေ လုပ်နေတဲ့ အတွင်းမှာပဲ ပါတီရဲ့ ခေါင်းဆောင်မှုကို ခံယူထားတဲ့ တပ်နီ တပ်မှုရဲ့ ခေါင်းဆောင် နှစ်ဦး ဖြစ်တဲ့ ဗိုလ်ညွန့်ဖေနဲ့ ဗိုလ်သိန်းဖေတို့ပါ ပျဉ်းမနား လယ်ဝေးမှာ ကျဆုံးခဲ့ပါတယ်။ ဒီပေမဲ့ ပါတီရဲ့ ခေါင်းဆောင်မှု အောက်ရှိ တပ်နီရဲ့ အင်အားဟာ ၁၉၄၈ ခုနှစ် အစမှာ ၅၀၀၀၀ (ငါးသောင်း) ခန့် အထိ ဖြစ်လာပါတယ်။

ပျဉ်းမနား လယ်သမား ကွန်ဂရက်ကြီးမှာ လယ်သမားများဟာ နှစ်သိန်းကျော် အထိ တက်ရောက်ခဲ့ပါတယ်။

၁၉၄၈ ခုနှစ်၊ ဖေဖော်လမှာလဲ ရန်ကုန် ဓနိဝေ ဘီအိုစီမှ အလုပ်သမား နှစ်ဦးကို အကြောင်းမဲ့ အလုပ်ဖြုတ်ပြီး ဝတ်ဖြစ်ခဲ့တဲ့ အတွက် ဘီအိုစီ အလုပ်သမားများက သပိတ်မှောက်ခဲ့ကြပါတယ်။ အဲဒီ သပိတ်ကြီးကို သံလျှင် ဘီအိုစီ အလုပ်သမားများ၊ သစ်စက် အလုပ်သမားများ၊ သင်္ဘောကျင်း အလုပ်သမားများက ပါ ထောက်ခံပြီး တိုက်ပွဲဝင်လာကြတဲ့ အတွက်၊ အလုပ်သမား တသောင်း (၁၀၀၀၀) ကျော် အထိ သပိတ် တိုက်ပွဲထဲမှာ ပါဝင်ခဲ့ကြပါတယ်။

အဲဒီ အလုပ်သမား သပိတ်ကို ပျဉ်းမနား လယ်သမား ကွန်ဂရက်ကြီးက ဂုဏ်ပြု ထောက်ခံကြောင်း အဆိုကို ချမှတ်ခဲ့ကြပါတယ်။

အဲဒီ အချိန်က မူဒိန်းမှ ဗြူးလွန်တဲ့ ဝန်ကြီးတဦးပါတဲ့ သခင်နု အစိုးရ အဖွဲ့ကို သတင်းစာများက ဝိုင်းဝန်း ရှုတ်ချ ရေးသားခဲ့ကြပါတယ်။ ဖဆပလနဲ့ ဆိုရှယ်လစ်တို့ဟာ သူတို့ အထဲက သူမိုက်တစုကို သွတ်ပြီး ရန်ကုန်မြို့ထဲရှိ သတင်းစာတိုက် သုံးတိုက်ကို ဖျက်ဆီးခဲ့ကြတယ်။

ကွန်မြူနစ် နေ့စဉ် သတင်းစာကို ဖျက်ဆီးဖို့ လုပ်ခဲ့ပေမဲ့ အလုပ်သမား တသောင်း(၁၀၀၀၀) ကျော်က သတင်းစာတိုက်ကို ကာကွယ်ခဲ့ပါတယ်။

၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့ကစပြီး ဖဆပလဟာ ပေါက်ပြန်တဲ့ ပြည်တွင်းစစ် လမ်းစဉ်ကို ပေါ်ပေါ်ထင်ထင် ချပြီး တိုင်းပြည်နဲ့ ဗိုလ်ချုပ်မှူး ကွန်မြူနစ် ဆန့်ကျင်ရေး ပြည်သူ ဆန့်ကျင်ရေး ကြမ်းကြုတ် ရက်စက်တဲ့ စစ်ပွဲကို စတင် ရွေးခဲ့တယ်။ ကွန်မြူနစ်တွေ၊ ပြည်သူတွေကို အရက်စက် အယုတ်မာဆုံး ဖမ်းဆီး သတ်ဖြတ်တာ၊ ရွာလုံး ကျွတ် မီးရှို့ ဖျက်ဆီးတာ လူယုတ်မာ ကြမ်းကျုတ်တာတွေကို လုပ်ခဲ့ ပြန်တယ်။ ဗမာပြည် ကွန်မြူနစ်ပါတီကို လုံးဝ လက်စ တုံး သတ်ပစ်ဖို့ လုပ်ခဲ့တာပဲ ဖြစ်တယ်။

အဲဒီ ၁၉၄၈ ခုနှစ် ဧည့်ဆီ တဖက်ပြည်

ကွန်မြူနစ် ပါတီမှာ ပါတီဝင် ၄၈၀၀ (လေး
ထောင့် ရှစ်ရာ) လောက်သာရှိပြီး တောင်သူ
လယ်သမား သမဂ္ဂ အဖွဲ့ဝင်တွေဟာလဲ
၆၀၀၀,၀၀ (ခြောက်သိန်း) ကျော်ပဲ ရှိပါ
တယ်။ အဖမ်းခံရ အသတ်ခံရလို့ ပါတီ
ဝင်တွေဟာ များစွာ ရှော့သွားပြီး သမဂ္ဂ
ခေါင်းဆောင်တွေ အဖမ်းခံရတာ သမဂ္ဂ
တွေလဲ အဖျက်ခံရလို့ သမဂ္ဂဟာ အင်
အားဟာလဲ အတော်ကိုပဲ လျော့သွားခဲ့ပါတယ်

ဒါပေမဲ့ ပါတီဟာ ရန်သူကို ဒူး
ထောက် အရှုံးမပေးခဲ့ဘူး ။ မော်ကစ် ဝါဒနှင့်
ပါဒ တလောကလုံး ဆိုင်ရာ အမှန်တရားနဲ့
မြန်မာပြည်ရဲ့ အခိုင်အမာ တော်လှန်ရေး
လက်တွေ့ကို ပေါင်းစပ်ပြီး အင်အားကြီး
တဲ့ ရန်သူကို ခုခံ တော်လှန်ရေးစစ်
ပွဲနဲ့ တုံ့ပြန် တိုက်ခိုက်ခဲ့ပါတယ်။ အလုပ်
သမား၊ လယ်သမား၊ ကျောင်းသား၊ အမှုထမ်း
နဲ့ မြို့နေဆင်းရဲသားတွေကို တဖက်က စည်း
ရုံးနိုင်ခဲ့သလို တဖက်ကလဲ လက်နက်ကိုင်
တော်လှန်ရေးရဲ့ လိုအပ်ချက်ကို ဖြည့်တင်း
ဖို့အတွက် လယ်သမားသူပုန်က ဗဟိုဒါးပြ
အဖွဲ့တွေ အဆုံး စည်းရုံး ပညာပေး သိမ်း
သွင်း ယူခဲ့ပြီး ခုခံ တော်လှန်စစ်ပွဲကို ရေ
ရှည် ပြည်သူ့စစ်ပွဲ အဖြစ် ဆင်နွှဲခဲ့ ရခြင်း
ဖြစ်ပါတယ်။

ပါတီရဲ့ မှန်ကန်တဲ့ လမ်းစဉ် ၊
ပါတီဝင်တွေ ဗိုလ်တွေ - ပြည်သူ့လွတ်
မြောက်ရေး တပ်မတော်ရဲ့ အတိုင်းမသိ
စွန့်လွှတ် အနစ်နာခံ မှု ၊ ရန်သူကို ဒါးသီး -
မှုန်းတီးစွာ ဆန့်ကျင်ခဲ့မှု ၊ လူထုပေါင်းစုံ
ပြည်သူ လူထုကြီးကို ရှေ့ဆောင်ပြီး ရဲရဲ
ဝံ့ဝံ့ တိုက်ပွဲဝင်ခဲ့မှုတွေ ပေါင်းစပ်မိတဲ့
အခါမှာပေါ့ ပါတီရဲ့ အင်အားဟာ ပြော
လောက်တဲ့ အပြင် တိုးပွားလာခဲ့ပါတယ်။
အားနည်းရာက အားကောင်းရာ ၊ မရှိရာက ရှိရာ
ဆိုတဲ့ ဖြစ်စဉ်ကို ဖြတ်သန်း ခဲ့တော့တာပါပဲ။

ကြည့်ပါ ရန်သူ အမျိုးမျိုး ဖမ်းဆီး
ထောင်ချ ၊ ခေါင်းချောင်း အိုးခေါက် သတ်ဖြတ်နေ
တဲ့ကြားထဲက ၁၉၄၉ ခုနှစ် ရောက်တဲ့ အခါ
ကျတော့ ပါတီဝင် အင်အားဟာ ၃၅၀,၀၀
(သုံးသောင်း ငါးထောင်) အထိ ဖြစ်ထွန်း -
တိုးတက် လာခဲ့တယ် ။ ပြည်သူ့ လွတ်
မြောက်ရေး တပ်မတော်ဟာလဲ ၁၀,၀၀၀
(တသောင်း) ကျော်ထိ တိုးတက်ခဲ့တယ်
တောင်သူ လယ်သမား သမဂ္ဂဝင် ဟာလဲ -
၁၀၀,၀၀၀,၀ (တသန်းကျော်) အထိ
ခုန်ပျံကျော်လွှား တိုးတက် လာခဲ့တယ်။
၁၉၄၉ ခုနှစ် ၊ ဖေဖော်ဝါရီ လမှာလဲ ကျောင်း
သားများနဲ့ အစိုးရ အမှုထမ်း များဟာ ၅
တင် သပိတ်မှောက်ကြ ပြန်တယ်။ နောက်
တဆက်ထဲ လိုပဲ မြန်မာပြည် မီးရထား အလုပ်
သမား သမဂ္ဂ နဲ့ ဒလ သင်္ဘောကျင်း အလုပ်
သမား များကလဲ သပိတ် မှောက်ကြတော့ အ
တွက် သပိတ်ဟာ အထွေထွေ သပိတ်ကြီး
အဖြစ်သို့ ရောက်ခဲ့တော့တယ်။

အဲဒီ သပိတ်ကြီးကို ဖျက်ဆီး
ဖို့အတွက် သခင်နု အစိုးရက "ကရင် အန္တ
ရာယ် မှ မြန်မာပြည်ကို ကာကွယ်ကြ" ဆိုတဲ့
ကြွေးကြော်သံနဲ့ ဖျက်ဆီးခဲ့ ပေမဲ့ မပျက်စီး
ခဲ့ပါ ။

အလုပ်သမား များဟာ ဒလ
သင်္ဘောကျင်း ဒေသမှာ ရှိတဲ့ ရန်သူရဲ့
ဂါတ်တဲနဲ့ ကင်းများကို ဝင်ရောက် တိုက်
ခိုက် သိမ်းပိုက်ခဲ့ တယ်။

ဒလမြို့ကို အလုပ်သမားများက ၁၁
လနီးပါး သိမ်းပိုက် ထားနိုင် ခဲ့ကြတယ်။
ခိုင်လှတဲ့ သပိတ် မှောက်သူတွေထဲက အ
လုပ်သမား၊ ကျောင်းသား၊ အမှုထမ်းတို့ဟာ
လက်နက်ကိုင် တော်လှန်ရေးထဲကို ပါဝင်လာ
ကြတယ်။ အလုပ်သမား အများစု ပါဝင်တဲ့
တပ်ရင်းတခုကို ဖွဲ့စည်း နိုင်ခဲ့တယ် ။
၁၉၄၉ ခုနှစ် ဇူလ ၂၄ ရက်နေ့မှာ ဗမာ
ပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုနဲ့
ဗမာပြည် ကွန်မြူနစ်ပါတီ ၊ တော်လှန်နေ
သော ဗမာ့တပ်မတော် ၊ တော်လှန်နေသော
ပြည်သူ့ရဲဘော် အဖွဲ့တို့ ပါဝင်ပြီး ပြည်
သူ့ ဒီမိုကရေစီ ညီညွတ်ရေး တပ်ပေါင်း
စုကိုလဲ ဖွဲ့စည်း နိုင်ခဲ့ ပါတယ်။ လုံး၀
တည် ဆောက် ထားတဲ့ လက်နက်ကိုင် တပ်
ဟာ ရန်သူရဲ့ ဖိနှိပ် သတ်ဖြတ်မှု အောက်
မှာ ပြည်တွင်းစစ် မီး တောက်လောင်နေ
တဲ့ ၂နှစ်တာကာလ ၁၉၅၀ ခုနှစ် - -

ကြာတော့ ၁၅၀,၀၀ ( တသောင်းငါးထောင် ) အထိ ဖြစ်ပေါ်တိုးပွား လာခဲ့ပါတယ် ။ ဒါဟာ မှန်ကန်တဲ့ လမ်းစဉ် အောက်မှာ မရှိရာက ရှိရာကို ကူးပြောင်းလာခဲ့တဲ့ သာဓက တခုပါ ပဲ ။

၁၉၅၁ ခုနှစ် ရောက်တဲ့ အခါမှာ တော့ ပါတီဝင် ဦးရေဟာ ပျဉ်းမနားခရိုင် တခုထဲမှာတင် ၆၀၉၁ (ခြောက်ထောင် ကိုး ဆယ့်တစ်) ယောက် ရှိခဲ့ပါတယ် ။ တော်လှန် စစ်ကာလ အတွင်းမှာ ပေါက်ဖွားလာခဲ့တဲ့ ပြည်သူ့ တပ်မတော်ဟာလည်း တစတက် တစ တိုးပြီး အင်အား ကြီးထွားလာခဲ့ပြီး ရန်သူ ဖဆပလ အစိုးရကို "ရန်ကုန် အစိုးရ" လို့ သမုတ် ခံရတဲ့ အခြေအနေရောက်သွား တဲ့ အထိ ရွှမ်းအောင်နိုင်ခဲ့ပါတယ် ။

နောက်ပါတီဟာ ပါတီတွင်းက သစ္စာ ဖောက်တွေ ၊ ရန်သူ့ထံ ဒူးထောက် အ ညံ့ခံ လက်နက်ချတွေ ၊ ပါတီ ဖြိုခွဲရေးကို ရိုက် ရိုက် ခတ်ခတ် လုပ်ခဲ့ သူတွေရဲ့ အန္တရာယ် နဲ့လည်း အကြိမ်ကြိမ် ကြုံတွေ့ တိုက်ပွဲဝင်ခဲ့ ရပါ သေးတယ် ။ အောင်ဆန်း ၊ သခိန်းပေ ၊ သွင်ဦး စတဲ့ သူတွေဟာ ပါတီကို ဖျက်ဖို့ လုပ်ခဲ့ တယ် ။ ဒါပေမဲ့ ပါတီဟာ ပါတီဖျက်ဆီးရေး သမားတွေကို ပြတ်ပြတ်သားသား [illegible] အောင် နိုင်ခဲ့ပြီး [illegible] ဖော်ကို ကိုင်စွဲပြီး [illegible] အင် အားကြီးထွားအောင် တည်ဆောက် နိုင်ခဲ့ပါ တယ် ။

နှစ် ၄၀ ကျော် ပါတီသက်တမ်းနဲ့ နှစ် ၃၀ ကျော် လက်နက်ကိုင် တော်လှန်ရေး အတွင်းမှာ ရန်သူရဲ့ ပါတီ ခံနိုင်ကျင်ရေး ၊ ချေမှုန်းရေးနဲ့ သစ္စာဖောက်တွေရဲ့ ပါတီဖြို ခွဲရေး ဖျက်ဆီးရေး ကိစ္စ မှန် သမျှကို ရင် ဆိုင် ကျော်နင်းပြီး ပါတီဟာ အောင်ပွဲခံ လမ်းကြောင်း အတိုင်း ရဲရဲဝံ့ဝံ့ ချီတက် လာခဲ့တာဟာ ဒီနေ့ ဘယ်သူမှ ငြင်းမရတဲ့ ဖြစ်ရပ်ပါ ၊ မာက်စ်ဝါဒ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ်ရဲ့ လမ်းညွှန်မှု အောက်မှာ — မြန်မာပြည် တော်လှန်ရေး လက်တွေ့နဲ့ တခဲနက် တိုး ပေါင်းစပ်နိုင်ဖို့ ကြိုးစားနေတဲ့ ကွန်မြူနစ် ပါတီ ခေါင်းဆောင်မှုနဲ့ အနာဂါတ် ရဲ့ ထွန်းလင်း တောက်ပမှုကို လဲ သစ္စာဖောက်တွေ အညံ့ခံ ရေးသမား တွေက မတားဆီးနိုင်တဲ့ အပြင် ဘယ် လို ရန်သူမျိုး ကမှလဲ ဖျက်ဆီးလို့ မရ နိုင်ပါ ။ ။

---

## အသီးကျန် မယူတော့ဘူး

သိန်းဆွေ

ဒင်ကြီး ဆောင်းပြွတ်
ရိုင်ဖယ်စွတ်နဲ့
မဆုတ်မတွန့်
မကြောက်ရွံ့ပဲ
"လူထုဖို့ဆို
ပါတီကို ယုံကြည်"
သဒ္ဓါကြည်ကြံ့ခိုင်
ရန်သူ မှန်သမျှ
ရင်ဆိုင်လို့
ငါတို့ မြဲမြဲ ရပ်ခဲ့တယ် ၊
နိုင်ငံ တကာ
မဆွည်းယဲ့ လူတန်းစားနဲ့
အာဖရိက ပြည်သူများရဲ့
တိုက်ပွဲဝင် အောင်တေးတွေကြောင့်
ငါတို့ အားသစ် လောင်းနိုင်တယ် ။
ညီနောင် တပ်မှူးများရဲ့
တိုက်ပွဲဝင် အောင်သတင်းနဲ့
တပြည်လုံး မြေခြိမ်းသံတဲ့
တိုက်ပွဲဝင် အောင်တေးတွေက
ဦး ကို အားသစ် ဖြစ်စေတယ် ။
ဒင်ကြီး ဆောင်းပြွတ်
ရိုင်ဖယ်စွတ်ပေးယဲ့
ငါတို့ အသီးကျန် မယူတော့ဘူး ။ ။

# အရိုးတွေ အမြှုပ်ပါလာတွေ

လုံး ... မော်ရော့ ... အလယ်လိမ်းကြေးစားတယ်

မော်ဆန်း

ကြေးစား အလောင်းတွေ ပြန့်ခဲကောင်း၊ အောင်သွေး အလိမ်းလိမ်း ပြန့်ကြဲနေတဲ့ စစ်မြေပြင် –

ကြေးစားတပ် စစ်ဘိနပ်ရှည်ကြီးထဲမှာ ဒူးဆစ်အောက်အားကနေ ပြတ်နေတဲ့ စစ်သည်ရဲ့ ဘယ်ဘယ် ခြေထောက် တချောင်း၊ လူကိုယ် အလောင်းနဲ့ ခြေထောက် တခြားစီဖြစ်နေတယ်။

ခေါင်းက ရေညွှန်ဆုပ်ပြီး၊ မြေပြင် ပေါ်မှာ ပါရိုတာစ - ဒီတစ်နဲ့ ကြေးစားစစ်မိုလ် ဆိုသူရဲ့ သံမင်ခရာတွေ ပြန့်ကြဲနေတယ်ပေါ့။

ပြည်သူ့ ယူဟူဆီက အတင်းအဓမ္မ လုယက်လာတဲ့ ဦးရာပါ၊ ဂူရာပါ ယမ္မညီးတောင် အံ့မဲ့ပါ အောင် မသေယံနိုင် ရှာပဲ ပြည်သူ့ တပ်မတော်ရဲ့ လက်ချက်နဲ့ ခေါင်းတခြား ကိုယ်တခြား အသားတခြား၊ အရိုးတခြား ဖြစ်နေတဲ့ ကြေးစား၏ အသား၊ သွေး အစအန တွေဟာ ဦးရာပါ ယမ္မညီ အစအနတွေနဲ့ အတူ၊ အနှံ့ က သစ်ပင်မှာ တွဲလောင်းနေတယ်။

မဆုတ်ပါတမင့်။ ပြည်သူ့ တပ်မတော် အပါအဝင် ပြည်သူ့ လက်နက်ကိုင်တွေနဲ့ ရင်ဆိုင်တဲ့ တိုက်ပွဲတိုင်း၊ နေရာဒေသတိုင်းမှာ၊ နေဝင်း ခန့်ယူ စစ်အာဏာရ ကြေးစားတပ်တွေဟာ အယ် အနာကြီးနာ၊ အရှုံးနဲ့ အခံရုံးကို ရင်မှာ ပိုက်ပြီး အမိုက် ကောက်ယမ်း ရှည်ကြီး ကို ခင်းကျင်းနေပါတယ်။ စစ်ရေးအရသာ ကြည့်ကြည့်၊ သမိုင်းရေးအရ အာကြည့်ကြည့်၊ ပေါက်ပြန့်တဲ့ နေဝင်း ခန့်ယူ စစ်အာဏာရဲ့ ကြေးစားတပ်ဟာ အရှုံးခွဲထဲမှာ တဖြေးဖြေး ကျဆုံး ပျက်သုဉ်း ရမှာ မုချပါပဲ။

အိုးပို ပြည်သူ့ လက်နက်ကိုင် အဖွဲ့ အစည်းတွေနဲ့ တိုက်ခိုက်ရတဲ့ တိုက်ပွဲ တွေမှာပြီးလို့ တခါ ရှုံးရတိုင်း သေချင်းဆိုး သေသူတွေ အပြင် – ကျန်ရစ်သူ ရှုံးကြီး ရှုံးလေး ခံသူတွေ မှာလဲ အဖြစ်မှန်တွေကို ဖုံးဖိကြဖို့ ပေါက်ပြန့်ရေး – သွားတွေရဲ့ တိုးခံ အတိုင်း၊ လက်ညှိုးတွေ အပြန်အလှန် ထိုးကြ၊ အပြစ်တင်ကြ၊ နှာခေါင်း ရှုံ့ကြနဲ့၊ တရားခံ ရှာပွဲကြီး လုပ်ရှေ့ ရှိပါတယ်။

နောက်ဆုံး ဒီ လက်ညှိုးတွေဟာ ဘယ်မှာ နိုင်းချပြီ အဆုံးသတ် ရောက်ကြပါသလဲ၊ နေဝင်း ကြေးစားတပ်ရဲ့ ဥပဒေ ယောင်းကြီး အတိုင်း၊ နောက်ဆုံး ယိုတ် ကြေးစားတွေ အပေါ် မှုချ လိုက်ကြပါတယ်။ ကြေးစားတပ်မှာ အဆင့်ဆင့် ပြဿနာကို ဖြေရှင်းပုံနဲ့ ပတ်သက်လို့ ပြောနေကျ စကား တခု ရှိပါတယ်။

တပ်သား ပြဿနာ ဖြစ်ရင် ဦးတပ်ကြပ်က ဖြေရှင်း၊ ဦးတပ်ကြပ် ဖြစ်ရင် တပ်ခွဲမှူးက ဖြေရှင်း၊ ဒီလို အဆင့်ဆင့် တက်ပြီး ဖြေရှင်း ရတဲ့ နည်းနာ ကြောင့် နောက်ဆုံး စစ်ဦးစီး ချုပ် သိပ်ကြီး ထိုသူ ပြဿနာ ဖြစ်ရင်၊ ဘယ်သူက ဖြေရှင်းကြမလဲ ဆိုတဲ့ ပြောစကား ပါပဲ။

အခုလဲ စစ်ပွဲတခါ ရှုံးရတဲ့ အခါတိုင်း ပြဿနာကို လက်ညှိုးပေါင်း များစွာနဲ့ အဆင့် ဆင့် ထိုးချ ဖြေရှင်း လိုက်ကြရင်း၊ နောက်ဆုံးမှာ အောက်ဆုံးက ကျဉ်းခံရ ကြေးစား တပ်သား တွေဆီကိုပဲ ရောက်လာခဲ့တယ်။ ပြည်သူ့ စစ်ပွဲ သယူဂ္ဂရာထဲမှာ၊ အသက်မပျောက်၊ မကျိုးမကန်း၊ မရူးမသွတ်၊ အခြား ကောင်း အမှန်းတောင်းလို့ ပျက်စီးသူပေ ပြန်ရစ်ခဲ့ကြတဲ့ စစ်ဒါးမြဲဆိုးတွေမှာ စစ်ရှုံး ပိုဖို့တဲ့ အကြောင်းပြ ချက်နဲ့ ဒီကော်ခတ် အပြစ်ပေးတာခံရ၊ ထောင်ချတာခံရ၊ ရာထူး ချတာခံရ၊ စတဲ့ အပြစ်ပေးမှုနဲ့ ကြုံနေကြ ရတယ်။ အဖြစ်မှန် သာ ဒက တခုကတော့ ........

... တိုက်ပွဲတိုင်း ရှုံးတာမေ ၉၉ က သူတို့ –

အခေါ် ဖိုးကချင် ခေါ်တဲ့ ကချင်ရွာဟာ ၁၉၇၅ ခု
နှစ် ဧပြီလယ် ပိုင်းလောက်မှာ၊ မြွတ်မြောက်ဒေ
သကို ဟာဒါ တိုးဝင်လာခဲ့တယ်။ ဒီပွဲမှာလဲ
ပြည်သူ့တပ်မတော်နဲ့ ပြည်သူ့ လက်နက်ကိုင်
တွေက ဆုံးမ ပညာပေးလိုက်လို့ အထိနာကြီး
နာကာ ပြွတ်ပြေးခဲ့ကြရတယ်။ ပြည်သူ့တပ်
မတော်သို့ လက်နက်၊ ခဲယမ်းနဲ့ အသာက်တွေ
အများကြီး ပေးအပ်ခဲ့ကြရတယ်။ ထို့ပြင် အ
ဆိုင်းဒီဘာမှုလဲ ရှုံးခဲ့ရတဲ့ ဥက္ကတတပ် - ဖိုးက
ချင်ဟာ နောက်တန်း ရောက်အောင် ပြန်မသွား
နိုင်ပဲ ဒုတိယမြို့ ကွတ်မြောက်ဒေသ၊ သူတို့
သေတွင်းပကို သိတ်သိတ်လန့်လန့် ကြောက်
ကြောက်ရွံ့ရွံ့နဲ့ ပြန်ရောက်လာခဲ့ရပြန်တယ်။
ဒီကို ပြန်ရောက်လာတဲ့ အကြောင်းရင်းကတော့
စစ်ရှုံးအောင် တိုက်ခဲ့လို့ ဆိုပြီး သူတို့
အထက်က နောက်ပိုင်းပြန်ခွင့် မပေးဘဲ ဒါဏ်
ခတ်လိုက်တာဖြစ်တယ်။ မင်းတို့ သိတ် အသုံး
မကျတဲ့ ကောင်တွေပဲ၊ ငါတို့စစ်ရေး စီမံချက်
တွေ ဒီလောက် ကောင်းရက်နဲ့ မင်းတို့ အသုံး
မကျလို့ ရှုံးရတာ၊ ဒါကြောင့် မင်းတို့ အရှုံး
အတွက် ဒါဏ်ခတ်တဲ့ အနေနဲ့ ဒီဒေသတစိုက်
မှာ နားခွင့်ယူရှိ ကွဲညည့်ကောင်း အပြစ် ပြလတ်တိ
ပြန်သွားနေကြရမယ်လို့ အမိန့်ပေးလိုက်တဲ့၊
ဒီကြေးစား ကချင်ရွာဟာ သူတို့သေတွင်းပကို
စိတ်မပါ အကြကြီး ကျကာ ပြန်လာကြရတာပါပဲ

နောက် အပြစ်အပျက် တခုကလဲ —

၁၉၇၅ ခုနှစ်ထဲမှာပဲ၊ မုံလို မြို့နယ်
ထဲက ခလရ - ၃ ကြေးစားစခန်း တခု ကို -
ပြည်သူ့တပ်မတော်က သွားရောက်တိုက်
ခိုက်ခဲ့တယ်။ ကတုတ်ကျင်းတွေထဲက မထွက်
ရဲ၊ ခြေ တလှမ်းလောက် တောင် ရဲရဲမလျှောက်
ရဲ ဖြစ်နေတဲ့ စစ်ဒြမြတွေဟာ မတတ်သာလို့
အပြင်ထွက် ခဏ ကင်းလှည့်တဲ့ အချိန် ပိုင်း
လေး အတွင်းမှာ ပြည်သူ့တပ်မတော်က အ
လစ်ဝင် တိုက်ခဲ့တယ်။ ဒါကြောင့် ကြေးစား
တပ်စုတစုလုံး၊ ကျောပိုးအိတ်တွေ ကျန်သူ
ကျန် သေနတ် ပစ်ချသူချ၊ ကျည်ဆံတွေထား
ခဲ့သူ ထားခဲ့နဲ့ မရှိမဲ့ ထွက်ပြေးခဲ့တယ်။
ရန်သူ့ အလောင်းနှစ်လောင်းလဲ ကျန်ရစ်ခဲ့
တယ်။ တချိန်ထဲ ဒါဏ်ရာတွေ ရသွားကြတယ်

ဒီကျန်ခဲ့တဲ့ အလောင်း နှစ်လောင်းထဲက
အလောင်းကို ၄-၅ ရက်လောက်ကြာမှ အရပ်
သားတွေကို ငွေပေး၊ သေနတ်တော့ ချိန်
ချောက်ပြီး ပြန်ယူခိုင်းခဲ့တယ်။

ကျန်တဲ့ အလောင်းကတော့ ပိုးထိုး
လောက်ကိုက်၊ ကျီးကိုက်နဲ့ နံစော်၊ အမြင်မတော်
အောင် ပစ်ထားခဲ့ကြတယ်။ ဒီလို အသေဆိုးနဲ့
မိုးရှုး ပက်စက် ဖြစ်ခဲ့ရတဲ့ ဒီတပ်စုဟာ သူတို့
တပ်စွဲ ရှိတဲ့ နေရာကို ပြန်ခွင့် မရပါဘူး။ ဒါ
ကြောင့် တပ်စွဲကို မပြန်ရဲပဲ၊ တခြား လုံခြုံရာ
တခု ရှာပြီး ပုန်းနေကြရတယ်လို့ ဆိုပါတယ်။
ထွက်ပြေးလာခဲ့ ရဲဘောင်းလား ဆိုတဲ့ သဘော
နဲ့ အပြစ်ဒါဏ် ပေးတာ ဖြစ်တယ်လို့ ဆိုတယ်။

တပ်မ - ၈၈ အတွင်းက ဖြစ်ပျက်
ခဲ့တဲ့ အဖြစ်အပျက်တခုလဲ ရှိပါသေးတယ်။
၁၉၇၈ ခုနှစ် ဇူလိုင် ပိုင်းလောက်က စစ်သင်
ရေး တခုမှာ တပ်မ - ၈၈ လက်အောက်ခံတပ်
ရင်းတခုက ရင်းမှူး တယောက်ကို တပ်မ ဌာန
ချုပ်မှာပဲ ဖမ်းချုပ်လိုက်တယ်။ ဒီကြေးစား
ဗိုလ်တွေဟာ ရှေ့တန်းမှာ တပ်မ - ၈၈ လက်
အောက်ခံ တခြားတပ်တခု ကို ပြည်သူ့တပ်မ
တော်က ဝိုင်းဝန်း ချေမှုန်း လိုက်လို့ အထိနာ
ကြီးနာနေချိန် စစ်ကူခေါ်ရာမှာ မသွားလို့ ဆို
ပါတယ်။ နောက်ဆုံး ဒီ ဗိုလ်မှူးနဲ့ အပေါင်း
အပါ တွေဟာ ရာထူးပြုတ်၊ ထောင်ကျသွား
ခဲ့ကြတယ်လို့ သိရပါတယ်။ ဒီလို နေဝင်း ကြေး
စားတပ်ရဲ့ အဆင့် အသီးသီး စစ်ဒြမြတွေဟာ
တိုက်ပွဲ ရှုံးပြီး ပြန်လာတိုင်း၊ ထောင်ကျ၊ ရာထူး
ပြုတ်၊ ရာထူးချ အပစ်ပေးခံရတာတွေ များလွန်း
လို့ ငြီးသွားပြီလို့ ဆိုပါတယ်။ ဒါကြောင့် ကြေး
စားတပ်ထဲမှာ ပြေစကား တခု ရှိခဲ့တယ်။

ရှေ့တန်းမှာ ရှေ့ကျည်ဆံ ကြောက်ရ၊ နောက်
ကျည်ဆံ ကြောက်ရ၊ နောက်တန်း ရောက်တော့ - ကျို
တား ကြောက်ရ၊ ထောင် ကြောက်ရ၊ ရာထူးပြုတ်
မှာ ကြောက်ရ ဖြစ်နေတယ် ဆိုတဲ့ စကားပါပဲ။

ဒီလို အပြစ်ပေးမှုတွေ ကြောင့်၊ ကြေးစား
တပ်တွေဟာ တခါရှုံးလိုက်၊ တခါ အပြစ်ပေးလိုက်
နဲ့ ခိုက်လေ - အားနည်းလေ၊ စိတ်ဓါတ် ကျလေဖြစ်
တာ အရှုံးနဲ့ခဲ့ ကပဲ ရန့်သွက် နိုင်မှာ မဟုတ်
တာ သေချာပါတယ်။ . . . ။ . . . . ။

၁၉၇၉ ခုနှစ် စက်တင်ဘာလတွင် ကျင်းပပြီးစီးခဲ့သည့် ဗဟိုကော်မတီ ဆုံးဖြတ်ချက်များမှ

၁ ။ ဗမာပြည် ကွန်မြူနစ်ပါတီသည် မာက်စ် လီနင်ဝါဒ အတွေးအခေါ် လှုပ်ရှားမှု နှင့် ပြည်တွင်း၌ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသား လွတ်လပ်ရေး တိုက်ပွဲများ၊ နယ်ချဲ့လက်ပါးကြီး အုပ်စု အရင်းရှင်စနစ်နှင့် ပဒေသရာဇ် မြေရှင်စနစ် ဆန့်ကျင်ရေး လူတန်းစား တိုက်ပွဲများ၏ ပေါင်းစပ်မှုမှ ပေါ်ထွက်လာခဲ့သော အသီး အပွင့် ဖြစ်၍ ဗမာပြည် ပြည်သူများ အဘို့ အဘိုး အထိုက်တန်ဆုံးသော ရတနာပင် ဖြစ်ပေသည်။ အခြား တိုင်းပြည်များ၌ စစ်မှန်သော မာက်စ် လီနင်ဝါဒ ပါတီများ နည်းတူ ဗမာပြည် ကွန်မြူနစ်ပါတီ၏ သမိုင်းသည် - မာက်စ် လီနင်ဝါဒ တလောကလုံး ဆိုင်ရာ အမှန်တရားကို ဗမာပြည် တော်လှန်ရေး၏ အခိုင်အမာ လက်တွေ့နှင့် တနေ့တခြား ပေါင်းစပ် လာနိုင်သည့် သမိုင်းပင် ဖြစ်သည်။ ပါတီတွင်း၌ လက်ဝဲ လက်ယာ အချောင်ဝါဒများကို တိုက်ပွဲဆင်ရင်း အဓိက အားဖြင့် လက်ယာ အချောင်ဝါဒကို တိုက်ရင်း ကြီးထွား ရင့်ကျက်လာသည့် သမိုင်းပင် ဖြစ်သည်။

ပါတီ၏ သားသမီးကောင်း ရတနာ အမြောက်အများသည် မာက်စ်ဝါဒ၊ လီနင်ဝါဒ မော်စီတုန်း အတွေးအခေါ် တည်းဟူသော တလောကလုံး ဆိုင်ရာ အမှန်တရားကို ကြိုးစား လေ့လာပြီး ဗမာပြည် တော်လှန်ရေး အခိုင်အမာ လက်တွေ့နှင့် ပေါင်းစပ် ကျင့်သုံးသည့် ဖြစ်စဉ် အတွင်းတွင် ခြေကုန် စ တူးသော စွန့်လွှတ်မှုနှင့် အနစ်နာခံမှု များကို ကြုံတွေ့ခဲ့ကြရသည်။ ဒုက္ခ အမျိုးမျိုးကို ခံစားခဲ့ကြရသည်။ အင်္ဂလိပ် နယ်ချဲ့သွားကို သော်၎င်း၊ ဂျပန် ဖက်ဆစ်များကို သော်၎င်း — —

နယ်ချဲ့သွားများ၏ နောက်လိုက် ခွေးများ ဖြစ်ကြသော ပြည်တွင်း၌ ရှိသူ လူတန်းစားများကို သော်၎င်း ရဲရဲ ဝံ့ဝံ့ စွန့်စွန့် စားစား တိုက်ပွဲ ဆင်ရင်း ဝါဒီတို့၏ အသက်ထိုက်တန်လှသော၊ အသက် သွေးပေါင်း မြောက်မြားစွာကို သူတို့ ကောင်းမွန်စွာ စွန့်လွှတ်ခဲ့ကြပေသည်။ ထိုအခါ တိုင်းပြည်နှင့် လူမျိုးပေါင်းစုံ ပြည်သူလူထု၏ လွတ်မြောက်ရေး အတွက် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်တည်းဟူသော အမှန် တရားကို ရှာဖွေခဲ့သည်။ [illegible] အမှန်တရားကို တွေ့ [illegible] သုံးရှာ၍ အတောင်အသောင်း [illegible] အသက်ဆုံးသည်များ၏ စွန့်လွှတ် အနစ်နာခံမှုများကား ပါတီနှင့် တော်လှန်ရေး သမိုင်းတွင် ဘယ်သော အခါမျှ ကွယ်ပျောက် လိမ့်မည် မဟုတ်ဘဲ ထာဝစဉ် ဥဒါန်းတွင် ရစ်မည်သာ ဖြစ်ပေသည်။

ကျွန်တော်တို့ ပါတီသည် ဗမာပြည်တွင် ကြီးမြတ် ထူးထွေ ပြောင်ရွှန်းကန်သော တခုတည်း သော မာက်စ် လီနင်ဝါဒ ပါတီဖြစ်သည်။ ဗမာ ပြည်၌ ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ပါတီ ဖြစ်သည်။ ပစ္စည်းမဲ့ လူတန်းစား၏ အမှု အစည် တွင် အမြင့်ဆုံး သဏ္ဌာန် ဖြစ်သည်။ ကျွန်တော်တို့ ပါတီသည် ဗမာပြည် ပြည်သူများ၏ ရှေ့မှောက် တွင် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ် အမှန်တရား လက်ကိုင်ဆုပ်ကိုင်၍ ရှေ့ဆောင် တင်ပြသူ၊ ဝါဒဖြန့်ချိ ပညာပေးသူ စည်းရုံးသူ ဖြစ်သည်။ ကျွန်တော်တို့ ပါတီသည် ခေါင်းဆောင် တည်ထောင်ကတည်းက မာက်စ် လီနင်ဝါဒ အမှန်တရားကို သဘောတရား အခြေခံ နှင့် လုပ်ငန်း လမ်းညွှန် အဖြစ် ကိုင်ထားသည့် ပါတီ ဖြစ်သည်။ ကျွန်တော်တို့ [illegible] — —

မာက့်စ် လီနင် ဝါဒသည် ကမ္ဘာ့ ပစ္စည်းမဲ့ လူတန်းစား၏ အမှန်ကန်ဆုံး အတော်လှန်ဆုံး ဝိဇ္ဇာ နည်းကျ အတွေးအခေါ်၏ အဆီအနှစ် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် အမြွန်တရားကို ဗမာပြည် တော်လှန်ရေး၏ အခိုင်အမာ လက်တွေ့နှင့် ပေါင်းစပ်နိုင်လာသည်နှင့်အမျှ ဗမာပြည် တော်လှန်ရေး၏ ရုပ်အသွင်အပြင်သည် သစ်လွင်ပြောင်းလဲ လာပေသည်။ ဗမာပြည် နိုင်ငံရေး ဇာတ်ခုံပေါ်တွင် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦးဖြစ်သော ကျွန်ုပ်တို့ပါတီ ပေါ်ပေါက်လာခြင်းသည် ဗမာပြည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး အခန်းကဏ္ဍသစ်ကို တနည်းအားဖြင့် သမိုင်းအဆင့်သစ်ကို ဖွင့်လှစ်လိုက်ခြင်းပင် ဖြစ်သည်။

ကျွန်ုပ်တို့ ပါတီ မပေါ်ပေါက်မီ အနှစ်တရာကျော် အတွင်းက ဗမာပြည် တော်လှန်ရေး သမိုင်းက အင်္ဂလိပ် နယ်ချဲ့ သမားအား သူရသတ္တိ ရှိစွာ အကြိမ်ကြိမ် ထကြွ တိုက်ခိုက်ခဲ့သော လယ်သမားများနှင့် ပြည်ချစ် ပုဂ္ဂိုလ် အချို့ ပါဝင်သော လှုပ်ရှားမှုများ ဆုံးရှုံး ရခြင်း၏ အဓိက အကြောင်းရင်းမှာ မှန်ကန်သော တော်လှန်ရေး သဘောတရား လက်နက် တပ်ဆင်ထားသော ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ပါတီ မပေါ်ပေါက်သေးခြင်းကြောင့်ပင် ဖြစ်သည်ကို သက်သေထူ ပြခဲ့ပေသည်။ ဂျပန် ဖက်ဆစ် ဆန့်ကျင်ရေး လက်နက်ကိုင် တိုက်ပွဲ အနိုင် ရခဲ့ခြင်းနှင့် ယခု လက်နက်ကိုင် တော်လှန်ရေးကို ရေရှည် ဆင်နွှဲ နိုင်ခြင်းတို့သည် အဓိက အားဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှု ရှိခြင်းကြောင့် ဖြစ်သည် ဆိုသည့် အချက်ကိုလည်း ကျွန်ုပ်တို့ ပါတီ ပေါ်ပေါက်သည်မှ စတင်ခဲ့သော ပြောက်မြောက် သမိုင်းက ထင်ရှားစွာ သက်သေထူ ပြလျက် ရှိပေသည်။ နယ်ချဲ့ စနစ်နှင့် ဆိုရှယ်လစ် တော်လှန်ရေး အတွက်ပင်၊ ဆိုရှယ်လစ် စနစ် ကွန်မြူနစ် စနစ်ကို အပြီးတိုင် တည်ဆောက် နိုင်ရေး အတွက်ပင်၊ ကွန်မြူနစ် ပါတီကဲ့သို့သော တော်လှန်ရေး ပါတီ တရပ် ရှိဖို့ လိုပေသည်။ မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်တည်း ဟူသော တော်လှန်ရေး သဘောတရား နှင့် တော်လှန်ရေး ဗျူဟာ အရ တည်ဆောက် ထားသည့် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ဖြစ်သော နိုင်ငံရေး ပါတီ တရပ်သာ ရှိပါက နယ်ချဲ့သမားနှင့် ၎င်း၏ နောက်လိုက် ခွေးများကို အနိုင် တိုက်ဖို့ အတွက် အလုပ် သမား လူတန်းစားနှင့် ပြောက်များ ဇွဲရှိသော ပြည်သူ့ လူထုကြီးကို စည်းရုံး ခေါင်းဆောင် နိုင်လိမ့် မည် ဖြစ်ပေ။

တိုင်းပြည် တပြည်တွင် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦးဖြစ်သော ကွန်မြူနစ်ပါတီ တရပ် တည်ရှိရန် လိုအပ် မလိုအပ် ဟူသော ပြဿနာ သည်ပင်၊ တော်လှန်ရေး ဆင်နွှဲရာတွင် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှု ရှိရေး မရှိရေး ဟူသော ပြဿနာ သည်ပင်၊ မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်နှင့် ပြန်လည် ပြင်ဆင်ရေးဝါဒ အကြား အရင်းခံ အားဖြင့် ခွဲခြား ထားသော ရေဝေ ခွဲကြောင်းကြီး တခုပင် ဖြစ်သည်။ မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်က နယ်ချဲ့ စနစ်နှင့် ၎င်း၏ နောက်လိုက် ခွေးများကို လက်နက်ကိုင် တိုက်ပွဲဖြင့် အနိုင်တိုက်ပြီး၊ အာဏာ သိမ်းနိုင် ဖို့ အတွက် ကွန်မြူနစ် ပါတီ တရပ် ရှိရမည်။ နယ်ချဲ့ စနစ် နှင့် ဆိုရှယ်လစ် တော်လှန်ရေး ပေါက်ဖွားလာ သည့် ခေတ်တွင် တော်လှန်ရေး ဆင်နွှဲ ရာ၌ - ကွန်မြူနစ် ပါတီက ခေါင်းဆောင် ရမည်ဟု ရှင်းပေသည်။ ဤသည်နှင့် ဆန့်ကျင်စွာပင် ပြန်လည် ပြင်ဆင်ရေး ဝါဒက ယုစ်ချွန်သော ကွန်မြူနစ် ပါတီ တည်ရှိရေးနှင့် တော်လှန်ရေး ဆင်နွှဲရာ တွင် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှု ရှိရေး ကို ငြင်းဆို ပေသည်။ ပြန်လည် ပြင်ဆင်ရေး ဝါဒသည် အကြမ်းဖက် တော်လှန်ရေး၊ ပစ္စည်း မဲ့ အာဏာရှင် စနစ် ထူထောင်ရေးနှင့် - - ကွန်မြူနစ် ပါတီ တရပ် တည်ရှိရန် လိုအပ်မှု စသည်တို့ကို ငြင်းဆို ခြင်းပင် ဖြစ်သည်။ ခြုံလိုက်သော် ပြန်လည် ပြင်ဆင်ရေး ဝါဒသည် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်၏ တော်လှန်ရေး အနှစ်သာရ ကျသော ရှုများကို စွန့်ပယ် ခြင်း ဖြစ်သည်။ ထို့ကြောင့် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ဖြစ်သော - ကွန်မြူနစ် ပါတီ တရပ်ကို ကောင်းစွာ - - .

တည်ဆောက်နိုင်ရန် အတွက် ပါတီတွင်း ပါတီဝ
တွင် ပြန်လည်ပြင်ဆင်ရေးဝါဒကို အဓိက အား
ဖြင့် ဆန့်ကျင်တိုက်ဖျက်ရန် လိုအပ်ပေသည်။
တချိန်တည်းတွင် တရားသေဝါဒနှင့် အတွေ့အ
ကြုံဝါဒကိုလည်း ပေါ်လာသည့် နေရာတိုင်း
တွင် ဆန့်ကျင်တိုက်ဖျက် သွားရမည်။ ပြည်သူ့
ဒီမိုကရေစီ တော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်
လှန်ရေးကို ဆင်နွှဲရာတွင် ကွန်မြူနစ်ပါတီကို
ကောင်းစွာ မတည်ဆောက်နိုင်ပါက ၊ ကွန်မြူနစ်
ပါတီ၏ ခေါင်းဆောင်မှု မရှိပါက တော်လှန်ရေး
သည် အောင်မြင်နိုင် မည်မဟုတ်ပေ။ သို့ဖြစ်
၍ တော်လှန်ရေးတရပ် အောင်မြင်နိုင်ရေး
အတွက် ပါတီတည်ဆောက်ရေးသည် သော့ချက်
ဖြစ်ပေသည်။

( ပါတီတည်ဆောက်ရေးလမ်းစဉ် - စာမျက်နှာ
၁၂-၃-၄-၅ - တို့မှ )

၂။ ။ မာက်စ်ဝါဒသည် အရင်းရှင်စနစ်အောက်
ရှိ ပစ္စည်းမဲ့ လူတန်းစားနှင့် လုပ်သားပြည်သူ
များ၏ လွတ်မြောက်ရေး အတွက် စွမ်းပကား
ကြီးမားလှသော သဘောတရားနှင့် အတွေးအခေါ်
လက်နက် ဖြစ်သည်။ လီနင်ဝါဒသည် နယ်ချဲ့စ
နစ်နှင့် ပစ္စည်းမဲ့ တော်လှန်ရေး ခေတ်ကာလရှိ
မာက်စ်ဝါဒပင် ဖြစ်သည်။ ၎င်းသည် မာက်စ်
ဝါဒကို အမွေဆက်ခံခဲ့သည်။ ကာကွယ်ခဲ့သည်။
လက်တွေ့ တော်လှန်ရေး တိုက်ပွဲများအတွင်း
တွင် မာက်စ်ဝါဒကို ဖြစ်ပေါ်တိုးပွားစေခဲ့သည်။
မာက်စ်လီနင်ဝါဒ၏ အခြေခံမူများသည်
ယနေ့အချိန်တွင် ခေတ်ကုန်ဆုံးခြင်း မရှိရုံသာ
မက ကျနော်တို့၏ အတွေးအခေါ်ကို လမ်းညွှန်
သည့် သဘောတရား အခြေခံ ဖြစ်မြဲ ဖြစ်နေ
ပေသည်။

မော်စီတုန်း အတွေးအခေါ်သည် နယ်
ချဲ့စနစ်က ပြိုကွဲပျက်စီးနေပြီး ဆိုရှယ်
လစ်စနစ်က ကမ္ဘာနှင့် အဝှမ်း ဖွံ့ဖြိုးတိုးတက်
နေသော လက်ရှိ သမိုင်းကာလတွင် မာက်စ်
လီနင်ဝါဒကို အမွေဆက်ခံခဲ့သည်။ ကာကွယ်
ခဲ့သည်။ လက်တွေ့ တော်လှန်ရေး တိုက်ပွဲ
များ အတွင်းတွင် မာက်စ် လီနင်ဝါဒကို ဖြစ်ပေါ်
တိုးပွားစေခဲ့သည်။ သို့ဖြစ်၍ ကျနော်တို့ပါတီ
သည် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး
အခေါ်ကို ပါတီ၏ လမ်းညွှန် အတွေး
အခေါ်နှင့် သဘောတရား အခြေခံ အဖြစ်
ခံယူပေသည်။ ဤသို့ ခံယူပြီး ဗမာ
ပြည် တော်လှန်ရေး လက်တွေ့နှင့် -
ပေါင်းစပ် ကျင့်သုံးခြင်းဖြင့် သာလျှင်
ကျနော်တို့ ပါတီ၏ ပစ္စည်းမဲ့ လူတန်းစား
တပ်ဦး ဖြစ်သော လက္ခဏာကို ထိန်းသိမ်း
နိုင်မည် ဖြစ်ပေသည်။

ရဲဘော် မော်စီတုန်းသည်

ကျနော်တို့ မျက်မှောက် ခေတ်ကာလတွင်
ကြီးမြတ်သော မာက်စ် လီနင် ဝါဒီကြီး -
ပင် ဖြစ်ပေသည်။ ရဲဘော် မော်စီတုန်း
သည်၊ မာက်စ် လီနင်ဝါဒ တလောကလုံး
ဆိုင်ရာ အမှန်တရားကို တရုတ်ပြည်
တော်လှန်ရေး လက်တွေ့နှင့် ပေါင်းစပ်
ခြင်းဖြင့် နယ်ချဲ့သမားများနှင့် သူ၏
နောက်လိုက်ခွေး များကို ဆန့်ကျင်တိုက်
ဖျက်သည့် တိုက်ပွဲများတွင်၎င်း၊ တရုတ်
ပြည် ကွန်မြူနစ်ပါတီ တွင်းရှိ လက်ဝဲ -
လက်ယာ၊ အချောင်ဝါဒ များကို ဆန့်ကျင်
သည့် တိုက်ပွဲများတွင်၎င်း၊ ဆိုဗီယက်
ပြန်လည်ပြင်ဆင်ရေး သစ္စာဖေါက်အုပ်စု
ကို ခေါင်းဆောင် အဖြစ်ထားသည့် ခေတ်သစ်
ပြန်လည်ပြင်ဆင်ရေး ဝါဒကို ဆန့်ကျင်
သည့် တိုက်ပွဲများတွင်၎င်း မာက်စ်
ဝါဒ အဘိဓမ္မာ၊ မာက်စ်ဝါဒ နိုင်ငံရေး
ဘောဂဗေဒနှင့် သိပ္ပံနည်းကျ ဆိုရှယ်
လစ်ဝါဒ တည်းဟူသော မာက်စ်ဝါဒ၏
အစိတ်အပိုင်းကြီး ၃ ရပ် စလုံးတွင်၊
မာက်စ် လီနင်ဝါဒကို အမွေ ဆက်ခံခဲ့
ပေသည်။ ကာကွယ်ခဲ့ ပေသည်။ ဖြစ်
ပေါ်တိုးပွား စေခဲ့ပေသည်။ မာက်စ်လီနင်ဝါဒ
ဘဏ္ဍာတော်တိုက်ကို ကြွယ်ဝစေခဲ့ပေသည်။ ရဲဘော်
မော်စီတုန်း၏ ဒီမိုကရေစီသစ်တော်လှန်ရေးသဘော
တရားသည် ကိုလိုနီ ကိုလိုနီတပိုင်း နိုင်ငံများရှိ အဖိ
နှိပ်ခံ အမျိုးသားများနှင့် ပြည်သူများ
လွတ်မြောက်ရေး အတွက် လမ်းကြောင်း
သစ်တခုကို ဖေါက်လုပ်ပေးခဲ့ပေသည်
ဆိုရှယ်လစ် တော်လှန်ရေး သမိုင်း ကာ
လသည် ရှည်ကြာသော ကာလတခုဖြစ်ပြီး

မာက့်စ် လီနင် ဝါဒသည် ကမ္ဘာ့ ပစ္စည်းမဲ့ လူတန်းစား၏ အမှန်ကန်ဆုံး အတော်လှန်ဆုံး ဝိဇ္ဇာနည်းကျ အတွေး အခေါ်၏ အဆီ အနှစ် ဖြစ်သော ကြောင့် ပင် ဖြစ်သည် ။ မာက်စ် ဝါဒ၊ လီနင် ဝါဒ၊ မော်စီတုန်း အတွေး အခေါ် အမြှော်တရားကို ဗမာပြည် တော်လှန်ရေး၏ အခိုင်အမာ လက်တွေ့နှင့် ပေါင်းစပ် နိုင် လာသည်နှင့်အမျှ ဗမာပြည် တော်လှန်ရေး၏ ရုပ် အသွင် အပြင် သည် သစ်လွင် ပြောင်းလဲ လာပေသည်။ ဗမာပြည် နိုင်ငံရေး ဇာတ်ခုံ ပေါ်တွင် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦးဖြစ်သော ကျနော်တို့ပါတီ ပေါ်ပေါက်လာခြင်းသည် ဗမာပြည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး အခန်း ကဏ္ဍသစ်ကို တနည်း အားဖြင့် သမိုင်း အဆင့်သစ်ကို ဖွင့်လှစ် လိုက်ခြင်းပင် ဖြစ်သည်။

ကျနော်တို့ ပါတီ မပေါ်ပေါက်မီ အနှစ် တရာ ကျော် အတွင်း၌ ဗမာပြည် တော်လှန်ရေး သမိုင်းက အင်္ဂလိပ် နယ်ချဲ့ သမား အား သူရဲ သတ္တိ ရှိစွာ အကြိမ်ကြိမ် ထကြွ တိုက်ပွဲဝင်ခဲ့သော လယ်သမား များနှင့် ပြည်ချစ် ပုဂ္ဂိုလ် အချို့ ပါဝင် သော ပုန်ကန်မှု များ ဆုံးရှုံး ရခြင်း၏ အဓိက အကြောင်း ရင်းမှာ မှန်ကန်သော တော်လှန်ရေး သဘောတရား လက်နက် တပ်ဆင်ထားသော - ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ပါတီ မပေါ် ပေါက် သေးခြင်း ကြောင့်ပင် ဖြစ်သည်ကို သက် သေထူ ပြခဲ့ ပေသည် ။ ဂျပန် ဖက်ဆစ် ဆန့်ကျင် ရေး လက်နက် ကိုင် တိုက်ပွဲ အနိုင် ရခဲ့ခြင်းနှင့် ယခု ရှိ လက်နက်ကိုင် တော်လှန်ရေးကို ရေရှည် ဆင်နွှဲ နိုင်ခြင်းတို့သည် အဓိက အားဖြင့် ဗမာပြည် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှု ရှိခြင်း ကြောင့် ဖြစ်သည် ဆိုသည့် အချက်ကိုလည်း ကျနော်တို့ ပါတီ ပေါ်ပေါက်သည်မှ စတင်ခဲ့သော ပြောက်မြောက် သမိုင်းက ထင်ရှားစွာ သက်သေထူ ပြလျက် ရှိပေသည်။ နယ်ချဲ့ စနစ်နှင့် ဆိုရှယ် လစ် တော်လှန်ရေး အတွက်၎င်း၊ ဆိုရှယ်လစ် စနစ် ကွန်မြူနစ် စနစ်ကို အပြီးတိုင် တည်ဆောက် နိုင်ဘို့ အတွက်၎င်း၊ ကွန်မြူနစ် ပါတီကဲ့သို့သော တော်လှန်ရေး ပါတီ တရပ် ရှိဘို့ လိုပေသည်။ မာက့်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်တည်း ဟူသော တော်လှန်ရေး သဘောတရား နှင့် တော်လှန်ရေး ရုပ်ဟန် အရ တည်ဆောက် ထားသည့် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ဖြစ်သော နိုင်ငံရေး ပါတီ တရပ်အား ဖော်ပါက နယ်ချဲ့ သမားနှင့် ၎င်း၏ နောက်လိုက် ခွေး များကို အနိုင် တိုက်ဘို့ အတွက် အလုပ် သမား လူတန်းစားနှင့် ပြောက်များ ဖွဲ့စည်းသော ပြည်သူ့ လူထုကြီးကို စည်းရုံး ခေါင်းဆောင် နိုင် လိမ့် မည် မဟုတ်ပေ ။

တိုင်းပြည် တပြည်တွင် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦးဖြစ်သော ကွန်မြူနစ်ပါတီ တရပ် တည်ရှိရန် လိုအပ် မလိုအပ် ဟူသော ပြဿနာ သည်၎င်း၊ တော်လှန်ရေး ဆင်နွှဲရာတွင် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှု ရှိရေး မရှိရေး ဟူသော ပြဿနာ သည်၎င်း၊ မာက့်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်နှင့် ပြန်လည် ပြင်ဆင်ရေးတို့ ဝါဒ အကြား အရင်းခံ အားဖြင့် ခွဲခြား ထားသော ရေဝေ စည်းကြောင်းကြီး တခုပင် ဖြစ်သည် ။ မာက့်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်က နယ်ချဲ့ စနစ်နှင့် ၎င်း၏ နောက် လိုက် ခွေးများကို လက်နက်ကိုင် တိုက်ပွဲဖြင့် အနိုင်တိုက်ပြီး၊ အာဏာ သိမ်းနိုင် ဘို့ အတွက် ကွန်မြူနစ် ပါတီ တရပ် ရှိရမည်။ နယ်ချဲ့ စနစ် နှင့် ဆိုရှယ်လစ် တော်လှန်ရေး ပေါက်ဖွားလာ သည့် ခေတ်တွင် တော်လှန်ရေး ဆင်နွှဲ ရာ၌ - ကွန်မြူနစ် ပါတီက ခေါင်းဆောင် ရမည်ဟု ရပ်ခံ ပေသည်။ ဤသည်နှင့် ဆန့်ကျင်စွာပင် ပြန်လည် ပြင်ဆင်ရေး ဝါဒက မူ စစ်မှန်သော ကွန်မြူနစ် ပါတီ တည်ရှိရေးနှင့် တော်လှန်ရေး ဆင်နွှဲ ရာ တွင် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင် မှု ရှိရေး ကို ငြင်းဆို ပေသည်။ ပြန် လည် ပြင် ဆင်ရေး ဝါဒသည် အကြမ်းဖက် တော်လှန်ရေး၊ ပစ္စည်း မဲ့ အာဏာ ရှင် စနစ် ထူထောင် ရေးနှင့် - - ကွန်မြူနစ် ပါတီတရပ် တည် ရှိရန် လိုအပ်မှု စသည်တို့ကို ငြင်း ဆို ခြင်း ပင် ဖြစ်သည်။ ခြုံ လိုက်သော် ပြန်လည် ပြင်ဆင်ရေး ဝါဒ သည် မာက့်စ် ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်၏ တော်လှန်ရေး အနှစ် သာရ ကျသော မူများကို စွန့်ပယ် ခြင်း ဖြစ်သည် ။ ထို့ ကြောင့် ပစ္စည်းမဲ့ လူတန်းစား၏ တပ်ဦး ဖြစ်သော - ကွန်မြူနစ် ပါတီ တရပ်ကို ကောင်းစွာ - -

တည်ဆောက်နိုင်ရန် အတွက် ပါတီတွင်းပါတီမ တွင် ပြန်လည်ပြင်ဆင်ရေးဝါဒကို အထိက အားဖြင့် ဆန့်ကျင်တိုက်ဖျက်ရန် လိုအပ်ပေသည်။ တချိန်တည်းတွင် တရားသေဝါဒနှင့် အတွေ့အကြုံဝါဒကိုလည်း ပေါ်လာသည့် နေရာတိုင်းတွင် ဆန့်ကျင်တိုက်ဖျက်သွားရပေမည်။ ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးနှင့် ဆိုရှယ်လစ်တော်လှန်ရေးကို ဆင်နွှဲရာတွင် ကွန်မြူနစ်ပါတီကို ကောင်းစွာ မတည်ဆောက်နိုင်ပါက၊ ကွန်မြူနစ်ပါတီ၏ခေါင်းဆောင်မှု မရှိပါက တော်လှန်ရေးသည် အောင်မြင်နိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ တော်လှန်ရေးတရပ် အောင်မြင်နိုင်ရေး အတွက် ပါတီတည်ဆောက်ရေးသည် သော့ချက် ဖြစ်ပေသည်။

( ပါတီတည်ဆောက်ရေးလမ်းစဉ် -စာမျက်နှာ ၁၂-၃-၄-၅ -တို့မှ)

၂။ ။ မာက်စ်ဝါဒသည် အရင်းရှင်စနစ်အောက်ရှိ ပစ္စည်းမဲ့ လူတန်းစားနှင့် လုပ်သားပြည်သူများ၏ လွတ်မြောက်ရေးအတွက် စွမ်းပကား ကြီးမားလှသော သဘောတရားနှင့် အတွေးအခေါ် လက်နက်ဖြစ်သည်။ လီနင်ဝါဒသည် နယ်ချဲ့စနစ်နှင့် ပစ္စည်းမဲ့ တော်လှန်ရေး ခေတ်ကာလရှိ မာက်စ်ဝါဒ ပင်ဖြစ်သည်။ ၎င်းသည် မာက်စ်ဝါဒကို အမွေ ဆက်ခံ ခဲ့သည်။ ကာကွယ်ခဲ့သည်။ လက်တွေ့ တော်လှန်ရေး တိုက်ပွဲများ အတွင်းတွင် မာက်စ်ဝါဒကို ဖြစ်ပေါ် တိုးပွားစေခဲ့သည်။ မာက်စ် လီနင်ဝါဒ၏ အခြေခံ ရှုမြင်မှုများသည် ယနေ့အချိန်တွင် ခေတ်ကုန်ဆုံးခြင်း မရှိရုံသာမက ကျွန်ုပ်တို့၏ အတွေးအခေါ်ကို လမ်းညွှန်သည့် သဘောတရား အခြေခံ ဖြစ်မြဲ ဖြစ်နေပေသည်။

မော်စီတုန်း အတွေးအခေါ်သည် နယ်ချဲ့စနစ်က ကြေမွှန်း ပျက်စီးနေပြီး ဆိုရှယ်လစ်စနစ်က ကမ္ဘာနှင့်အဝှမ်း ဖွံ့ဖြိုး တိုးတက်နေသော လက်ရှိ သမိုင်းကာလတွင် မာက်စ် လီနင်ဝါဒကို အမွေ ဆက်ခံ ခဲ့သည်။ ကာကွယ်ခဲ့သည်။ လက်တွေ့ တော်လှန်ရေး တိုက်ပွဲများ အတွင်းတွင် မာက်စ် လီနင်ဝါဒကိုဖြစ်ပေါ် တိုးပွားစေခဲ့သည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ပါတီသည် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ကို ပါတီ၏ လမ်းညွှန် အတွေးအခေါ်နှင့် သဘောတရား အခြေခံ အဖြစ် ခံယူပေသည်။ ဤသို့ ခံယူပြီး မဟာပြည်သူ့ တော်လှန်ရေး လက်တွေ့နှင့် ပေါင်းစပ် ကျင့်သုံးခြင်းဖြင့် သာလျှင် ကျွန်ုပ်တို့ ပါတီ၏ ပစ္စည်းမဲ့ လူတန်းစား တပ်ဦး ဟူသော လက္ခဏာကို ထိန်းသိမ်းနိုင်ပေမည် ဖြစ်ပေသည်။

ရဲဘော် မော်စီတုန်းသည်

ကျွန်ုပ်တို့ မျက်မှောက် ခေတ်ကာလတွင် ကြီးမြတ်သော မာက်စ် လီနင် ဝါဒီကြီးပင် ဖြစ်ပေသည်။ ရဲဘော် မော်စီတုန်းသည်၊ မာက်စ် လီနင် ဝါဒ တလောကလုံးဆိုင်ရာ အမှန်တရားကို တရုတ်ပြည် တော်လှန်ရေး လက်တွေ့နှင့် ပေါင်းစပ်ခြင်းဖြင့် နယ်ချဲ့သမားများနှင့် သူ၏ နောက်လိုက်ခွေးများကို ဆန့်ကျင်တိုက်ဖျက်သည့် တိုက်ပွဲများတွင်၎င်း၊ တရုတ်ပြည် ကွန်မြူနစ်ပါတီ တွင်း၌ လက်ဝဲ - လက်ယာ၊ အချောင်ဝါဒများကို ဆန့်ကျင်သည့် တိုက်ပွဲများတွင်၎င်း၊ ဆိုဗီယက် ပြန်လည်ပြင်ဆင်ရေး သစ္စာဖေါက်အုပ်စုကို ခေါင်းဆောင် အဖြစ်ထားသည့် ခေတ်သစ် ပြန်လည်ပြင်ဆင်ရေးဝါဒကို ဆန့်ကျင်သည့် တိုက်ပွဲများတွင်၎င်း မာက်စ်ဝါဒ အဘိဓမ္မာ၊ မာက်စ်ဝါဒ နိုင်ငံရေး ဘောဂဗေဒနှင့် သိပ္ပံနည်းကျ ဆိုရှယ်လစ်ဝါဒ တည်းဟူသော မာက်စ်ဝါဒ၏ အစိတ်အပိုင်းကြီး ၃ ရပ်စလုံးတွင်၊ မာက်စ် လီနင်ဝါဒကို အမွေ ဆက်ခံခဲ့ပေသည်။ ကာကွယ်ခဲ့ပေသည်။ ဖြစ်ပေါ်တိုးပွားစေခဲ့ပေသည်။ မာက်စ်လီနင်ဝါဒ ဘဏ္ဍာတော်တိုက်ကိုကြွယ်ဝစေခဲ့ပေသည်။ ရဲဘော် မော်စီတုန်း၏ ဒီမိုကရေစီသစ် တော်လှန်ရေးသဘောတရားသည် ကိုလိုနီ၊ ကိုလိုနီတပိုင်းနိုင်ငံများရှိ အဖိနှိပ်ခံ အမျိုးသားများနှင့် ပြည်သူများ လွတ်မြောက်ရေး အတွက် လမ်းကြောင်းသစ် တခုကို ဖေါက်လုပ် ပေးခဲ့ပေသည်။ ဆိုရှယ်လစ် တော်လှန်ရေး သမိုင်း ကာလ သည် ရှည်ကြာသော ကာလတခုဖြစ်ပြီး

ယင်း သမိုင်းကာလ တခုလုံးတွင် လူတန်းစား၊ လူတန်းစား ပဋိပက္ခနှင့် လူတန်းစား တိုက်ပွဲများ ရှိသည် ဆိုခြင်းဖြင့်၊ ရဲဘော် မော်စီတုန်းသည် မာက်စ် လီနင် ဝါဒကို ကာကွယ်ခဲ့သည်။

မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်တည်းဟူသော အောင်လံတော်ကား တော်လှန်ရေး၏ အောင်လံတော် ပင်ဖြစ်သည်။ အောင်ပွဲ ရရှိစေမည့် အောင်လံတော်လည်း ဖြစ်သည်။ ကျွန်ုပ်တို့ ပါတီ၏ သမိုင်း အတွေ့အကြုံက - မာက်စ်ဝါဒ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်၏ ရပ်တည်မှု အမြင်၊ နည်းနာကို ကိုင်စွဲ၍ ဗမာပြည် တော်လှန်ရေး၏ အခိုင်အမာ ဂလက်တွေ့ ပေါင်းစပ်နိုင်သည် နှင့်အမျှ "လက်ဝဲ" လက်ယာ အချောင်ဝါဒ များကို ရှောင်ရှားနိုင်ပြီး တော်လှန်ရေး အောင်ပွဲကို အာမခံနိုင်မည် ဖြစ်ကြောင်း သာဓက ပြခဲ့ပေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ပါတီ တရပ်လုံးသည် မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ် အောင်လံကို ထာဝစဉ် မြင့်မြင့်မားမား ကိုင်ဆောင်ပြီး ယင်း အောင်လံတော်ကို ပြတ်သားစွာ ကာကွယ်ခြင်းဖြင့် ပါတီနှင့် တော်လှန်ရေးကို မာက်စ်ဝါဒ လမ်းကြောင်း အတိုင်း အဆက်မပြတ် အောင်မြင်စွာ ချီတက် သွားနိုင်စေရန်၊ ကြိုးပမ်း အားထုတ် သွားကြဘို့ လိုအပ်ပေသည်။

( ပါတီ တည်ဆောက်ရေး လမ်းစဉ် - စာမျက်နှာ - ၅၊၆၊၇၊၈ တို့မှ )

၃။ ။ ဗမာပြည် ကွန်မြူနစ်ပါတီသည် - ၁၉၃၉ ခုနှစ်မှ ၁၉၄၅ ခုနှစ် အစပိုင်းတွင်၊ မြေအောက် ပါတီ အဖွဲ့ အစည်း အဖြစ် တည် ရှိခဲ့သည်။ ဖက်ဆစ် ဂျပန် ဆန့်ကျင်ရေးကို ခေါင်းဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၈ ခုနှစ် ကာလ အတွင်း ဥပဒေတွင်း တိုက်ပွဲများကို အဓိက ဆင်နွှဲရင်း - လယ်သမား များ၏ လက်နက် ကိုင် ပုန်ကန်မှုများ ကို ခေါင်းဆောင်မှု ပေးခဲ့ပြီး ၁၉၄၈ ခုနှစ်မှစ၍ လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲ နေသော ပါတီ ဖြစ် ပေသည်။

( အထွေထွေ လုပ်ငန်းစဉ်-စာမျက်နှာ ၁၁၊ မှ )

၄။ ။ ဗမာပြည် ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ ပစ္စည်းမဲ့ လူတန်းစား၏ စည်းရုံး မှုရှိသည့် တခုတည်းသော တပ်ဦး ပါတီ ဖြစ်သည်။ ဗမာ ပြည် ပစ္စည်းမဲ့ လူတန်း စား၏ လူတန်းစား အဖွဲ့ အစည်းတွင် - အမြင့်ဆုံး သဏ္ဍာန် ဖြစ်သည်။ ဗမာပြည် ကွန်မြူနစ် ပါတီသည် နိုင်ငံတကာ ကွန်မြူ နစ် လှုပ်ရှားမှု တပ်ဖွဲ့ များ အနက် တပ် ဖွဲ့ တခု ဖြစ် သည်။

ဗမာပြည် တော်လှန်ရေးကို ခေါင်း ဆောင်သည့် အမြဲတမ်း အင်အား သည်၊ ဗမာပြည် ကွန်မြူနစ် ပါတီ ဖြစ်သည်။

ဗမာပြည် ကွန်မြူနစ် ပါတီသည် - မာက်စ် ဝါဒ၊ လီနင် ဝါဒ၊ မော်စီတုန်း အတွေး အခေါ်ကို ၎င်း၏ အတွေး အခေါ် အား လမ်းညွှန်သော သဘောတရား၊ အခြေခံနှင့် လုပ်ငန်း လမ်းညွှန် အဖြစ်၊ ခံယူ ကျင့်သုံး သည်။

ဗမာပြည် ကွန်မြူနစ် ပါတီသည် အစိုးပဋိ လောမ ရုပ်ဝါဒနှင့် သမိုင်း ရုပ်ဝါဒကို ၎င်းတို့၏ ကမ္ဘာ့ အမြင် အဖြစ် ဆုပ် ကိုင်ပြီး ပါတီ တွင်းတွင် စိတ်ဝါဒနှင့် တက္က မေဇ ကိုငြင်း၊ လက်ဝဲ၊ လက်ယာ အချောင် သွား ဝါဒ များကို ဆော်ငြင်း၊ ပစ္စည်းမဲ့ မဆန့်သော အတွေး အခေါ်၊ စည်းရုံးရေးနှင့် လုပ်ဟန် များကို ငြင်း၊ အဆက် မပြတ် ဆန့်ကျင် တိုက်ခိုက် သွားရမည်။

( အထွေထွေ လုပ်ငန်း စဉ်-စာမျက် နှာ - ၁ မှ။)

၅။ ။ ကျွန်ုပ်တို့ ပါတီသည် ရေရှည် လက်နက် ကိုင် တော်လှန် ရေး တိုက်ပွဲ အတွင်းတွင်၊ ကိုယ့် ကျိုး ကိုယ်ကြည့် စိတ်ဓါတ် သဘောမှာ မကြောက်၊ အင်းရဲ ပင်ပန်း မှုကို မကြောက်၊ သွေး တစက် ကျန်သည် အထိ လုံး ပမ်း တိုက်ခိုက်သည့် ပစ္စည်းမဲ့ လူတန်းစား ၏ တော်လှန်ရေး စိတ်ဓါတ်နှင့် လုပ်ဟန် ကို လေ့ကျင့် မွေးမြူခဲ့သည်။

ကမ္ဘာပေါ်ရှိ စစ်မှန်သော - မာက်စ် လီနင် ဝါဒ ပါတီ များ၊ အဖွဲ့ အစည်း များ နှင့်၎င်း၊ ကမ္ဘာလုံးမှ ပစ္စည်းမဲ့ -

လူတန်းစားများ၊ အဖိနှိပ်ခံ ပြည်သူများ
အဖိနှိပ်ခံ အမျိုးသားများ၊ နိုင်ငံငယ်များ
စည်း၊ ဂုဏ်ရည်ကာ အမေရိကန်နယ်ချဲ့သမား
ကို ဆန့်ကျင်ရင်း၊ ဆိုဗီယက်ပြန်လည်ပြင်ဆင်ရေး
သမား ပေါက် ဒိုယ်ခုတ်ကိုယ [illegible] ပြထားသည့် ခေတ်
သစ်ပြန်လည်ပြင်ဆင်ရေး ဝါဒကိုရင်း ပြတ်ပြတ်
သားသား ဆန့်ကျင် တိုက်ခိုက်ခဲ့သည်။ ပြောက်ကျား
နိုင်ငံတကာ အခြေအနေ ကောင်း အင်အားကျွန် မြိုင်
ကြီး နှစ်နိုင်ငံဖြစ်သည့် ဆိုဗီယက် ဆိုရှယ်နယ်
ချဲ့နှင့် အမေရိကန်နယ်ချဲ့ တို့ကို ဆန့်ကျင်ရေး
အာရှသို့ဖြင့် ဆိုဗီယက် ဆိုရှယ် နယ်ချဲ့ကို ဆန့်
ကျင်ရေး အကွက်ရှင်း၊ နယ်ချဲ့ သမားများ ပြန်လည်
ပြင်ဆင်ရေးသမားများနှင့် ဆိုင်ငံ့ရိုင်ငံ ပေါက်ပြန်
ရေးသမားများကို အမြစ်ပြတ်ကာ လူသားတရပ်
လုံး လွတ်မြောက် စေရေး အကွက်ရှင်း ဖိတ်တို့၏
တိုက်သင့်သော အခန်းမှ ပါဝင်ပြီး လှုပ်ရှားတိုက်
ခိုက်လျက် ရှိသည်။

ပါတီ၏ ကျော် ကောင်းမြတ်သော အစဉ်
အလာသည် ကျွန်ုပ်တို့ ကွန်မြူနစ် ပါတီကို အခြ
ခြား နိုင်ငံရေး ပါတီများနှင့် ခွဲခြားထားသည့်၊
ထင်ရှားသော အမှတ်အသား တခုပင်ဖြစ်သည်
ကျွန်ုပ်တို့သည် တော်လှန်ရေးကို ဦးတည်ကာ
ဖြစ်ပေါ် တိုးပွားစေရန် အတွက် ကျော် ကောင်း
မွန်သော အစဉ်အလာကို ပါတီ လုံး အား
ပညာ ပေးရမည်။ အတွေ့ အကြုံ ကောင်း
အားသာနည်း ရဲဘော်များ၏ အသွေးအသွေး ဖြင့်
အရင်း တည်ခဲ့သော တပါတီလုံး၏ ကောင်း
မွန်သည့် ကျော် အစဉ်အလာကို သင်ယူ
ထိန်းသိမ်းရမည်။ ဖြစ်ပေါ် တိုးပွား အောင်
လုပ်ရမည်။ ကျွန်ုပ်တို့သည် မာက်စ်ဝါဒ၊
လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်ဟူသော
တလောကလုံးဆိုင်ရာ အမှန်တရားကို မြဲမြဲ
ဆုပ်ကိုင်၍ ရဲဘော် မော်စီတုန်း သင်ကြား
ခဲ့သည့် မာက်စ် ဝါဒ အရ လုပ်၊ ပြန်လည်ပြင်
ဆင်ရေး ဝါဒ အရ မလုပ်နှင့်၊ စည်းလုံး ညီ
ညွတ်အောင် လုပ်၊ သွေးခွဲရေး မလုပ်နှင့်၊
ပွင့်လင်း ဖြောင့်မတ်စွာ လုပ်၊ အကောက်ကြံ၍
မလုပ်နှင့် ဟူသော မူ သုံးရပ်ကို မြဲမြဲ
လိုက်နာ လုပ်ဆောင်ရမည်။ ကျွန်ုပ်တို့ ....

တပါတီလုံးသည် သဘော တရားနှင့် လက်
တွေ့ပေါင်းစပ်သည့် လုပ်ဟန်ကို တဆင့်
တိုး မွေးမြူပြီး၊ ကောင်းမွန်စွာ ကျင့် သုံး
သွားရမည်။ ဒီဆိုတို့၏ အတွေးအခေါ်
ထွန်းရှင်း၊ လုပ်ဟန်ထွင်ရင်း၊ ရုပ်ဝါဒ
အခုပဋိလောမနည်းနာ ဖြစ်သော သက်ရှိ
သက် အပြောင်းအလဲ အနှစ်သာရ အရာ၊ ကောင်း
မွန်ချောမွေ့ [illegible] ချက်ကိုကိုခွဲခြား
စိတ် ဖြာ၍ စိတ်ထား နှိမ့်ချသော၊ သတိဝ
ရိယရှိသော၊ ဘာ မကြီး၊ မလော မကြီး
ဘဲ ပြည်သူလူထုကို စိတ်ရောကိုယ်ပါ
အလုပ် အကျေးပြုသည့် အတွေးအခေါ်
နှင့် လုပ်ဟန်ကို တည်ဆောက် သွားရမည်
မည်သည့် လုပ်ငန်းတွင် မဆို ပြည်သူလူထု
နှင့် တသားတည်း မကင်းကွာဘဲ၊ တသား
တည်း ဖြစ်စေသည့် လူထု လမ်းစဉ်ကို ခိုင်
မာ စွာ ဆုပ်ကိုင်၍ ကောင်းမွန်စွာ ကျင့်
သုံး သွားရမည်။ ပါတီဝင် အားလုံးသည်
ဝေဖန်ရေး [illegible] ကိုယ်ကို ဝေဖန်ရေး လက်
နက်ကို ကောင်းစွာ အသုံးချပြီး၊ အတွေး
အခေါ် တော်လှန်ရေး ဆန်ရေး နှင့် စည်း
ကမ်းရေး အရ၊ လုပ်ဟန် အရ တော်လှန်
ရေး ဆန်ရေးကို တဆင့်တိုး အကောင်အ
ထည်ဖော် သွားရမည်။ ပါတီ၏ ကောင်း
မြတ်သော၊ အစဉ်အလာနှင့် လုပ်ဟန်ကို တ
ဆင့်တိုး လေ့လျှင့် မွေးမြူကာ ယနေ့ခေတ် ၏
ပညာရပ်သော အတွေးအခေါ်နှင့် လုပ်ဟန်
ကို ပြတ်ပြတ်သားသား တိုက်ခိုက် ကျော်
နင်းခြင်းဖြင့် ကျွန်ုပ်တို့ ပါတီကို ပိုမို
ကြံ့ခိုင်သော ဒက္ခဘည်း ... ရာ ရှေ့တန်းစား၏ တပ်
ဦး ပါတီ အဖြစ်၊ တည်ဆောက်သွားရေး
မှာ ပါတီဝင်တိုင်း၏ သမိုင်းပေး တာဝန်
ပင်ဖြစ်ပေသည်။

(ပါတီ တည်ဆောက်ရေး လမ်းစဉ် - စာမျက်
နှာ - ၄၀ - ၄၁ - ၄၂ - တို့မှ)

၆။ ။ မတ်ပြည် ကွန်မြူနစ် ပါတီသည် ပစ္စည်း
မဲ့ နိုင်ငံတကာ ဝါဒကို ခွဲခြား လိုက်နာ ကျင့်
သုံးသည့် ပါတီ ဖြစ်သည်။ ကျွန်ုပ်တို့သည် ...

တော်လှန်သော ပြည်သူ့စစ်ဝါဒကို ကျင့်သုံးသည့် ပါတီဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် - ကမ္ဘာပေါ်၌ ခေတ်မှန်သော မာက့်စ်လီနင်ဝါဒ ပါတီများ၊ အဖွဲ့အစည်းများနှင့်၎င်း၊ တကမ္ဘာလုံးမှ ပစ္စည်းမဲ့လူတန်းစားများ၊ ဖိနှိပ်ခံပြည်သူများ၊ အဖိနှိပ်ခံ အမျိုးသားများနှင့်၎င်း၊ ခိုင်မြဲစွာ ရွေးစည်း ညီညွတ်ကာ ချေမှုန်းရေးအချိန်တွင် နယ်ချဲ့သမားများ၊ အဓိကအားဖြင့်၊ အင်အားလွန် နိုင်ငံကြီး နှစ်နိုင်ငံဖြစ်သည့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့နှင့် အမေရိကန်နယ်ချဲ့တို့ကို၎င်း၊ အထူးသဖြင့် ဆိုဗီယက် ဆိုရှယ်နယ်ချဲ့၏ မိုလကျရေးဝါဒကို၎င်း ဆန့်ကျင်တိုက်ခိုက်သွားမည် ဖြစ်သည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် မာက့်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ်တည်းဟူသော တလောကလုံးဆိုင်ရာ အမှန်တရားကို ဗမာပြည် တော်လှန်ရေး၏ အနိုင်အမာ လက်တွေ့ အခြေအနေများနှင့် မှန်ကန်စွာ ပေါင်းစပ် ကျင့်သုံးသွားမည် ဖြစ်သည်။

(အထွေထွေလုပ်ငန်းစဉ်၊ စာမျက်နှာ။ ၂-၅)

၇။ ။ ပြည်သူ့လူထုသည် သမိုင်း ကမ္ဘာ့သမိုင်းကို ဖန်တီးသည့် တွန်းအားဖြစ်သည်ဟူသော - အမြင်ကို ဗမာပြည်ကွန်မြူနစ်ပါတီက လက်ခံ ကျင့်သုံးသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်ရှိ လူမျိုးအသီးသီး ပြည်သူလူထုကို စိတ်ရောကိုယ်ပါ အလုပ်အကျွေးပြုပေသည်။ အလုပ်သမားများ၊ လယ်သမားများ၊ အခြားတော်လှန်သော လုပ်သားပြည်သူများနှင့် အကျယ်ပြန့်ဆုံးသော ဆက်သွယ်မှုများကို ရထောင်ပြီး၊ ထိုသို့သော ဆက်သွယ်မှုများ ခိုင်မာတောင့်တင်းလာစေရန် နှင့် ကျယ်ပြန့်လာစေရန် အစဉ်အမြဲ ဂရုပြုပေသည်။ လူထုကို ချစ်မြတ်နိုးပြီး၊ လူထုကို မှီခိုအားထားကာ လူထုနှင့် တသားတည်းဖြစ်အောင် ထားစည်းကြိုးပမ်းပေသည်။ ပါတီ၏ အကျိုးစီးပွားများနှင့် လူထု၏ အကျိုးစီးပွားများသည် တထပ်တည်း ဖြစ်ပေသည်။ ပါတီအပေါ် တာဝန်ယူခြင်းနှင့် လူထုအပေါ် တာဝန်ယူခြင်းသည် တထပ်တည်း ဖြစ်ပေသည်။ ပါတီ၏ လက်တွေ့လုပ်ငန်း အားလုံးတွင် လူထုထံမှ လာပြီး လူထုထံသို့ ပြန်သွားသော လူထုလမ်းစဉ်ကို ကျင့်သုံးပေသည်။ ထိုလိုသည်မှာ ဗမာပြည်ကွန်မြူနစ်ပါတီဝင်များသည် လူထုထဲ ခင်းချ၍ လူထုထဲ၌ ပျော်ဝင်ကာ စည်းရုံးပေသည်။ လူထု၏ အတွေ့အကြုံများကို စုစည်း ပေါင်းချုပ်ပြီး ပို၍ ကောင်းမွန် စနစ်ကျသော သဘောတရားနှင့် နည်းနာများ ဖြစ်လာအောင် လုပ်ကာ လူထုကို ဝါဒဖြန့် လှုံ့ဆော်စည်းရုံးပြီး လူထုကို မှန်ကန်စွာ ခေါင်းဆောင်မှုပေးပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ခေတ်ခေတ်၏ လုပ်ငန်းများတွင် ချွတ်ယွင်းမှုများနှင့် မှားယွင်းမှုများကို ဖုံးကွယ်ခြင်းမပြုပဲ ကိုယ့်ကိုယ်ကို ဝေဖန်ရေး၊ ဝေဖန်ရေး နည်းနာဖြင့် ခေပြတ်ဆေးကြောပြီး အချိန်မှီ ပြုပြင်ကာ ပါတီဝင်များနှင့် ကေဒါများအား ပညာပေးခြင်းပြုပေသည်။

(အထွေထွေလုပ်ငန်းစဉ် – စာမျက်နှာ -၈-၃-၀၄ မှ)

## “ဗမာပြည်ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှု”

၈။ ။ ဗမာပြည်တွင် လက်နက်ကိုင်တိုက်ပွဲ အောင်မြင်ရန် အတွက် အဓိက ကျင်းဆက် အကျဆုံးမှာ တွေးခေါ်မှုအရ၊ နိုင်ငံရေးအရ၊ စည်းရုံးရေးအရ၊ လုပ်ငန်းအရ မှန်ကန်သော လမ်းစဉ်ကို ကိုင်စွဲထားသည့် ဗမာပြည် ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှုဖြစ်ပေသည်။ ဗမာပြည် တော်လှန်ရေး၏ ခေါင်းဆောင်အမြုတေ ဖြစ်သော ဗမာပြည်ကွန်မြူနစ်ပါတီကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်ရန်လိုပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏ တိုက်ရိုက်နှင့် အကြွင်းမဲ့ ခေါင်းဆောင်မှုခံယူသော ပြည်သူ့တပ်မတော်ကို အင်အားကြီးမားပြီး ခိုင်မာတောင့်တင်းလာအောင် တည်ဆောက်ရမည် ဖြစ်ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏

ခေါင်းဆောင်မှု အောက်တွင် သို့ ရန်သူ ပေါက်ပြန်ရေး အစိုးရကို တိုက်ဖျက်ဖြိုချနိုင်မည့် ကျယ်ပြန့်သော ညီညွတ်ရေး တပ်ပေါင်းစု တရပ်ကိုလည်း ဦးစီး၍ တောင့်တင်းအောင် တည်ဆောက်ရမည်ဖြစ်သည်။

ဤ တပ်ပေါင်းစုတွင် ပစ္စည်းမဲ့ လူတန်းစား (မာ့ပြည့် ကွန်မြူနစ်မှ တဆင့်) က ခေါင်းဆောင်၍ အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှု အပေါ်တွင် အခြေခံကာ မြို့နေ အရင်းရှင် ပေါက်စ လူတန်းစား၊ အမျိုးသား အရင်းရှင် လူတန်းစားနှင့် တိုးတက်သော အမျိုးသား အဖွဲ့အစည်းများ၊ ပြည်ချစ် ဒီမိုကရေစီ ပုဂ္ဂိုလ်များ ပါဝင်နိုင်ပေသည်။ ဤသို့ ပါဝင်လာနိုင်အောင်လည်း မာ့ပြည့် ကွန်မြူနစ်ပါတီက အစွမ်းကုန် ကြိုးပမ်း အားထုတ်ရမည်ဖြစ်သည်။

(အထွေထွေ လုပ်ငန်းစဉ် - စာမျက်နှာ ၁၂ - ၁၃ - တို့မှ)

၉ ။ ။ ပေါက်ပြန်ရေး အစိုးရ အဆက်ဆက် သည် ပါတီ၏ တော်လှန်သော မြေယာ လမ်းစဉ်ကို ဆန့်ကျင်ခဲ့ကြ၊ အရူး အမူး တိုက်ခိုက်ခဲ့ကြသည်။ ၎င်းတို့၏ ပေါက်ပြန်သော မြေယာ လမ်းစဉ်ဖြင့် အစားထိုး ဖို့လည်း အချည်းနှီး ကြိုးစားခဲ့ကြသည်။

ဖဆပလ အစိုးရက "လယ်ယာမြေ နိုင်ငံပိုင် လုပ်ရေး ဥပဒေ" နှင့် အခြား မြေယာ ဆိုင်ရာ ဥပဒေများဖြင့် ပဒေသရာဇ် မြေရှင်စနစ်ကို ကာကွယ် ထိန်းသိမ်းခဲ့သည်။ ပဒေသရာဇ် မြေရှင် စနစ်ကို ဖျက်သိမ်းနေသယောင်ယောင် လယ်သမားများ၏ အကျိုးကို စောင့်ရှောက်နေသယောင် ပြုကာ လယ်သမားများကို လှည့်ဖျားခဲ့သည်။

စစ်အစိုးရကလဲ ၁၉၆၂ ခုနှစ် ၎င်းတို့ အာဏာ သိမ်းပြီး ကာစ ကတည်းက ပါတီ၏ မြေယာ တော်လှန်ရေး လမ်းစဉ်ကို မှားယွင်းသော လမ်းစဉ် အဖြစ် ထိုးနှက် တိုက်ခိုက်ခဲ့သည့် တချိန်တည်းတွင် ဖဆပလ အစိုးရ၏ မြေယာ လမ်းစဉ်ကိုလည်း တိုက်ခိုက်ခဲ့သည်။ တောင်သူ လယ်သမားများနှင့် အသင့်တော်ဆုံးသော မြေယာစနစ်ကို တောင်သူ လယ်သမားများ၏ အကြံဉာဏ် ယူကာ ချမှတ်မည်ဟု ဝါဒဖြန့်ခဲ့သည်။

အာဏာ သိမ်းပြီး ၃ နှစ် ကျော် ကြာသော အခါ ၁၉၆၅ ခုနှစ် တွင် စစ်အစိုးရက "သီးစားခ ဖျက်သိမ်းသည်" ဆိုသော သဘောပါသည့် ဥပဒေ တခုကို ထုတ်ပြန်ခဲ့သည်။ ၎င်းနောက် မြေရှင်ခွန် ဖျက်သော ပါဟု ဝါဒ ဖြန့်ခဲ့သည်။ သို့သော် စစ်အစိုးရ ဝါဒဖြန့်ခဲ့သည်နှင့် ပြောင်းပြန် လက်တွေ့တွင် လယ်သမားတို့ သည် မြေရှင် အား သီးစားခ ပေးနေကြရသည်၊ စစ်အစိုးရ ဦးစီး ကျင်းပသည့် အစည်းအဝေး များ၌ပင် စစ်အစိုးရ၏ လူတွေ ကိုယ်တိုင်က လယ်သမားများ အနေနှင့် သီးစား ခကို နည်း အမျိုးမျိုးဖြင့် ဆက်လက် ပေးနေကြရသည့် အကြောင်း ဖြောင့် အတိ အလင်း ဝန်ခံ ပြောဆို နေကြရ ပေသည်။

နှစ်ပေါင်း တထောင်နှင့် ချီပြီး လယ်သမားများ ပေးလာခဲ့ရသည့် မြေခွန်ခကို - "သီးစားခ ပေးဘို့ မလို" ဆိုသည့် အစိုးရ ဥပဒေ တခု ထုတ်ပြန်ရုံ မျှနှင့် မြေခွန်ခ ပေးရသည့် စနစ် ပျက် မသွားနိုင်ကြောင်းကို လက်တွေ့က ပြနေပြီ ဖြစ်သည်။ ပစ္စည်းမဲ့ လူတန်းစား၏ ခေါင်းဆောင်မှု ဖြင့် လယ်သမား လူတန်းစား ကိုယ်တိုင်က ပဒေသရာဇ် မြေရှင် စနစ်ကို ပြင်းထန် နက်ရှိုင်းသည့် လူတန်းစား တိုက်ပွဲ ဆင်နွှဲကာ ဖျက်သိမ်းနိုင်မှသာလျှင် - မြေခွန်ခ ပေးရသည့် စနစ်ကို ရှင်း၍ အကုန်အစင် ဖျက်သိမ်းနိုင်မည် ဖြစ်ပေသည်။

(မြေယာ ပေါ်လစီ ဆုံးဖြတ်ချက်) စာမျက်နှာ - ၅ - ၆ (၁) ပိုဒ်မှ

၁၀ ။ ။ ပါတီ၏ မြေယာ ပေါ်လစီ မှန်ကန်မှုသည် အရေးကြီးလှ ကြောင်းကို အထက်တွင် ဖော်ပြပြီးခဲ့ပေပြီ ။ မြေယာ ပေါ်လစီ မှန်ကန်မှသာ ၊ မှန်ကန်သော မြေယာ ပေါ်လစီကို ကျင့်သုံးနိုင်မှ သာ လယ်သမား လူတန်းစား အပေါ်တွင် ပစ္စည်းမဲ့ လူတန်းစား၏ ခေါင်းဆောင်မှု ရရှိပေမည်။ အလုပ်သမား လယ်သမား မဟာမိတ်ဖွဲ့မှု အခြေခံ ကြံ့ခိုင် တောင့်တင်းပေမည်။ ကြားအင်အားစု များကို သိမ်းသွင်း နိုင်ပြီး ရန်သူကို တကောင်ကြွက် ဖြစ်စေ ပေလိမ့်မည်။

လက်နက်ကိုင် တော်လှန်ရေး ကာလတွင် ကျွန်တော်တို့ ပါတီတွင်း၊ အကုန် သိမ်း အကုန် ဝေခြင်းနှင့် ဝေပြီးသား မြေကို မြေရှင်ထံ ပြန်အပ်ခြင်း ၊ မြေယာ တော်လှန်ရေးကို - တော်လှန်ရေး၏ အဓိက ဝင်ရိုး အဖြစ် မထား ခြင်း တိမ်းစောင်းမှုများ အမှားများ ရှိခဲ့ဘူး ပေသည်။ အထူးသဖြင့် မြေရှင်ကို မြေပြန်အပ် ခြင်းနှင့် မြေယာ တော်လှန်ရေး၏ အခန်းကို -

ပစ်ပယ်ခြင်း သို့မဟုတ် သေးသိမ်စေခြင်း အားဖြင့် ဒေါ် ဒဏ်ချက်သည် ကြီးမား လှပေသည်။ ဤသည်ကို သင်ခန်းစာ ယူကြရ ပေမည်။

၁၉၆၄ ခုနှစ် နောက်ပိုင်း ကာလတွင်လည်း စစ်အာဏာရှင်၏ မြန်မာ လမ်းစဉ်နှင့် "မြန်မာ ပြည်ပြည်ရဲ့ အပေါ် သုံးသပ်မှု . : မှားယွင်းကာ ပဒေသရာဇ် မြေရှင် ခေါင်းချုပ်မှု စနစ်အပြင် မြန်မာ အရင်းရှင် ခေါင်းချုပ်မှု စနစ်သည်လည်း ပဒေသရာဇ် မြေရှင် ခေါင်းချုပ်မှုစနစ် ... တူ ... တည်း၊ ယှဉ်တွဲ တည်ရှိနေသည်ဟု ယူ၍ မြန်မာ လမ်းစဉ် က သုံး သပ်ခဲ့သည်။ ဤသို့ သုံးသပ်ပြီး ကျေးလက် လူတန်း စား လမ်းစဉ် အဖြစ်

- အခြေခံ အခြေခံ
- အာဏာ မဟာမိတ်ပြု
- ချမ်းသာ ကြွယ်ဝ
- မြေရှင်နှင့် မြန်မာ အရင်းရှင် ... ဦးတည် တိုက်။ - - - ဟူ၍ ချမှတ်ခဲ့သည် ။

မြန်မာ အရင်းရှင်ကိုပါ ဦးတည် မတိုက်ဘဲ မြေရှင် ကိုသာ ဦးတည်တိုက်ဟု ဆိုခြင်းသည် "ပြန်လည် ပြင်ဆင်ရေး သမားတို့ရဲ့ အမြင်များ ဖြစ်သည်ဟု ပညာ ပေးခဲ့သည်။

"မဟာပြည် မြန်မာ စီးပွားရေး မှာ အရင်း ရှင် ခေါင်းချုပ်မှု အသည်းသာ အာဏာ ကလေး ကျွမ်း နေပြီ" ဟုရင်း၊ လက်တွေ့မှာ သီးစား ခ မှုများတဲ့ မြေရှင်တွေကို အလွန်ကို နည်းသွားပြီး ကျွန်ုပ် မြေရှင် တွေ ကလည်း၊ အရင်းရှင် ရည်းစား လူဦးနဲ့ ယှဉ် ကြတယ် ဆိုတော့ မြေရှင် မရှိတော့ဘူးဆို ဖြစ်သွား တယ်။ ဟူ၍ဖြင့်၊ သုံးသပ်ပြီး "မြန်မာ အရင်းရှင် ဆိုသည်ကိုပါ ဦးတည် တိုက်ရမည့် ရန်သူ များ အဖြစ် မှားယွင်းစွာ ဆုံးဖြတ်ခဲ့သည်။

ဤကဲ့သို့ မှားယွင်းရခြင်းမှာ စစ်အာဏာရှင်၏ " သီးစားခ ဖျက်သိမ်းသည် ဆိုသော ဥပဒေ ကြောင့် စ ပျားသော စစ်အာဏာရှင် မြန်မာ ပေါ်လစီများ၏ အကျိုး သက်ရောက်မှုနှင့် ဝါဒ ဖြန့်ချိမှုကို အလွန် အကျွံ တွက်ဆခြင်းဖြင့် တစ်ဖက် တစ်ပိုင်း ဖြစ်ရပ်ကို တစ်ခုလုံး ဖြစ်ရပ် အဖြစ် လွန်ကဲစွာ တွက် ဆခြင်း ကြောင့် ဖြစ်သည်။

အမှန် အားဖြင့် ပြောရလျှင် ပဒေသရာဇ် မြေရှင်စနစ် ကျွမ်းမိုးနေသော စက်မှု နောက်ကျ ... ကား သော လက်ရှိ ကိုလိုနီ တစ်ပိုင်း ပဒေသရာဇ် တစ်ပိုင်း မဟာပြည်တွင် မြန်မာ အရင်းရှင်စနစ် ကျွမ်းမိုး ဖော ရန် ဆိုသည်မှာ လုံးဝ မဖြစ်နိုင်သည့် အရာ မဟုတ် ပေ ။

စစ်အာဏာရှင်ကို "အကြီးဆုံး မြေရှင်ချုပ်ကြီး"၊ မြန်မာ အရင်းရှင်ချုပ်ကြီးဟု သတ်မှတ်ပြောဆို ခြင်းသည် သဘောတရားအရ မှားယွင်းပေသည့် အ ပြင် အသေးစိတ် ရှုပ်ထွေးမှုကိုလည်း ဖြစ်ပေါ်စေ ပေသည်။ ကျေးလက်တွင် ပဒေသရာဇ် မြေ ရှင်စနစ် ခေါင်းချုပ်မှုဖြင့် ခေါင်းချုပ် ... သည့် မြေရှင် လူတန်းစား ကို ဥပေက္ခာ ပြုသကဲ့သို့ ဖြစ်သွား ... ပေသည်။ စစ်အာဏာရှင် သည် ... ပဒေသရာဇ် မြေရှင်စ နစ်နှင့် ... အရင်းရှင် စနစ် ... စနစ် ... ကိုယ်စားလှယ် ချုပ် ဖြစ် သည်ဟု ... သတ်မှတ်ခြင်း သာလျှင် - မှန်ကန် ပေသည်။


( ... ပေါ်လစီ ဆုံးဖြတ်ချက်) - ၉-၁၀-၁၁ - (၈) ပိုဒ်မှ

၁၁ ။ ။ မဟာပြည်တွင် လယ်သမား လူတန်းစား သည် လူဦးရေ အများဆုံး ဖြစ်သည့် အပြင် မချိ ... လူတန်းစား၏ ... ... ရာခိုင်နှုန်း မ ... ဖြစ်သည့် အခိုင်း လယ်သမား လူ ... ၏ မြန်မာ ပြည် သမိုင်းကို ... မြေရှင်း ... မဟာပြည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးသည် မအောင်မြင် နိုင် ဟုသည် မဟုတ် ပေ ။

လက်ရှိ တော်လှန်ရေး အဆင့်တွင် လယ်သမား ပြဿနာကို ဖြေရှင်းပြီး သား ... မြေရှင်း နိုင်ရေး အတွက် မြန်မာ တော် လှန်ရေးကို အဆင့်ဆင့် ... အဆင့် အရ အကောင် အထည် ဖော် ရ ပေမည်။

အလုပ်သမား ... မဟာပြည် ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေး၏ အဓိက စစ်မှု သည် မြန်မာ တော်လှန်ရေး ဖြစ်ပေသည် ။ ထို့ပြင် ... မဟာပြည် ပြည်သူ့ ဒီမို ကရေစီ တော်လှန်ရေးသည် ... ... အားဖြင့် ... လူတန်းစား ( မဟာပြည် ... ) က ခေါင်းဆောင် သည့် လယ်သမား စစ်မှု ပင် ဖြစ်ပေသည်။

ကျွန်တော်တို့ ချီတက်ရာ လမ်းစဉ် သည် အခက် အခဲ ၊ အတား အဆီး၊ အရှေ့ အနောက် များဖြင့် ပြည့်နှက်နေ ကာမူ - ကျွန်တော်တို့၏ အနာဂတ် ကား ... ၊ တောက်ပြောင် ပေသည် ။ ကျွန်တော်တို့သည်




မဟာပြည်သစ် အတွက်ဖြင့်၊ ကွန်မြူနစ် ဝါဒရေး အတွက်ဖြင့်၊ အသက်စွန့်ရသည်ကို မကြောက်၊ အခက်အခဲကို မကြောက်ပဲ၊ ကိုယ့်ကျိုး ကိုပင် စွန့်၊ ကိုယ့်အားကို ကိုယ်ကိုးပြီး အဆင်းရဲ အပင်ပန်းခံ၍ ရည်မှန်းချက် ထိုက်ခိုက်သည့် စိတ်ဓါတ်ဖြင့် တော်လှန်ရေးကို ရာသက်ပန် ဆင်နွှဲသွားရန် အဓိဋ္ဌာန် ပြုထားကြသူများ ဖြစ်သည်။ ကျနော်တို့ တပါတီလုံးသည် မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် ဝိဇ္ဇာ ပညာကို ဆုပ်ကိုင်ထားသည် ဆိုပါက၊ မဟာပြည်သူ့ အဖွဲ့အစည်းနှင့် မဟာပြည် တော်လှန်ရေး လက်တွေ့ ပြဿနာများ ကို နက်နက်ရှိုင်းရှိုင်း နားလည်း လေ့လာကာ သဘောတရားနှင့် လက်တွေ့ကို ခွန်ကန်စွာ ပေါင်းစပ် ကျင့်သုံး နိုင်မည် ဆိုပါက၊ မာ့က်စ်ဝါဒ ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေးအခေါ် အခြေခံ ပေါ်တွင်ဖြင့်၊ အတွေ့တွေ့ လုပ်နည်းစဉ် ဖွဲ့စည်း အုပ်ချုပ်ပုံ စည်းမျဉ်းနှင့် ပေါ်လစီ များ၏ အခြေခံပေါ်တွင်ဖြင့်၊ တပါတီလုံး စည်းလုံး ညီညွတ် - အောင် လုပ်နိုင်မည် ဆိုပါက ၊ လူထုကို ယုံကြည်ပြီး ၊ လူထုနှင့် တသားတည်း နီးနီးကပ်ကပ် ပူးပေါင်းကာ လူထုကို ဦးဆောင်သွားနိုင်မည် ဆိုပါက ခေတ်သစ်၏ အတားအဆီး အခက်အခဲကို မဆို ဖြစ်စေ လုံး၀ ကျော်နင်းပြီး အောင်ပွဲကို အရ ဆွတ်ခူးနိုင်မည်မှာ ဧကန် မုချပင် ဖြစ်သည်။


သမိုင်းပေး တာဝန် ဖြစ်သော ကျနော်တို့ ပါတီ၏ အနီးဆုံး ရည်မှန်းချက်နှင့် အပြင်အား ရည်မှန်းချက်တို့ကို ကျနော်တို့ တပါတီလုံးသည် အောင်မြင်စွာ ဆောင်ရွက်နိုင်စွမ်း ရှိပေသည်။ ဧကန်မလွဲ အောင်မြင်စွာ ဆောင်ရွက် ရမည် လည်း ဖြစ်ပေသည်။

(အတွေ့တွေ့ လုပ်နည်းစဉ် - စာမျက်နှာ - ၁၃-၁၄ တို့မှ ။)

(ဤ ကော်မတီ ဆုံးဖြတ်ချက်ကို စာတည်း အဖွဲ့မှ တာဝန်ယူပြီး စာလုံးများကို ...)

# ထိုတရက်

မိုးတာနေ့



မြင်ကွင်းများကို တရိပ်ရိပ် ဖြတ်ကျော်လာခဲ့ပါတယ်၊ ဒါပေမဲ့ မှုံဝါးမသွားပါ၊ နီနီ့အဖို့တော့ အရာရာဟာ အသစ်အဆန်း ဖြစ်နေပါတယ်။ ဒီအရာဝတ္ထုသစ် အားလုံးဟာ နီနီ့ရင်မှာ စွဲငြိကပ်လာပါတယ်၊ ဒီးတော့ နီနီ့ရင်တွေလဲ ခုံနေတယ်၊ မီးတော့ မြင်မြင်သမျှကို လည်း နီနီ အလွတ်မပေး ရှုးရှုး စိုက်စိုက် ကြည့်နေမိပါတယ်။

တကယ်တော့ ရန်ကုန်အဝင်မိန့် ကားလမ်းမကြီး တလျှောက် သာမန်မြင်ကွင်းများဟာ နီနီ့အတွက် အထူးအဆန်း မဟုတ်ပါ၊ နီနီ ကျောင်းသွား ကျောင်းပြန် တွေ့နေကြ မြင်နေကြ၊ ဒါပေမဲ့ အရင်နေ့တွေတုံးက - ကားသွား ကားလာတွေနဲ့ ရှုတ်နေတဲ့ - ကားလမ်းမကြီးဟာ - ခုတော့ ကားသွား ကားလာတွေ ရှင်းနေပါတယ်။ ဖြတ်သန်းဖြတ်လာ ကားတစီး တလေတောင်မှ မတွေ့ရပါ၊ အုပ်လိုက် - အစုလိုက် - တယောက်ချင်း နှစ်ယောက်တတွဲ - စီသပြင့် သွားနေတဲ့ သူများသာ ရှိနေပါတယ်၊ ကားဟွန်းသံ - ကားစက်သံတွေ အစား - စက်ရုံ အလုပ်ရုံတွေကနေ၊ ကြော ခဏ ပေါ်ထွက်လာနေတဲ့၊ ဥဩဆွဲသံ ရှည်တွေသာ - လွှမ်းမိုးလို့ နေပါတယ်။

စက်ရုံကို ကာရံထားတဲ့ သံတိုင်တွေ ကြားထဲက စက်ရုံ တံခါးပေါက်တွေ ကြားထဲက နေပြီး - စက်ရုံထဲက အလုပ်သမားတွေကို မြင်နေရပါတယ်၊ အမျိုးသားတွေရော အမျိုးသမီးတွေရောပဲ။ ဒါပေမဲ့ သူတို့တတွေ စက်ရုံ အလုပ်ခန်းထဲမှာ မဟုတ်ဘူး၊ စက်ရုံဝင်းထဲက မြက်ခင်းပေါ်မှာ သူတို့ စုဝေးနေကြတယ် သူတို့ဟာ အင်အားစု တရပ်အနေနဲ့ ပေါ်ပြနေပါတယ်၊ စက်ရုံဝင်းခတ်ထားတဲ့ သံတိုင်တွေ ကြားထဲက အားမာန်ပါလှတဲ့ သူတို့ရဲ့ မျက်နှာတွေကို ထင်ထင်ရှားရှားပဲ တွေ့နေရပါတယ်။

"သပိတ်ကို ဖန်တီးတာလူထုပဲ"

နီနီ ဖတ်ခဲ့မှတ်ခဲ့တဲ့ စာပိုဒ်ကို တိုးတိုးလေး ရွတ်နေမိပါတယ်။ အလုပ်သမားတွေဆီက ပေါ်ထွက်လာတဲ့ ကြွေးကြော်သံတွေဟာ စက်ရုံဝင်းကို ဖြတ်ကျော်ပြီး၊ အပြင်ကို ပျံ့လွှင့်လာပါတယ်၊ ကြားရတဲ့ နီနီ့ရင်မှာ လှိုင်းထ တုန်ခါနေပါတယ် - ကြက်သီး မွေးညှင်းများ ထောင်ထလို့။

"သပိတ် - သပိတ် - မှောက် - မှောက်
ဖိုးဦတ် - ဖိုးဦတ် - ရှုံ့ ရှုံ့
လုပ်ခ တိုးမြှင့်ရေး - ဒို့အရေး - ဒို့အရေး
ဆန်လုံ လောက်ငှာ ရရှိရေး ဒို့အရေး - ဒို့အရေး
ကုန်ဈေးနှုန်း ကျခင်းရေး ဒို့အရေး - ဒို့အရေး"

နီနီ ငြိမ်နေရ ကြားနေရတဲ့ - ဘီစကွက် စက်ရုံ ဆပ်ပြာ စက်ရုံတွေက အလုပ်သမားထု တိုက်ပွဲဟာ - အခြား စက်ရုံတွေလိုပဲ - သူတို့ ဘဝ အတွက် တိုက်ပွဲဝင်နေကြပါတယ်။

ဖိနှိပ် သွေးစုတ် ခံနေရတဲ့ ဘဝက - သူတို့ တိုက်ပွဲ လမ်းကြောင်းထဲ ဖေါ်ဆောင်သွားပါပြီ။

ပြစ်ငယ် ဒီ ရထား စက်ရုံကနေ စတင် ယဉ်ပေါက် လိုက်တဲ့ တိုက်ပွဲ ဓါးသွား ဟာ - တပြည်လုံးကို ပျံ့နှံ့ နေပါပြီ - စစ် အစိုးရ ရဲ့ အုပ်ချုပ်မှုရဲ့ - နှလုံး အိမ်ဖြစ်တဲ့ ရန်ကုန် မြို့တော်ကို ကိုင်လှုပ်နေပါပြီ - သောကတည် ရာမရ တုန်လှုပ် ခြောက်ခြား နေတဲ့ - မဆလ ပါတီ ဟောင်းပြီ ဆိုသူတွေ ကို တွေ့မြင် နေရပါတယ်။

“အားရစရာပဲနော် နီနီ”

“ဟုတ်တယ် - ဟာင် - ဟိုမှာကြည့်စမ်း ညီညီ” စက်ရုံရဲ့ ဝင်း တခါးဝ ကို လှမ်းကြည့် လိုက်တော့ - ပုခုံး ပေါ်က ပုဆိုးခကို ပြေချပြီး - ချွေး သုတ်နေတဲ့ - လူကြီး တယောက်နဲ့ - စက်ရုံ ထဲကနေ တုန်းတုပ် တောင်းကို လှမ်းယူ နေတဲ့ လူငယ်တယောက်ကို တွေ့ရပါတယ်။

“ဘာမှ မပူနဲ့ပေါ့ - မင်းတို့ သပိတ် မှောက်နေတဲ့ အတောအတွင်း မင်းတို့ရဲ့ နေရေး စားရေးကို - ငါတို့ တာဝန်ယူတယ် တိုက်ပွဲကိုသာ မင်းတို့ ရဲရဲ တိုက်ကြ - လမ်း ခုလတ်မှာ မစဲစေနဲ့ - မင်းတို့ တိုက်ပွဲဟာ ငါတို့ တိုက်ပွဲပဲ”

“စိတ်ချ ဦးလေးရေ့ စိတ်ချ”

ဒီအသံဟာ နီနီနဲ့ ညီညီ တို့ နှစ်ယောက်ကို ရစ်ပတ် လွှမ်းခြုံ သွားပါတယ်။ သူတို့ နှစ်ယောက် အဖို့ ၊ မှင်သက် ငေးမော နေမိ ပါတယ်၊ ဒီ အလုပ်သမားတွေ သပိတ် တိုက်ပွဲ ကြားက ကြည်နူး စရာ မြင်ကွင်း တရပ် ပါ၊ သူတို့ ခံစား ရပါတယ်။

“ဆက်သွားကြည့် ရအောင်”

ညိုညို တိုးတိုး ဆိုသံကြောင့် - နီနီလဲ ခေါင်း ညိတ် လိုက်ပါတယ်။ ပြီးတော့ အင်းစိန်ဘက် ဆီကို - ဆက်လျှောက် လာခဲ့ ပါတယ်၊ နီနီ ခေါင်း ထဲမှာ - ဘီစကွတ် စက်ရုံနဲ့ သံပြား စက်ရုံ က - အလုပ်သမားတွေ - သပိတ် တိုက်ပွဲ ဝင် နေကြတာ - ရုပ်ပုံ ပါလာ ပါတယ်၊ ဒါနဲ့ အတူ မြင်ကွင်း အသစ်တွေလဲ တွေ့မြင် လာရပါ တယ်။

“စစ်သားတွေ အများကြီးပဲနော်”

ညိုညို ရဲ့ တိုးတိုး ဆိုသံဟာ ဝဝမ်း ပျံ့လွင့် လာပါတယ်၊ ရန်ကုန် အင်းစိန် လမ်းမကြီး အပြည့် - ပိတ်ပြီး တန်းစီ ရပ်နေကြတဲ့ - စစ် အစိုးရ ကြေးစား စစ်သားတွေ ပါ၊ ယောင်း ပြန် သေနတ်တွေလဲ ကိုင်ထားကြပါ တယ်၊ တတန်း ၊ နှစ်တန်း ၊ သုံးတန်း တောင် ပါပဲ ၊ ဒါကို ကြည့်ပြီး - နီနီ ခေါင်းမူးမိုး ဒေါပွ လာပါတယ်

“ ကြေးစားတွေ၊ လူသတ်သမားတွေ ”

ဒေါသ သံကြောင့် နီနီ အသံ မသိမသာ ကျယ် သွားလို့ ညိုညို က လက်ကုတ် လိုက် ပါတယ်။



သူတို့ ... ဒီ ပါးကွက် တာတာ
သားတစုရဲ့ ... လမ်းဘေး ရပ်ကွက်
ထဲ ဖြတ်ပြီး - ခင်းတို့ကို ပြန်ပြောင်လာခဲ့
ပါတယ်

“ ခင်းတို့ စကားပြောဟာ ဒီမှာကို ”

ညိုညို ငြိမ်ပြတဲ့ နေရာကို ကြည့်လိုက်တော့ ရိုင်းကျား စစ်ကားတွေ အစီအရီ ပုံးဆိုက် ထားတာ တွေ့ရပြီး၊ ဒါနဲ့ အတူ လက်နက် ကိုင် စစ်သား အများ အပြားကို တွေ့ရပါတယ် အင်းစိန် ကားလမ်းမကြီးပေါ်က သင်္ချိုင်းအား ကစားရုံ သစ်ကလေးဟာ၊ ကြေးစားတပ်တွေ ရဲ့ ယာယီ စခန်း ထောက်တခု - ရှေ့တန်းရုံး တခု ဖြစ်သွားပါပြီ၊ နံဘေးက - လှိုင် မြစ်က စားကွင်း - သော့ယူးကွင်း ကတော့ - ... ကောင်းမဲ့ပြီး ... နေပါတယ်။

“ နေရာတကာ - စီကောင်တွေ ရှောက် နေပါလား ”

ညိုညိုရဲ့ ကြုံကြုံချင်းချင်းယဉ် ပြောလိုက်တဲ့ အသံကြောင့် နံဘေးက ဖြတ်သွားသူ တယောက် က - သူ့ကို ကြည့်သွားတာ တွေ့ရပါတယ်။ အင်းစိန် လမ်းမကြီးကို ၊ ကန့်လန့်ဖြတ် ပိတ် ထားတဲ့ - လက်နက်ကိုင် စစ်သား တစုကို ထပ် တွေ့ရပြန်ပါတယ်။ သူတို့ဟာ အင်းစိန်ဘက် ကို မျက်နှာမူထားပါတယ်။ အသက်ကင်း ခဲ့တဲ့ အရုပ်တွေလို ပါပဲ၊ နီနီတို့လဲ - နောက်ထပ်တခါ - သူတို့ဘေးပြ ကွက်ထဲ က ဖြတ်ပြီး သူတို့ကို ကျော်ဘက် ခဲ့ပြန်တယ်။ သူတို့ ရှေ့က မဲနက်နေတဲ့ - ကတ္တရာ လမ်း ပေါ်မှာ ဖုံးဖုံးဖြုဖြု တားတားသကို - ချည်း ကြောင်းတွေကို နီနီတို့ ယောခဲ့ ... တွေ့ခဲ့ရ ပါတယ်၊

ဒီတခါတော့ ကားလမ်းဘေး လူ နေ အိမ်တွေ ကြားကဖြတ်ပြီး သာသာ တိုက် တန်းများ ဘေးက ကွင်းပြင်ထဲ ရောက်သွား ပါတယ်။ တချိန်တည်း နီနီတို့ ရှစ်ယောက်လဲ၊ လူအုပ်ကြားမှာ ပျောက်သွားပါတယ်။

လူတွေ၊ လူတွေ၊ အလုပ်သမား တွေ မြို့နေ ဆင်းရဲသားတွေ၊ ကျောင်းသားတွေ၊ လူကြီး၊ လူငယ်၊ လူလတ် အရွယ်စုံပဲ - နောက် အမျိုးသမီးတွေနဲ့ ကလေးတွေလဲ ပါရဲ့၊ ဘယ် တယောက်မှ ... ဒေါင်းအလံ ... ဆောင်းနဲ့ ကိုင်တော်

တွေလဲ ပါတော့ ... ပြောဆိုကြတဲ့ လူတွေ အင်းစိန် ကားလမ်းမကြီးပေါ်မှာ အပြည့် - သာသာ ကွင်းပြင်ထဲမှာလဲ အပြည့် လူနေ ရပ်ကွက်ကြား တောင်ပြန့် တွက်နေပါတယ် အင်းစိန် ကားလမ်းမ တလျှောက် - လူတွေ လူတွေ - တိုက်ပွဲဝင်ပြည်သူတွေ၊ အလုပ် သမား လူရဲ့ တိုက်ပွဲဟာ ပြည်သူတွေရဲ့ တိုက် ပွဲလဲ ဖြစ်နေပါတယ်။ နောက်ပိုင်းကတော့ သချိုင်း ချည်မျှင်နဲ့ အထည်စက်ရုံဝင်း ကွယ် သွားလို့ - နီနီတို့ မမြင်ရတော့ဘူး။

“ ဒီ ဒီလူတွေ ဘယ်လောက် ရှိမလဲ ”

“ နှစ်သောင်းတော့ အနည်းဆုံးပဲ ”

“ မကာသုံး ထင်တယ် ”

လူ အရေ အတွက် ၊ ရေတွက်လို့ မရပါ ပြောနိုင်တာ ကတော့ အများကြီးပဲ၊ အများ ကြီးပဲ၊ လူ့ပင်လယ် လှိုင်းလုံး နေကပင်ဆို တာ ဒါပဲ ထင်ပါတယ်။

အင်းစိန် လမ်းမကြီး တလျှောက် မြို့တွင်းကို ချီတက်ဖို့ ပြင်နေတဲ့ - လူထုကြီးရဲ့ တပ်ဦးက အလယ်မှာ တလှုပ်လှုပ် ရှိနေပါ တယ်။ လက်နက်ကိုင် ကြေးစား စစ်သားတွေ က ၊ ကားလမ်း တလျှောက် ၊ တပေါက်ပြီး ... ရပ်နေပြီး ချီတက်ရာ လမ်းကို ပိတ်ဆို့ထား ပါတယ်။ သာသာ ကွင်းပြင်ရှေ့ အမှတ် - ... မှတ်တိုင် ရှေ့မှာ ... ဆုံနေ ပါတယ်။ စစ်သားတွေရဲ့ နောက်မှာတော့ ၊ စစ်ကားတွေ ၊ တတန်းကြီး ရပ်ထားပါတယ်။ ကားတစီးပေါ်မှာတော့ - ကြေးနန်းစက် - ကိုင်ပြီး သတင်းပို့ သတင်းယူ လုပ်နေတဲ့ ကြေးစား စစ်သား တယောက်ကို တွေ့ရပါ တယ်။

“ လူသတ်ဖို့ ဖိုနေတယ် ထင်တယ် ”

ဘေးက လူတယောက်ရဲ့ မှတ်ချက်ချသံကို ... နေတဲ့ လူအုပ်ကြီးရဲ့ အသံ ... တွေ ကြားက ... ကြားလိုက် ရပါတယ်။ ကြေးစား တပ်တွေ ကိုင်ထားတဲ့ လက်နက်တွေကို ကြည့်လိုက်တော့ ဘရင် - ဂျီ ၃ - ဂျီ ၄ - မောင်းပြန် သေနတ်တွေ အပြင် - ၅၀ ... ... တွေ တောင် ပါ တာ တွေ့ရပါတယ်။ လက်နက်မဲ့ အလုပ် သမားနဲ့ ပြည်သူတွေ ကတော့ ဒီလက်နက်

ထွေကို မကြောက်ပါဘူး - ရဲရဲ ရင့်ရင့် ရှေ့ကို တိုးနေပါတယ်၊ သူတို့ရဲ့ မျက်နှာတွေဟာ ခက်ထန် တင်းမာ နေပါတယ်၊ အလုပ်သမားထုရဲ့ တိုက်ပွဲဝင် စိတ်ဓါတ်ဟာ နီနီတို့ ရှေ့လုံး အိမ်ကို ခွေးတွေး ရစ်ခြုံထားပါတယ် အလုပ်သမားထုရဲ့ တိုက်ပွဲဝင်ကြွေးကျော်သံဟာ ပဲ့တင်းညံ နေပါတယ်။

အလုပ်သမားထုရဲ့ တိုက်ပွဲဝင် ကြွေးကြော်သံဟာ ဟိန်းညံ နေပါတယ်။

မှုတ်သွင်းဦးရဲ့ ဖြိုးခလိုညိုနေတဲ့ ရန်ကုန်မိုးဟာ ရွာမလို အုံ့မှိုင်းနေရာက နေရောင် မျှာ ကျလာပါတယ်။

"မိညို ဘယ်နှစ်နာရီ ရှိပလဲ"

"သုံးနာရီလောက် ရှိပြီထင်တယ်၊ ဒါနဲ့ .. နာရီ ပတ်မလာဘူးကွ" - ဝိုဒ်အညိုက် အတန့်မှာ - သံဖြူပုံး ကားကြီး နှစ်စီး ထိုးဆိုက်လာတာကို နီနီတို့ တွေ့လိုက်ရပါတယ်

"အထိကရုန်း နှိမ်နင်းရေး ကားတွေ လာပလေား"

"မွဲကြီး မွဲကောင်းပဲကွ"

စစ်အစိုးရရဲ့ ဖိနှိပ်ရေး ကရိယာတွေ တခုပြီးတခု ရောက်လာပါတယ်။ ဒါပေမဲ့ လူထုရဲ့ မျက်နှာဟာ အကြောက် အလန့်ကင်းပါတယ်၊ ဖိရင်ခြွေမယ်၊ ဝဲရင်ချမယ်၊ သူတို့ ရင်ထဲမှာ မှိုင်းထနေပါတယ်။ သူတို့ဟာ ဒေါသနဲ့ တုံ့ရီနေပါတယ်၊ သူတို့ နောက်ခံညာ ပါ

"ထုန်း . . . ထုန်း . . . ထုန်း"

နောက် တထုန်းထုန်းနဲ့ ပစ်ခတ်သံတွေ ပေါ်လာပါတယ်။ တချက် နှစ်ချက် - အို - ဘယ်ကတော့လဲ - အချက်ရာနဲ့ ချီသွားပြီ၊ ပြာလဲ့လဲ့ရောင် အခိုးအငွေ့တွေဟာ - လူအုပ်ကြီးထဲကို မှုံ့လွှင့်လာပါတယ်။ ကြည့်လိုက်တော့ ခုန ပစ်ရပ်ထားတဲ့ စစ်သားတွေ၊ စစ်ကားတွေ နောက်ကို နန့်နှံ ပြန်ဆုတ်သွားကြပြီ။

"မျက်ရည်ယိုဗုံးတွေ၊ မျက်ရည်ယိုဗုံးတွေဟေ့"

"လက်ကိုင်ပုဝါကို ရေဆွတ်ပြီး - မျက်နှာ အုပ်ထားကြ"

"ဗုံးတွေ - ပြန်ကောက်ပစ်ကြပါ"

အသံ မလဲတွေ ဆူညံနေပါတယ်၊ တိုက်ခန်းတွေ၊ လူနေ ရပ်ကွက်တွေထဲက အိမ်တွေထဲကနေ - ရေပုံးတွေ တဝ်လာပေး - ရေတွေ ခပ်ပေးကြပါတယ်။ ကြည့်လိုက်တော့ ခလေးတွေရယ်၊ အမျိုးသမီးဝယ်တွေရယ် - အဖိုးကြီး အဖွားကြီးတွေရယ် ဒီလူတွေပဲ၊ အိမ်ပေါက်ဝမှာ ရှိနေပြီး ရေခပ်ပေးနေတာ တွေ့ရပါတယ်။ ဟုတ်သားပဲ - အရှုပ်ကောင်းတွေ အားလုံး တိုက်ပွဲဝင်နေကြပြီ . .။

မျက်ရည်ယိုဗုံးပစ်သံ ရပ်သွားတာနဲ့၊ ခါတ်ငွေ့က မျက်နှာ ဖုံးသွပ်ပြီး ဘယ်ဘက်က ကြိမ်ဒိုင်း အပိုင်း - ညာလက်က နံပါတ်ဒုတ်တွေ ကိုင်ထားတဲ့ - ရဲ နှစ်ရာလောက် - လမ်းမကြီး တလျှောက် - ဝင်လာကြပြီ - မျက်ရည်ယိုဗုံး ခုတ် ခံနေရတဲ့ ဂျူဝေ့ကြီးကို အတင်း ဝင်ရိုက် ပါတော့တယ်။ အလုပ်သမားထုရဲ့ တရားတဲ့ - မှန်ကန်တဲ့ တိုက်ပွဲကို စစ်အစိုးရက ဗဟင် အကြမ်းဖက် နှိပ်ကွက်ပါပြီ၊ သူတို့ရဲ့ ဘိလူးဗွယ် ရုပ်ကို ထပ်မံ ဖွင့်ပြ လိုက်ပြန်ပါပြီ။

ဒေါသ၊ ရောမ စိတ်သည်း တော်ကြီးများ ကိုက်ဖယ်းထားတဲ့ ရဲတွေ၊ တိုက်ပွဲဝင် လူထုကြီးက ဒါးဒါး ဒီးဒီးသံ တုံ့ပြန် လိုက်ကြပါတယ်။ ခဲတွေ အုတ်ခဲကျိုးတွေ ပလူပျံလို့ နေပါတယ်။ ထုတ်တွေလဲ တဝင့်ဝင့်နဲ့၊ ဒီအချိန်မှာပဲ၊ နောက်ထပ် - ရောမ စစ်သည် တော် နှစ်ရာလောက် အကူ တပ်တွက် လာပြန်ပါတယ်။

"ချကြ - ရဲဘော်တို့ - ချကြ - နောက်မဆုတ်နဲ့"

အလုပ်သမား ခေါင်းဆောင်နဲ့ တူသူ တယောက်က - နှစ်တလက်မ ဒုတ် တချောင်းကို ဝင့်ပြီး - ကြွေးကြော် နေပါတယ်။ အဝါရောင် သက်နှံနဲ့ ကိုယ်တော်ကလဲ အင်းပိုင်ထဲ ခဲတွေ တထွေးကြီး ထဲ့ပြီး၊ ရဲတွေကို ပစ်နေလေရဲ့ . .။

"ချ ချ - နောက်မဆုတ်နဲ့ - အဒေါချ"

နာနာ ကျည်းကျည်း - ငြုံ့ငြုံ့ ရှိ
အောက်ယာစ်သံ ကြားလို့ ၊ နီနီ လှည့်ကြည့်
လိုက်တော့ - အဖိုးသန့်ကြီး တစ်ဦးကို တွေ့
ရပါတယ်။ သူ့မှာ ခေါင်းချင်းစိတ်နဲ့ ခွေ့
ခွေ့ ရွန်နေပြီး လက်ညှိုး တဖေါက်ဖေါက်တိုး
ပြီး အောက်ယာစ် နေပါတယ်။

“ အကိုတို့ - အမေတို့ - ရေချိုး - ရေ
လေးငါး ကြောက်ရွံ့စ ဝန်းကျင် ခလေးတွေ
ကလဲ ရေမှုးတွေ အွဲလို့ ပျော်ရွှင်ယိုမှုး
ဒေါ် စံနေရသူတွေကို - အပြေးအလွှား
ပြုလုပ်နေတာ တွေ့ရပါတယ်။ စစ်အစိုးရရဲ့
နှိပ်ကွပ်မှုကို - လူတန်းစား လူ့အဖွဲ့အစည်း
အသီးသီးက ကြောက်လန့်စိတ် ခေတ္တပဲ၊ တုံ့
ပြန်နေကြပါတယ်၊ လူကြီး၊ လူငယ်၊ လူ
ရွယ်၊ ခလေး၊ ဖိနပ်မဲ့ ခြေကျင်း ရဟန်း
သံဃာတော်တွေ တောင် ပါဝင်ပါတယ်။

ပျော်ရွှင်ယိုမှုး ဒေါ်ကြောင့် -
တခဏချင်း ဖရိုဖရဲ ဖြစ်သွားတဲ့ လူထု
ကြီးရဲ့ ရှေ့တည်းမှာ အင်အားကြီး တိုက်ခိုက်
မှုကြောင့် - ရောမ စစ်သည်တော်ကြီးများ
အမိန့်၊ နဖူးကြော ပြုံးပြုံ ခွဲ အပြေးအလွှား
လုပ်ပေးနေပါတယ်။ တခဏချင်း ဖရိုဖရဲ
ဖြစ်သွားတာကို ပေါ်ဝင်မီး ၊ မောင်းထုတ်
သွားတဲ့ သံမြို့ပုံး ကားကြီးတွေဟာ ကန့်
လန့် ကန့်လန့်နဲ့ ပြန်ထွက်လာရပါတယ်။

လူထုကြီး မြို့ကျ လာပါပြီ၊ အခြေမ
လှတော့တဲ့ ရောမ စစ်သည်တော်ကြီးတွေ၊
သံမြို့ပုံး ကားကြီးတွေ နောက်ဆုတ်ပြေး
ကုန်ကြရပါပြီ ...။

“ တက်ဟေ့ - ရှေ့ကို တက်ကြဟေ့ ”
တိုက်ပွဲ အမိန့်သံဟာ ကျယ်
လောင် ပြတ်သား ပါတယ် ၊ လူအုပ်ကြီး
ဟာ ကျယ်လောင်စွာ - ဟစ်ကြွေးပြီး - ရှေ့
ကို ပြေးတက် သွားကြပါတယ်။

ဘာတော တိုက်ခန်း ရှေ့ အစ်းစိန်
လမ်းကြီး တလျှောက် အပြေးအလွှား ချီ
တက် တိုက်ပွဲဝင် နေကြတဲ့ လူထုကြီး
ဟာ ခေါင်းခိုင် အောင်ပါပဲ ။ သူတို့ရဲ့
အကြောက်အလန့် ကင်းစွာ တိုက်ပွဲဝင်မှု
ဟာ - ဖိနှိပ်မှု နှိပ်ကွပ် မှုတွေကို ...

ဆုံ လှုပ်ခေပါတယ်။ သတ်မှာ - ဖြတ်မှာ -
အရက်စက်ဆုံး နှိပ်ကွပ်မှာ သူတို့ ခေါ်ပါ
သူတို့ တိုက်ရဲကြပါတယ်။ သူတို့ အောင်
ပွဲ ယူရဲကြပါတယ်။

“ ဒိုင်း ... ဒိုင်း ... ဒိုင်း .. ဒိုင်း .. ဒိုင်း
“ အို ! သေနတ်နဲ့ ပစ်ကုန်ပြီ -
အတွဲ လိုက် ပစ်နေတဲ့ မောင်းပြန် သေနတ်
သံတွေဟာ အဆက်မပြတ် ပေါ်ထွက်
လာပါတယ်။ စစ်အစိုးရဟာ သူ့ရဲ့
အင်းကုန် အောင် ရက်စက် ရမ်းကားမှု
ကို - အရှက် ကင်းကင်းနဲ့ ပေါ်ပြ လိုက်
ပြန်ပါပြီ ၊ လူထုကြီးရဲ့ ရှေ့ဆုံးက ချီ
တက်နေ သူတွေဟာ - သွေးကန် လဲကျ
သွားကုန် ပါတယ် ။

“ - အို ! သူတို့ ကျသွားကြပြီ ”
ယခုတိ ပါတယ် အာအော နည်းတွေ ကျဆုံးခဲ့
ရ ပြန်ပြီ ။

သေနတ်သံတွေ အဆက်မပြတ် ပေါ်
ထွက်နေပါတယ်၊ အင်းစိန် လမ်းကြီး တ
လျှောက် - လူအုပ်ကြီးဟာ အယု့ အနဲ့
ဖြစ်နေပါတယ်။ သေနတ်သံတွေ ကြားထဲမှာ
ပဲ၊ အာလုပ် သွားဖြစ် ဟန့်တျော့ လူငယ်တ
ဦးဟာ ဒုတ် တချောင်းကို ကိုင်ရင်း ရှေ့
ကို ရဲရဲကြီး ပြေးတက် သွားပါတယ်။ သူ
ရဲ့ ရိုးရိုး ရှာရှာ ဟစ်ကြွေးသံဟာ တိုက်
ပွဲ ဖွင့် တခုလုံး မှာ ပျံ့နှံ့ သွားပါတယ်။
“ ဆက်တက်ကြ ရဲဘော်တို့ အာဏာရှင်
နဲ့ ”

နီနီ တကိုယ်လုံးမှာ သွေးတွေ ဆူ
ပွက် နေသလို ခံစား ရပါတယ်။ ညီညီညီလဲ
ဒီလိုပါပဲ - ဒီနေ့ ၁၉၇၄ ခုနှစ် ၊ ဒီဇင်
ဘာရက်နေ့ ပါ ၊ ဒီနေ့ဟာ မဟာပြည်ထောင်
လွန်တဲ့ ပြည်သူတွေရဲ့ သမိုင်းဝင်နေ့
တနေ့ ဖြစ်သွားပါပြီ။ သေနတ်သံတွေ ဆူ
ညံစွာ ပေါ်ထွက်နေဆဲ ပါပဲ ။ ဒီ အသံကြား
ထဲက တိုက်ပွဲဝင် အာလုပ်သွားတုရဲ့ ကြွေး
ကြော်သံ များဟာ ပဲ့တင် ထပ်လို့ နေပါတယ်။
“ အရေးတော်ပုံ - အောင်ရမယ် ”
“ အရေးတော်ပုံ - အောင်ရမယ် ”
“ အရေးတော်ပုံ = အောင်ရမယ် ”

## ဗွီအမ်မိုလိုတော့ဗ်သို့ စာနှစ်စောင်

(၁)

ရဲဘော် မိုလိုတော့ ၊

ဗဟို ကော်မတီ ရုံးဦး အစည်းအဝေး မှာ အောက်ဖေါ်ပြပါ အဆိုပြုချက် များတင် သွင်းဘို့ ကျနော် ဆန္ဒပြုလိုက်ပါတယ်။

ပါတီဝင် သစ်များနဲ့ ပတ်သက်ပြီး စမ်းသပ်ကာလ အချိန်ကို ရှည်ဖို့ဟာ အလွန်အရေးကြီးတယ်လို့ ကျနော် ထင်ပါတယ်။ အလုပ်သမား များ အတွက် ခြောက်လ၊ အခြားသူများ အတွက် တနှစ်ခွဲ စမ်းသပ် ကာလ ထားဘို့ ကွန်ဂရက်က သတ်မှတ် ထားပါတယ်၊ ကျနော် အဆိုပြုချင်တာက ၊ ခြောက်လ ဆိုတဲ့ အချိန်ကာလ ဟာ အတိုင်း အတာကြီး မားတဲ့ စက်မှုလုပ်ငန်း ကြီး များ မှာ - အနဲဆုံး ဆယ်နှစ် တာကယ်တန်း အလုပ် လုပ်ခဲ့ကြတဲ့ - အလုပ်သမား များ အတွက် သာ ဖြစ်ရပါမယ်။ အခြား အလုပ် သမား များ အတွက် ဆယ့်ရှစ်လ ၊ လယ်သမားနဲ့ တပ်နီ စစ်သား များ အတွက် ပနှစ် ၊ အခြား သူများ အတွက် ခုနှစ် စမ်းသပ်ကာလ အချိန် ထား သတ်မှတ်သင့်ပါတယ်။ ဗဟိုကော်မတီ နဲ့ ဗဟိုကြီးကြပ်ရေး ကော်မရှင် တို့ရဲ့ ပူးတွဲ ညှိနှိုင်း သဘောတူညီ ချက်နဲ့ ထူးခြား တဲ့ အခြေ အနေ များကို ချွင်းချက် အဖြစ် ထား ရှိနိုင်ပါတယ်။

ကွန်ဂရက်က ချမှတ်ခဲ့တဲ့ - တိုးတောင်းတဲ့ အချိန် ကာလ များကို သတ်မှတ် တာဟာ အလွန် အန္တရာယ်ကြီးတယ်လို့ ကျနော်ထင်ပါတယ် အတိုင်း အတာကြီးမားတဲ့ စက်မှု လုပ်ငန်း ခွင်ရှိ အရေး အပါဆုံးသော အခြေ ခံကြုံမရှိကြသေးတဲ့ အလုပ် သမား လူတွေကို ကျနော်တို့ မပြတ် သတိ မူခြင်ပြုကြတယ် ဆိုတာ သံသယဖြစ်စရာ မလိုတဲ့ အချက်ဖြစ် ပါတယ်။ ရုတ်ချည်း အချိန်တို အတွင်း မှာ အလုပ်သမား များ အဖြစ် ပြောင်းလဲ လာကြတဲ့ တကဲ့ ဒေါ်ရှင်ပေါက်စ တွေကို ပြောကာခလာ ဆိုသာလို အလုပ် သမား များ စစ်ဖြစ် မှတ်ယူ ခဲ့ကြပါတယ်။ ကျနော်တို့ ပါတီရဲ့ ပစ္စည်းမဲ့ လူတန်းစား လက္ခဏာ ဟာ အလွန်တိုတောင်းတဲ့ ကာလ အတွင်းမှာ ကုန်သေး လုပ်ငန်း ငြိုငြင်သူ အစိတ် အပိုင်း တွေကို ဆန့်ကျင် လွှမ်းမိုး မထား နိုင်ဘူး ၊ အနဲဆုံး ကာကွယ် ထားနိုင်မှာ မဟုတ်ဘူး ဆိုတဲ့ အချက်ကို ပါးနပ်ရှုရှိတဲ့ တပ်ပြုတွေက ကျကျ နနကြီး အသုံးချနေကြ ပါတယ်။ ကျနော်တို့ တယ်မှု့ဝဲ မှာ အခြေ မခိုင်တဲ့ စနစ်မကျတဲ့ နည်းလမ်းတွေ သုံးမိုးနေပါတယ်။ ဒီအခြေ အနေ မှာ စမ်းသပ်ကာလ တိုးတောင်းတာဟာ ပျောက်ထားသူတွေ ကျွန်ပြု နှစ် အဖြစ် တကယ်တမ်း နက်နက် ရှိုင်းရှိုင်း ကြိုးစား သလား မကြိုးစား ဘူးလား ဆိုတာကို လေးလေး နက်နက် စမ်းသပ်ဖို့ လုံးဝ ပျက်ကွက်တာ ဖြစ်ပါတယ်။ ကျနော်တို့ မှာ ပါတီဝင် သုံး သိန်းမှ လေး သိန်း ရှိနေမယ် ဆိုရင် ဒီ အရေ အတွက်ဟာ ရှိသင့်တာထက် များနေပါမီ၊ လက်ရှိ ပါတီဝင် များကို လျှော့ချပေးဘို့ မလုံလောက် ဘူး ဆိုတာ ၊ ဗီ အချက် အလက် များက ပြသ နေပါတယ်။ ဒါကြောင့် စမ်းသပ်ကာလ အချိန်တိုးရေး နဲ့ သန့်စင်ရေးဌာနပင် ပေးနိုင်တဲ့ စမ်းသပ် မှုပြုတဲ့ စမ်းသပ်ကာလ တကယ်တမ်း ချမှတ် နိုင်ငံရေးကို ရရှိတဲ့ တင်းကြပ်တဲ့ စည်းမျဉ်း ရေးသား ဘို့ အတွက် စည်းရုံးရေး ဗျူရိုကို ညွှန်ကြားရေး ၊ ဒီတာ တွေနဲ့ ပတ်သက်

ပြီး - ကျနော် အလေးအနက် တိုက်တွန်းလိုက်ပါ တယ်။

ဒီပြဿနာနဲ့ ပတ်သက်ပြီး ကွန်ဂရက် မှာ အရှုံးအလေးထား ဆွေးနွေးဖို့ လိုအပ် မယ်လို့ ထင်ပါတယ်။

လီခိုင်
မတ် ၂၄ ၊ ၁၉၂၈ ၊

ရဲဘော် မိုးလို့တော့၊

( ပါတီဝင်များနဲ့ ပတ်သက်တဲ့ အကြောင်းအချက် သစ်များ ဆိုင်ရာ ပြဿနာ ကို ကွန်ဂရက်မှာ ဆွေးနွေးဖို့ - မဟုတ်ရင် ပါတီဝင်များ အားလုံး ရှေ့မှာ ဒီစာကို ကျေး ဇူးပြုပြီး ဖတ်ပြပေးပါ )

ပါတီဝင် ဖြစ်လာကြတဲ့ - ပါတီဝင် သစ်များ အတွက် စမ်းသပ် ကာလဆိုင် ရာ ပြဿနာနဲ့ ပတ်သက်တဲ့ မတ်လ ၂၄ ရက် နေ့ စုံညီ အစည်းအဝေး ဆုံးဖြတ်ချက်ကို ဖြတ် သန်းပြီးခဲ့တဲ့နောက် - ဒီဆုံးဖြတ်ချက်နဲ့ ပတ်သက် ပြီး ကွန်ဂရက်မှာ အသေးစိတ် ဆွေးနွေးဖို့ လိုပါတယ်၊ ဒါပေမဲ့လဲ - ကွန်ဂရက်မှာ တက်ပြီး စကား မပြောနိုင်မှာ စိုးရိမ်တဲ့ အတွက် ကျနော့်ထင် မြင်ချက်ကို ဖတ်ပြပေးဖို့ ဆန္ဒပြုလိုက်ပါတယ်

ကျနော်တို့ ပါတီရဲ့ လက်ရှိ ပါတီဝင်ထုကြီး ဟာ မြည့်ပြည့်ဝဝကြီး ပစ္စည်းမဲ့ မဆန့်ရသေးဘူး ဆိုတာ သံသယ ရှိစရာ မလိုတဲ့ အချက်ဖြစ်ပါတယ်၊ ဒါနဲ့ ပတ်သက် ပြီး ဘယ်သူမှ စောဒက မတက်နိုင်ဘူး လို့ ထင်ပါတယ်၊ ဒါကို စာရင်းဇယားများနဲ့ အထိုက်အလျောက် ကိုးကားပြနိုင်ပါတယ်။ စစ်ပွဲ တကာထဲက ရုရှားပြည် စက်မှုအလုပ်သမား များဟာ အရင်ကထက် ပစ္စည်းမဲ့ လက္ခဏာ ဆိုနဲ လာပါတယ်။ အကြောင်းကတော့ စစ် အတွင်းမှာ စစ်မှုမထမ်းလို သူများဟာ စက် ရုံများကို ရောက်သွားကြလို့ပါပဲ ၊ ဒါ လူတိုင်း သိတဲ့ အချက်ဖြစ်ပါတယ်။ တဖက်မှာလဲ - တခုလုံး အနေနဲ့ [ ကျနော်တို့ ပါတီဝင် အ များစုကော အများစုကြီး အခြင့် အတန်းကို

တွေ့ကြုံကြည့်ရင် ] လူတန်းစား နိုင်ငံရေး လုပ် ငန်း အမှိုင်ဝိုင်ကင်းရေးကို အပြည့်အဝ ပြင်းစွာ နှိုးဆော်နေတဲ့ လက်ရှိ ခက်ခဲတဲ့ အခြေအ အနေ အောက်မှာ ၊ အရှုံး သဖြင့် လယ်သမား လူတန်းစား အရေးသာ လွှမ်းမိုးနေတဲ့ အ ခြေ အနေ အောက်မှာ - တကယ်တမ်း ပစ္စည်း မဲ့ ဝေါင်းဆောင်မှု ရှုထောင့်ရေး အတွက် ကျနော်တို့ ပါတီရဲ့ နိုင်ငံရေး အရ လေ့ကျင့် ပေးမှုဟာ လိုအပ်တာထက် ရော့နေ့နေတယ် ဆိုတာ ဟာလဲ သံသယ ရှိစရာ မလိုတဲ့ အချက် ဖြစ်ပါတယ်။ နောက်ပြီးတော့လဲ အာဏာရ အစိုးရ ပါတီတရပ်နဲ့ ဆက်သွယ်ဖို့ အ တွက် အယောင်ဆောင်မှုတွေ ဟာလဲ - လက် ရှိ ကာလမှာ အများအပြား ဖြစ်ထွန်းနေပါ တယ် ၊ ဆမြင်နိုင်ဖော်စစ်တွေရဲ့ ပြောခို ရေးသားမှုတွေကို ပြန်လည်ဖော်ထုတ်တာ ဟာ အခုအခါမှာ ဘော်ရှီဗစ်တွေရဲ့ - နိုင်ငံရေး အောင်မြင်မှုတွေက သယ်ဆောင် ခေါ်ယူသွားတဲ့ ၊ ဘယ်လိုမှ ပစ္စည်းမဲ့ မဆန် တဲ့ လူထု အစိတ်အပိုင်းတွေနဲ့ ပါတ်သက် ပြီး - သဘောပေါက် နားလည်နိုင်စေပါ လိမ့်မယ်။ တကယ်လို့ ဂျီနိုအာ (GENOA) ကွန်ဖရင့်ဟာ ကျနော်တို့ အတွက် နိုင်ငံရေး အောင်မြင်မှုတွေ ယူရစေတယ် ဆိုရင် ၊ - ပစ္စည်းမဲ့ လူတန်းစား လက္ခဏာနဲ့ တိတိ ပပကြီး ရန်ဘက်ဖြစ်တဲ့ အစိတ်အပိုင်းတွေ နဲ့ မနရှင်ပေါက်စ အစိတ်အပိုင်းတွေ - ပါတီတွင်း ဝင်ခွင့် ရရေး အတွက် ကြိုးပမ်း မှုများကြောင့် ပါတီရဲ့ အရွယ်ပမာဏဟာ အလွန်ကြီးထွားလာပါလိမ့်မယ်။ များစွာ သော ပညာတတ်နဲ့ ပညာတတ် တပိုင်း အစိတ် အပိုင်းတွေ အလုပ်သမားတွေ အဖြစ် ထိုးဝင် နေတဲ့ အခြေအနေ အောက်မှာ ဒီလို စိုးရိမ်စရာ ကောင်း တဲ့ စမ်းသပ်ကာလ ထားတာထက်ပိုပြီး လျှော့ ချ အပေါ်ယံကျတဲ့ စိစစ်မှုမျိုး မရှိတဲ့ အတွက် အလုပ်သမားတွေကို စမ်းသပ်ကာလ အနည်းဆုံး အနေနဲ့ ခြောက်လ ထားတာကို လျှော့ပစ်နိုင်လိမ့်မှာတော့ မဟုတ်ပါဘူး ကျနော်တို့ရဲ့ ပါတီဝင်နဲ့ ပတ်သက်ပြီး မှန်ဆို ရာမှာ ပါဝင်တဲ့ ပစ္စည်းမဲ့ မဆန်တဲ့ ပေါ်ပြ

စာမျက်နှာ ၇၆ သို့ ...

# ကမ္ဘာ့ဘည်သချိုင်းသစ်စေမဲ့ အမှန်တရား

စိုးမြ့ထွန်း

၁

— ကျွန်နော် မသေသ
နှစ်သချိုင်ထဲ ရှင်နေမယ်
— ရန်သူ့ လက်ချက်နဲ့
ဇက်ကြိုးတွေက အပြည့်အနှက်
ညှင်းပန်းနှိပ်စက်
ပက်စက် ယုတ်မာ
လူ့မဆန်စွာ ပြုကျင့်တယ် ။

၂

— ကျွန်နော့ မျက်လုံး
သွေးတွေ ပုံးကာ
စီးကျနေတာ ဒုလဟော
— ကျွန်နော့ ရင်ဘုံ
ရင်မှုန့် ကျန်ပြီ
သွေးသံ ရဲရဲ
ရိုရို ရှဲ နေတယ်
— သွေး အိုင်ထဲက ကျွန်နော်ဟာ
ဦးခေါင်း ရင် ကော
မပေါ်မတန်
လေးနက် သည့် ဟန်နဲ့
ဖေစိတ်တဲ့ အပြုံး တဖေ့ အတွက်
နှုတ်ခမ်း အစုံကို စေ့လိုက်တယ် ။

၃

— ကျွန်နော့ မျက်လုံး အစုံက
ရည်ရွယ် မှန်း အကျက်
နေရောင် ခြည် ရှိရာ
အရှေ့ ဆီ သို့ ရှုး စိုက်ကြည့် လိုက်တယ်
— ကျွန်နော့ အကြည့်က
ကျွန်နော့ ကို အရှင် လတ် လတ်
မြေမြှုပ် သတ်မဲ့
လူသတ် ကောင်ရဲ့ အကောင်ကို
— ရှုး မတောက် ဘူး
မကြောက် ဘူးပေါ့
အခု ထွက် လာ
ဘယ် သျိုး ကျန်ပြီလဲ
လာခေါ်ကြလေ – လို့
ရှာနေတဲ့ အကြည့် လိုပဲ ။

၄

— ကျွန်နော် မသေသ
နှစ် သချိုင်ထဲ ရှင်နေမယ်
— သွေး အိုင်မှ ထ
မတ်မတ် ရပ်သော်
— ကြမ်း တမ်း ခက်ထန်
ကျွန်နော့် မာန်က
ခြသေ့် တက်တောင် သာနေတယ်
— ဥက္ကန္တ မျှား
အာနည် အျါး တို့
သွေး ခင်းတဲ့ လမ်း
ဒို့ လျှောက် လှမ်း မယ်
ဗိုး မ ရိပ်ဝယ်
ဆုံတော့ မယ် လို့
ကျွန်နော့် အသံ
ထင်ပြင် ဖေ့မို့
ကျွန်နော် မျှော်ဝာယ် ၊ ရဲဘော်တို့

၅

— ကျွန်နော့် လက်မှာ
ကျစ်လစ် မြဲခိုင်
ဆုပ်ကိုင်ထားတဲ့
ပါတီ အလံတော်ကို
ဆက်လက် ဆုပ်ကိုင်
ချီတက် ရစ်တော့ ရဲဘော်တို့
— ရန် သူ့ ဆီက
အသက် သွေးကြွေး
မတေ ပေး မခြင်း
သွေး အရင်း ရှင်းတာ
တိုက် ပွဲ ဝင်ရင်း
အရယူ ရစ်ကြ ၊ ရဲဘော် တို့
— အောင်ပွဲ ဆိုတာ
ကျွန်နော်တို့နဲ့ ပြည်သူတွေ အတွက်သာ
မအောပြည်သိ ကွန် မြူနစ် ပါတီ အခွန့် ရှည်ပါစေ
လို့ . . ကြွေးကျော်ရင်း
အနာဂါတ်ရဲ့ မ မော ပြည် သစ် အတွက်
ကျွန်နော် မသေသ
နှစ် သချိုင်ထဲ ရှင်နေမယ် ။ ။



# နိုင်ငံတကာ အမြင်အမြင်

ယမန်နေ့က အာဖဂန် သူပုန် ထိပ်တန်း ခေါင်းဆောင်တယောက်က အာဖဂန်နစ္စတန်ကနေ ဆိုဗီယက် တပ်ဖွဲ့တွေ ရုပ်သိမ်းသွားတဲ့ အခါ ဆိုဗီယက်နဲ့ သံတမန်နဲ့ စီးပွားရေး အဆက်အသွယ်တွေ ဖြတ်တောက်ထားဖို့ အနောက်တိုင်းပြည်များကို တိုက်တွန်းလိုက်တယ်လို့ ... အနွလန် အာဘတီက လာတဲ့ သတင်း တရပ်အရ သိရပါတယ်။

ဒါဟာ အနွလမ် နိုင်ငံခြားရေးဝန်ကြီးများ ကွန်မရင့်ရဲ့ နိုင်ငံရေး ဗဟိုကော်မတီကို သူ့ရဲ့ အစုကနေ တင်သွင်းထားတဲ့ တောင်းဆိုချက် ပြောက်ခုထဲက တခုဖြစ်တယ်လို့ အာဖဂန်နစ္စတန် လွတ်မြောက်ရေး မဟာမိတ်အဖွဲ့ချုပ် ဥက္ကဋ္ဌ - အဗ္ဗဒူလ် ရယ်ဆူဆို ဆိုင်ရာလေ ဆိုင်ရာဖ်က ပြောဆိုခဲ့ပါတယ်။

သတင်းစာကွန်ဖရင့် ဝေခုမှာ ဆိုဗီယက် ကျားကန်ထားတဲ့ ကာဗယ်အစိုးရ ကမ်းလှမ်းလာတဲ့ ငြိမ်းချမ်းရေး ခေါ်ဆိုမှုကို သူက ရှင်းရှင်းလင်းလင်း ပယ်ချခဲ့ပါတယ်။

ကျနော်တို့ရဲ့ ဆောင်ရွက်မှု အားလုံးဟာ ဂျီဟတ် (မြင့်မြတ်တဲ့ မွတ်စလင်စစ်ပွဲ) သာပဲ ဖြစ်တယ်။ ရုရှားတွေ ထွက်သွားရမယ်လို့ သူက ပြောခဲ့ပါတယ်။

အာဖဂန် သူပုန် မဟာမိတ်အဖွဲ့ရဲ့ အခြားတောင်းဆိုချက်များမှာ ပါဝင်တာကတော့ ကာဗယ် အစိုးရကို အသိအမှတ် မပြုရဘူး၊ အာဖဂန်နစ္စတန်မှာ ဆိုဗီယက်တွေရဲ့ ဝင်ရောက်စွက်ဖက်မှုကို ဆက်လက်ပြီး ခိုင်ခိုင်မာမာ ရှုံ့ချရမယ်၊ အာဖဂန်နစ္စတန် လွတ်မြောက်ရေး မဟာမိတ်အဖွဲ့ချုပ်ဟာ အာဖဂန်ပြည်သူတွေရဲ့ တခုတည်းသော တရားဝင် ကိုယ်စားလှယ်၊ အဖြစ် လုံးဝ အသိအမှတ်ပြုရမယ်၊ သူပုန်တွေကို စစ်ရေးနဲ့ စီးပွားရေး အကူအညီတွေ ထောက်ပံ့ရမယ်၊ ကမ္ဘာ့မြို့ကြီးတွေမှာ မဟာမိတ်အဖွဲ့ချုပ် ကိုယ်စားလှယ်ရုံးတွေ ဖွင့်ဖို့ ထောက်ခံကူညီရမယ် စတာတွေပါပဲ။

ပါကစ္စတန်မှာရှိတဲ့ ဒုက္ခသည် နှစ်သန်းခွဲ အပါအဝင် အာဖဂန်ဒုက္ခသည်တွေဟာ ဆော်ဒီအာရေဗီးယားက ပုဂ္ဂလိက လှူဒါန်းကြတဲ့ ရံပုံငွေ (အမေရိကန် - ဒေါ်လာ နှစ်ဆယ့်ငါးသန်းနဲ့ ညီမျှတဲ့) တွေ လက်ခံရမယ်လို့ အနွလန် ကွန်ဖရင့်က ကြေညာခဲ့ပါတယ်။

မြောက်များလှတဲ့ တောင်းဆိုချက်တွေ ရှိပေမဲ့ နိုင်ငံခြား လက်နက်အကူအညီတွေ လက်ခံမရရှိသေးဘူး၊ ခုနောက်ဆုံး ဆော်ဒီအာရေဗီးယားရဲ့ကူညီ လှူဒါန်းမှုဟာ တကယ်ပဲ ခင်ကြမ်းလှတဲ့ လူသားချင်းစာနာ ထောက်ထားတဲ့ ရည်ရွယ်မှုဖြစ်တယ်။ လို့ သူပုန် ခေါင်းဆောင်က အလေးအနက် ပြောဆိုသွားပါတယ်။

---

*ကမ္ဘာ့မစ္စညှင်း ခဲ့ချား .....*
*......ဈေးမညှိုး ဦးချက်ကြ!*

---

## မိုးရာသီမှာ ဗီယက်နမ်တပ်တွေကို တိုက်ခိုက်နေတဲ့ ကမ်ပူချားပြောက်ကျားများ —

မိုးရာသီတွင်း ဧပြီလ စောစောပိုင်းကစပြီး ကမ်ပူချား ပြောက်ကျားတွေက ဒဏ်ခတ် လိုက်လို့ ဗီယက်နမ် စစ်သား အမြောက် အများ သေကြေ ဒဏ်ရာ ရသွားပါတယ်။ လို့ ဒီမိုကရက်တစ် ကမ်ပူချား အသံလွှင့် ဌာနက အသံ လွှင့် ပါတယ်။

ပြောက်ကျား များဟာ ကမ်ပူချား ပြည်အနောက် မြောက်ပိုင်း ပြည်နယ် ဘက် တယ်တမ်ရွာ လှုပ်ရှား နေကြ ပါတယ်။ သူတို့ဟာ ဆယ်လော့၊ ပါဗေ ၊ အိုခိုဖွန်၊ ကွန်ချိမ်နဲ့ ဖွန်လုန်လဲ၊ ဘိုရေ ခရိုင်များမှာ ရန်သူကို အလစ် ဝင် ရောက် တိုက်ခိုက် ခဲ့ကြ ပါ တယ်။ ဧပြီလ ပထမ ပတ် ၁၁ ရက် အတွင်း မှာ ရန်သူ စစ်သား အများ အပြား သေကြေ ဒဏ်ရာ ရသွား ပြီး စစ်သုံး ပစ္စည်း အမြောက် အများ သိမ်းပိုက် ရရှိ ခဲ့ ပါတယ်၊ နောက် စစ်ဖက် ယန္တယား ယာဉ် သုံးစီး ကို ဖျက်ဆီး ခဲ့ ပါတယ်။

မေ ၁ ရက်နဲ့ ၇ ရက် အတွင်း ပါအတ် ပြည်နယ် ကော့ချ် ခရိုင်မှာ ပြောက် ကျားတွေက - ရန်သူတွေကို ဝိုင်းနင်း တိုက် ခိုက်ခဲ့ ပါတယ်။ မေလ ၇ ရက်နေ့မှာလဲ သူ တို့ဟာ ကိုးကြိမ် အလစ်ဝင်ရောက် တိုက် ခိုက်ခဲ့ပြီး ဗီယက်နမ် ၂၃ ယောက် သေပြီး ၃၀(သုံးဆယ်ကျော်) ဒဏ်ရာ ရခဲ့ပါ တယ်။ ဗီယက်နမ် စစ်သား (၆)ယောက် မိုင်းထိ သေဆုံး ပြီး (၅) ယောက် ဒဏ်ရာ ရရှိ သွားပါတယ်။

မေလ ၆ ရက်နေ့မှာ ကိုကောင် ကွန်ပေါင်ဆွန် ဒေသမှာ ပြောက်ကျားတွေ ထောင်ထားတဲ့ မိုင်းထိပြီး ဗီယက်နမ် စစ်သား [၃၆] ယောက်သေပြီး (၄၅)ယောက် ဒဏ်ရာ ရသွား ပါတယ်။ ဗီယက်နမ်မိုင်းဆို့ အိတ် (၃၁) အိတ်ကို သိမ်းပိုက် ရရှိခဲ့ ပါ တယ်။ ဒီ ရက်မှာပဲ ပြောက်ကျားတွေကြောင့် ရန်သူ စစ်ဖက် ယန္တယား ယာဉ် တစီး ပျက်စီး သွားပြီး ရန်သူ စစ်သား အချို့ သေကြေ ဒဏ် ရာ ရရှိသွား ပါတယ်။

ဖီရက် ဗီဟီးယားနဲ့ ဆော့ဒိုး ယင်း ချေ ပြည်နယ် များမှာ လဲပဲ ပြောက် ကျား များက ဗီယက်နမ် တပ်ဖွဲ့ များကို အ လစ် ဝင် ရောက် တိုက်ခိုက် ခဲ့ ပါတယ်။

---


### အိန္ဒိယနယ်စပ်ကို ကျူးကျော်ဝင်ရောက်လာ တဲ့ တရုတ်တပ်ကို – အိန္ဒိယ [illegible]

အီရန် အာဖဂန်နစ္စတန် နယ်စပ်ကို ဖြတ်ပြီး ဆိုဗီယက်က ရဟတ်ယာဉ်တစီး ဝေဟင်က တိုက် ခိုက်တယ်လို့ အီရန် နိုင်ငံခြားရေးဝန်ကြီး ဆာဒက် ဂိုဘဇာဒက်ချ်က ယနေ့ စွပ်စွဲ လိုက် တယ်လို့ အနောက်ဘက်က သတင်း ရရှိပါတယ်။ အနောက်ဘက်က အနောက်နိုင်ငံခြားရေးဝန် ကြီး များ ကွန်ဖရင့်မှာ တက်ရောက်နေတဲ့ ဂိုဘဇာဒက်ချ်က " ဒီ အမှု အခင်းဟာ ဒီကွန် ဖရင့်မှာ ကျွန်တော်တို့ရဲ့ ရပ်တည်ချက် သွေဖီ လမ်းလွှဲအောင် လုပ်ပေါ်တာ ဖြစ်တယ်။ ကျွန်တော် တို့ဟာ ယခုအခါ ငြိုလို့တောင် မပေါက်မ ပြန် ကြုံကြုံ ခံ သွားမယ် "လို့ ပြော သွား ပါတယ်။

အီရန် ပါ့စ် သတင်းဌာနရဲ့ အဆို အရ ယနေ့ ဂုဏ်ဆွား ရဟတ်ယာဉ် နှစ်စီးက အီရန် ရွာတရွာကို တိုက်ခိုက်တယ် လို့ သိရပါ တယ်။

အချင်းဖြစ်ပွားတဲ့ နေရာမှာ အီရန် အာဖဂန် နယ်စပ်ရဲ့ အနောက်ဖက် ၁၉ (ဆယ့်ကိုး) ကီလို မီတာ အကွာ တာရဲဘက် မြို့ရဲ့ တောင်ဘက်၊ ကီလို မီတာ (၄၀) လေးဆယ် အကွာ မှာ ဖြစ်ပွားတယ်လို့ ပါ့စ် သတင်းဌာနက ဆိုပါတယ်၊ ဒီနေရာမှာ ရ ဟတ်ယာဉ် နှစ်စီးဟာ မနက်(၉) နာရီ - (၀၄၃၀ - ဂရင်းနစ် စံတော်ချိန်) မှာ . ..

တိုက်ခိုက်ကြတယ်၊ ခုံးကျည်တွေ ပစ်လွှတ်ပြီး (၅၀ မမ) (၅၀ မီလီမီတာ) အမြောက်ဆံတွေနဲ့ တဲ အိမ်တွေထဲကို ပစ်ထဲ့ကြတယ်။



## အရှေ့တောင်အာရှက မော်စကိုရဲ့စစ်ရေး ချဲ့ထွင်မှု လက်ကိုင်တုတ် ဟာနွိုင် —

မော်စကိုကို တမ်းညွှတ်မှု ရှိပြီး ဒေသန္တရ ဒိုင်ရာ မိုလ်ကျရေးဝါဒ ရည်မှန်းချက် အတိုင်း ကြိုးပမ်းနေတဲ့ ဟာနွိုင်ရဲ့ ထောက်ခံမှုနဲ့ ဆိုဗီယက် ယူနီယံရဲ့ အရှေ့တောင် အာရှမှာ စစ်အင်အား တိုးချဲ့လာမှုဟာ အရှေ့တောင် အာရှ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို စိုးရိမ်ဘွယ်ရာ ခြိမ်းခြောက် နေပါတယ်။

■ စစ်ရေး အထောက်အပံ့ ■

၁၉၇၈ ခုနှစ်ကစပြီး မော်စကိုဟာ ဟာနွိုင်ကို စစ်ရေးအရ ပိုမို ထောက်ပံ့လာခဲ့တယ်။ ယနေ့ဆိုရင် ဘဏ္ဍာရေးအရ တရက်ကို အမေရိကန်ဒေါ်လာ သုံးသန်းခန့် အကုန်အကျခံခဲ့တယ်။ ဟာနွိုင်ရဲ့ ကမ်ပူချီးကို ကျူးကျော်မှုကို ထောက်ခံခဲ့တယ်။ ခေတ်မှီ စစ်လက်နက် ပစ္စည်းတွေလဲ ထောက်ပံ့ခဲ့တယ်။ တီယူ ၁၆ အမျိုးအစား မိုးကြိုး လေယာဉ် ၅၀ ပုံစံ အမျိုးမျိုးရှိ အမ် အိုင်ဂျီ အမျိုးအစား တိုက်လေယာဉ်(၁၅၀) စစ်သင်္ဘော (၁၀)စင်းနဲ့ ရေငုပ်သင်္ဘော နှစ်စင်းတို့ကို ဗီယက်နမ်တွင် တပ်ဆင်ပေးခဲ့တယ်။

ခန့်မှန်းခြေအားဖြင့် ဆိုဗီယက်စစ်အကြံပေးနဲ့ ကျွမ်းကျင်သူ (၅၀၀၀ မှ ၈၀၀၀) ငါးထောင်မှ ရှစ်ထောင် ခန့်ဟာ ဗီယက်နမ်မှာ ရှိနေပြီး၊ ဗီယက်နမ် ကြည်းတပ်၊ ရေတပ် လေတပ်တို့ကို မော်စကိုက ကောင်းကောင်း ဖွံ့ဖြိုး ထိန်းချုပ်ထားကြတယ်။

ကန်ပူချီးရှိ ဖနွမ်ပင်၊ ဘက်တန်ဘန် ဆီရင်ရီခက်နဲ့ ကွန်ပေါင်ချနန်၊ လာအိုရှိ ဗုန်ခတလိန်နဲ့၊ ဆဲဗ်နီယူ အာတို့မှာ လေတပ် အခြေစိုက်တွေ တည်ဆောက်ဖို့၊ ဗီယက်နမ်ကို ဆိုဗီယက် ကျွမ်းကျင်သူ များက အကူအညီ ပေးနေကြတယ်။ အလားတူပဲ၊ ကန်ပူချီးရှိ ကွန်ပွန်ဆွန် မှာ ရေတပ် အခြေစိုက် စခန်း တခု တည်ဆောက်နေပြီး၊ ဗီယက်နမ် လာအိုနဲ့ ကမ်ပူချီးမှာ ဆမ်ခုနဲ့ ဆယ်ခြေ ခုံးပျံ အခြေစိုက် စခန်းနဲ့ ခုံးပျံ ပစ်လွှတ်စင်တွေ တည်ဆောက်နေတယ်။

ဆိုဗီယက် အခြေစိုက် ■

အရှေ့တောင် အာရှထဲကို သူ့လက်နက် ကိုင်တယ်တွေ တိုးဝင်ရေး ဦးဖော်ချိန်းအရ မော်စကိုဟာ အရှေ့တောင် အာရှကို နယ်ဝင် ဘို့နဲ့ ကျူးကျော်ဘို့ အတွက် အင်ဒိုချိုင်းနားကို သူ့ရဲ့ ရှေ့တန်း အခြေခံ စခန်း အဖြစ် ပြောင်းလဲ ယူနေပါတယ်။

ဗီယက်နမ်စစ်ပွဲ ကာလတုံးက အမေရိကန်က တည်ဆောက်ခဲ့တဲ့ ကမ်းရန်ဒါနန်း၊ တန်ဆွန်နှုတ်နဲ့ ဘီယင်ဟိုမှာ ရှိတဲ့ ကြီးမားလှတဲ့ ခေတ်မှီ စစ်အခြေစိုက်စခန်း များဟာ ဆိုဗီယက်ရဲ့ လေတပ် နဲ့ ရေတပ် အခြေစိုက်များ ဖြစ်သွားကြတယ် လွန်ခဲ့တဲ့ နွေရာသီက စပြီး ဆိုဗီယက် စစ်သင်္ဘော အမတ်များဟာ ကမ်းရန်နဲ့ ဒါနန်းကို ခေါက်တုံ့ခေါက်ပြန် ဝင်ထွက် သွားလာနေကြတယ်။ ဒီနှစ်အစပိုင်း ကစပြီး ကမ်းရန်မှာ ရေငုပ်သင်္ဘော စခန်းချခြင်းနဲ့ သင်္ဘော ပြင်ဆင်ရေး အကြောင်း ပြုချက်နဲ့ ကရုဆာ ခုံးပျံတွေ တပ်ဆင်ထားတဲ့ ဆိုဗီယက် အနုမြူ ဓါတ်အားသုံး ရေငုပ် သင်္ဘောတွေဟာ ပန္နမ ဦးဆုံး အကြိမ် -- ဇလက္ကာ ရေလက်ကြား အရှေ့ဖိုင်းမှာ တရားဝင် အခြေချခွင့် ရသွားကြတယ်။

ဂျပန် ကာကွယ်ရေး အေဂျင်စီရဲ့ ထုတ်ပြန်ချက်အရ လွန်ခဲ့တဲ့ နှစ်က ဗီယက်နမ်ကို တီယူ ၉၅ အမျိုးအစား တာဝေး ပြေး အီလက်ထရွန်နစ် တပ်ဆင်ထားတဲ့ -

ကင်းထောက်လေယာဉ်တွေ ပို့ခေါင်းပြီးတဲ့
နောက် - ဒီနှစ်မှာ ဒီယူ ၆၅ F အမျိုးအစား
ရေငုပ်သင်္ဘော တန်ပြန်ထောက်လှမ်းရေး
ကင်းလှည့်လေယာဉ်တွေကို ဆိုဗီယက်ယူ
နီယံက ပို့ပေးခဲ့တယ်။

စိုးရိမ်ဖွယ်ရာ —

ယနေ့ အရှေ့တောင်အာရှမှာ ကြီးထွားလာနေတဲ့ ဆိုဗီယက်စစ်အင်အား - ဟာ ဒီဒေသက တိုင်းပြည်တွေကို သတိပေးနေပါတယ်။ [illegible] ထောက်လှမ်းချက်များအရ ထိုင်းနိုင်ငံကို ချိန်ရွယ်ထားတဲ့ - [illegible] အမျိုးအစား ဒုံးပျံတွေကို - ကမ်ပူချီးပြည်ထဲမှာ အနည်းအများ ပြန့်ချထားတယ်လို့ ထိုင်းသတင်းစာများက ဖော်ပြပါတယ်။ အရှေ့တောင်အာရှ အခြားနေရာများမှလာတဲ့ သတင်းများအရ ဗီယက်နမ်မှာ အခြေစိုက်ထားတဲ့ ဆိုဗီယက် လေကြောင်းပျံသန်းမှုများဟာ ဖိလစ်ပိုင် ရေကြောင်းပိုင်နက်ကို သယ်တက်လဲ ကျူးကျော်ဝင်ရောက်နေတယ်။ ဒီနှစ်အတွင်းမှာ ဆိုဗီယက်စစ်သင်္ဘောတွေဟာ မလက္ကာရေလက်ကြားကို ဖြတ်ကျော်ပြီး ဖြတ်သန်းခုတ်မောင်းနေတယ်လို့ - သိရပါတယ်၊ တောင်တရုတ်ပင်လယ်ထဲမှာ ယမန်နှစ်က ဆိုဗီယက်စစ်သင်္ဘော ၁၂ မှ ၁၈ စီး သာရှိပြီး ယခုနှစ်မှာ အစီး ၃၀ ခန့်အထိ များပြားလာပါတယ်။

ဗီယက်နမ်မှာ အခြေစိုက်ပြီးနောက် ပစိဖိတ်နဲ့ အိန္ဒိယသမုဒ္ဒရာထဲမှာ ရှိတဲ့ ဆိုဗီယက်ရဲ့ စစ်အင်အားဟာ ကြီးထွားတိုးချဲ့လာခဲ့တယ်၊ ဆိုဗီယက် ပစိဖိတ်ရေတပ်ဟာ တောင်ဘက်ခရီးကို အနည်းဆုံး ရေမိုင် နှစ်ထောင်ခန့် တိုးတက်လှုပ်ရှားနိုင်လာခဲ့တယ်။

မလက္ကာရေလက်ကြားထဲမှာ ယခုအခါ ရေငုပ်သင်္ဘောတွေ ရှိနေခြင်းနဲ့ အိန္ဒိယသမုဒ္ဒရာထဲရှိ ဆိုဗီယက်ရဲ့ - သေနင်္ဂဗျူဟာဆိုင်ရာ စိုးရိမ်ဖွယ်ရာ အခြေအနေတွေကို သူ့ရဲ့နိုင်ငံဟာ ရင်ဆိုင်နေရတယ်လို့ မလေးရှား ကာကွယ်ရေးဝန်ကြီးက ပြောဆိုသွားပါတယ်။

---

ဒီနေ့ ကရက်တင် ကမ်ပူချီး အသံလွှင့်ဌာနရဲ့ အဆိုအရ၊ ရန်သူ သိမ်းပိုက်ထားတဲ့ ဒေသတွေက ကျူးကျော်ရေးသမားတွေကို ဆန့်ကျင်တဲ့ တိုက်ပွဲအားသစ်နဲ့ ပြင်းထန်စွာ တိုက်ခိုက်လာတာနဲ့ အလျှို ဗီယက်နမ်စစ်သားတွေနဲ့ ရုပ်သေးစစ်သားတွေဟာ ကမ်ပူချီး ပြောက်ကြားတွေဖက်ကို ပို့ပြီး ကျူးပြောင်းလာကြပါပြီ။


ဧပြီ ၁၁ ရက်နေ့မှာ အီးယန်ရိုက် ပြည်နယ်၊ ကရာဟင်ခရိုင်က ရှေ့တန်းလက်ဖြည်သူ အပြောက်အများနဲ့ ရုပ်သေးတပ်သားတွေဟာ ဒီဆိုင်ပန်ကနေ ဆီယာဗီရိုက်ကို ဦးတည်မောင်းနှင်လာတဲ့ ဗီယက်နမ်စစ်မော်တော်ယာဉ် တစ်စီးကို တိုက်ခိုက်ခဲ့တယ်။ ဗီယက်နမ်စစ်သား ၂ ယောက် သေပြီး အခြားစစ်သားတွေကို ဖမ်းမိခဲ့တယ်။ သန်နဲ့ ပြောက်အများနဲ့ ဗီယက်နမ်စစ်သားတွေ သိမ်းယူထားခဲ့တဲ့ နိုင်ငံတကာ အကူအညီ အထောက်အပံ့ ပစ္စည်းတွေ ဖြစ်ကြတဲ့ ဆန်အားရိက္ခာတွေကိုလည်း သိမ်းဆည်းရမိခဲ့တယ်။

ဧပြီလ ၄ ရက်နေ့ကလဲ ပြည်သူတွေနဲ့ စစ်သားတွေက ဗီယက်နမ် ကျေးရွာ အကာကွယ်ပိုင် တစ်ယောက်နဲ့ နောက်လိုက် ၂ ယောက်ကို သုတ်သင်ပြစ်ခဲ့သေးတယ်။

ဧပြီလ ၁၈ ရက်နေ့မှာ အမှတ် (၅) အဝေးပြေးလမ်းမကြီး တောင်ပိုင်းမှာရှိတဲ့ ဘက်တမ်ဘင် ပြည်နယ်၊ ဆီဆိုဖွန် ဒေသမှာ ဗီယက်နမ်စစ်သား ၅ ယောက်ဟာ ကျေးလက်ပြောက်ကြားတွေလက်ချက် ချခံခဲ့ကြတယ်။ ဧပြီလ ၈ ရက်နေ့မှာ ဘတ်တမ်ဘင် ခရိုင်က ရုပ်သေးစစ်သား ၅ ယောက် အသေအပျောက်ခံရတယ်။ ဒါ့အပြင် ကျေးလက် ပြည်သူတွေရဲ့ ဆန့်ကျင်မှုကို ခံရတာကြောင့် လက်နက်တွေနဲ့ ကျူးပြောင်းလာခဲ့ကြတယ်။

# ဝန်ကျောင်ဖြည့်

## လာတဲ့အခါ - မေဓာချို



ဩဂုတ်မိုးဟာ သဲမဲပြင်း-
ထန်လှတယ်၊
အရပ် ချောက်နှာ အားလုံးဟာ မှုန်ရည်လို့နေ
တယ်၊ မိုးစက် မိုးပေါက်တွေဟာ အတား
အဆီးမဲ့ လေဟာပြင်ကို ဖြတ်ကျော်ခုန်
ဆင်းလို့နေတယ်၊ မိုးစက်တွေကြားက
ခေါင်းမော့နေတဲ့ ကောက်ပင်ပျိုတွေဟာ
ညို့နေတဲ့ တောင်ခွယ်တောင်တန်းတွေ၊
သစ်တော ရှိုင်းမှိုင်းတွေနဲ့ သူ့ထက်ငါ စိမ်း
နိုင်သမျှ စိမ်းလို့ ယှဉ်ပြိုင်နေသလိုပါ။

အဲဒီ ဖြစ်မ်းချောင်း ကမ္ဘာလာကြား
က ကြေးနီရောင် မြေလမ်းကလေး အတိုင်း
ခပ်ပြေပြေ တက်သွားတဲ့ အခါမှာတော့
တက်ကြွ အမယ်ပြည့်သူ့ တပ်မတော် စစ်ချီ
တေးသံက မွှေ့ဖက်ကြိုဆိုလို့ နေပါတယ်။

အားမာန် အပြည့်ပါတဲ့ တေးသံဟာ ခပ်ကျမ်း
လှမ်းက ချောင်းရေစီးသံ ကိုကျော် တက်ပြီး
ပျောက်ကွယ် သွားခဲ့သလိုပါပဲ။ မြေပျော့ကြီး
တစ်တွေကို တာထစ်ချင်း တက်သွားတဲ့ အခါမှာ
တော့ ဂျပ်ဦးဝိုင်းရုံး - - အကန့်လိုက် အ
တန့်လိုက် နိမ့်မြင့် အဆောက်အဦး တချို့ -
ပြီး - မိုးစက် မိုးပေါက်တွေ ခိုတွဲနေတဲ့ အစိမ်း
လွှင်လွှင် သစ်ပင်အုပ် ကလေးများ။

အဲဒီ သစ်ပင်အုပ်တွေကြား က
အဆောက်အဦး တခုရဲ့ နံရံမှာတော့
" တပါတီလုံး သွေးစည်း ညီညွတ်ပြီး၊ နောက်
ဆုံး အောင်ပွဲရသည်အထိ ချီတက်ကြပါစို့"
" ကိုယ့်ဘူး ကိုယ်ချွန် အဆင်းရဲ အပင်ပန်း
ခံပြီး လုံးပန်း တိုက်ခိုက်ကြ"

ဆိုတဲ့ ကြွေးကြော်သံ စာတန်းတွေ-
အဲဒီ စာတန်းတွေနဲ့ အဆောက်အဦး အတွင်း
ဝင်ပြိုက်မယ် ဆိုရင် ....

"မဟာပြည်ကွန်မြူနစ်ပါတီ မြောက်
ပိုင်း မပဟိုဌာနချုပ် ၊ ပဉ္စမပါတ် ပါတီ သင်တန်း
ကျောင်း" ဆိုတဲ့ နဖူးဆိုးစာတန်း၊ နောက်
အဲဒီ အောက်ခံမှာ ရွှေဝါရောင် တူတံစဉ်နဲ့
ပါတီ အလံ နှစ်လက်ကြားက ပါတီ ဥက္ကဋ္ဌ
ရဲဘော် သခင် ဇသိန်းတင် ရဲ့ ဓါတ်ပုံ၊ နံရံ ပ
ဖက်မှာ "ဦးကရေးနှိ" "ဆန့်ကျင်ရေး" အချက်၊
ပြီး .. ကမ္ဘာ့ ပစ္စည်းမဲ့ ခေါင်းဆောင်ကြီးတွေ
ရဲ့ ပုံ။ ခုံတာတွေနဲ့ တစ်လုံး သန့်ရှင်း၊
သပ်ရပ်နေတဲ့ ခန်းမဆောင် .... ။

“ ပန္နမ ဆုံး အခြေနဲ့ ဝေးလံတဲ့ ပြောက်ကျား အခြေခံ ဒေသများမှာ၊ ရန်သူ စိုးမိုးထားတဲ့ ဒေသ တွေကို ကြိုးကြိုး စားစား နဲ့ - ကျော်ဖြတ် ချီတက် လာကြတဲ့ ရဲဘော်များနဲ့ ဒီဘက် အခြေခံ ဒေသက ရောက် ရှိလာကြတဲ့ ရဲဘော်တွေ အားလုံးကို ကျေးဇူး တင် ကြောင်း ဝမ်းမြောက် ကြောင်း ပြောပါရစေ ” ။

သစ်ရွက် စိမ်း တွေကြား မှာကြယ်နီတွေ လက် နေတာပဲ၊ ဝေးလံ ခဲ့တဲ့ ဒေသ အသီးသီးက နေပြီး ပါတီ သင်တန်းကျောင်းကို - ရောက်ရှိလာတဲ့ ရဲဘော် တွေပါ။ တပ်က ခွဲနဲ့ ခွဲ အထက်ဆင့်ကေဒါတွေ၊ ဒေသက မြို့နယ်နဲ့ မြို့နယ် အထက် ဆင့်ကေဒါတွေ၊ သူတို့ မျက်နှာတွေပေါ်မှာ တက်ကြွ မှု တွေကို ထု ဆစ် ထားကြတယ်။ သင်တန်း ကျောင်း အုပ်ရဲ့ နွေးထွေးတဲ့ နှုတ်ခွန်း ဆက်စကား မှာ ယင်ပန်း သမျှကို ပျောက်ကျ ပြေပျောက် သွား ပေပါပြီ -။

မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ် ရေချိန် မြှင့်တင်ရေး အတွက်၊ တော်လှန်ရေးရဲ့ - အလား အလာ -



ဆိုရှယ်လစ်တို့ရဲ့ လုပ်ငန်း တာဝန်ကို ပို မို နားလည်ဖို့ အတွက်၊ ဆန့်ကျင်ဘက် အချက် တိုက်ထုတ်ဖို့ အချက်တွေကို လေးနက်ကြဖို့ အတွက်၊ ဒီ သင်တန်း ကျောင်း ဟာ၊ ရဲဘော် တွေကို အကူ အညီပေး နိုင်မှာ သေချာပါတယ်၊ မဟာပြည် တော်လှန်ရေးရဲ့ ရှေ့ အလား အလာ အတွက် ဒီ သင်တန်း ကျောင်း ဟာ၊ တာ တပ်တအား ပါဝင်နိုင် ပါလိမ့်မယ်၊ ဒါတွေဟာ ဒီကျောင်းရဲ့ အရေးပါမှု တစိတ်တပိုင်းပါ။ ။

ဖေတို့ ကော်မတီက ချမှတ် အတည်ပြုခဲ့တဲ့ ဆုံးဖြတ်ချက် - ၇ - ချက် ဒီ ဆုံးဖြတ် ချက်တွေကို ဂေဟဘာ ရုံးခဲ့ ဘာသာ ရပ်များ အဖြစ် ရွေးချယ် သတ်မှတ် ထားပါတယ်။ ဘာ့ကြောင့်လဲ ... ဒီ ဆုံးဖြတ် ချက်တွေဟာ မဟာပြည် တော်လှန်ရေး အတွက် အရေးကြီးတဲ့ အခြေခံကျတဲ့ ဂဏန်းစဉ် ပေါ်လစီတွေ ဖြစ်နေလို့ပဲ ဖြစ်ပါတယ်။ ဒါတွေဟာ မာက်စ် လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်နဲ့ ပါတီရဲ့ နှစ် - ၄၀ - ကျော်က တွေ့ အကြုံ -။ ဒါတွေကို စုစုပေါင်း ချုပ်ထားတာ ဖြစ်ပါတယ်။

ခေါ်ယာရေးနဲ့ ပတ်သက်ပြီး - သင်တန်း ကျောင်း အုပ်က ကျောင်းဖွင့်မှာ မှာ အစီရင် ခံတာက ...

“ ဂျူ. အမှန့် အစဉ်း သတ်မှတ်ချက် လမ်းကြောင်း ဟာ အရေးကြီးပါတယ်၊ ဂျူ. အမှန့် အစဉ်း လမ်းကြောင်းကို မှန်ကန်စွာ သတ်မှတ် နိုင်မှ တော်လှန်ရေးရဲ့ လမ်းကြောင်းကို မှန်မှန် ကန်ကန် သတ်မှတ် နိုင်မယ်၊ တဆီ တော်လှန်ရေးရဲ့ လမ်းကြောင်းကို မှန်ကန်စွာ သတ်မှတ်နိုင် မှလဲ ဒီ တော်လှန်ရေးရဲ့ တာဝန်တာ- ဘာ၊ ဒီ တော်လှန်ရေးရဲ့ ပစ်မှတ်ဟာ ဘယ်သူ၊ မဟာမိတ်ဟာ ဘယ်သူ ဆိုတာ သိမယ်၊ ဒါမှ တော်လှန်ရေးရဲ့ ရန်သူ ကို ဦးတည် တိုက်နိုင်ဖို့ အတွက် စည်း ရုံး နိုင်မယ့် သူ တွေကို စည်းရုံး နိုင်မှာ ဖြစ်တယ်၊ ဂျူ. အမှန့် အစဉ်း သတ်မှတ်-

ချက် များရင် တော်လှန်ရေးရဲ့ ပတ်ကျင်းတွေ ပါ သယ်ပြီး မှား သွား နိုင်တယ်၊ ဒီလို မှားရင် တော်လှန်ရေးပါ ကျဆုံး ပျက်စီး သွားနိုင် တယ် ။ . . .။

ဂရိုပါပဲ၊ အစီရင်ခံချက် တ နေရာမှာလဲ . . .၊

" ဒီဥယ်ရှိုး သျှ လူ့တန်းစားနဲ့ ပတ် သက်ပြီး ရှင်းလင်း ပြတ်သားဖို့ လိုတယ် ဒဝေ အခါနဲ့ ဖြစ်နေတဲ့ အတွေး အခေါ် တွေကို ရှင်းလင်း သွားအောင် လုပ်နိုင်ဖို့ လိုတယ် " - - - "

ဒေါင်းနဲ့ ကြိုး၊ ချဉ်မြှင်းနဲ့ သကြား ခွဲ ခြား နိုင်မှ အမှန်ကို ရမှာပါ၊ ရှည်ကြာ ခက်ခဲပြီး ပြင်းထန်တဲ့ လူတန်းစား တိုက် ပွဲ ထဲမှာလဲ၊ ဖိဖိနဲ့ ရန်သူ ။ အဖြူနဲ့ အမဲ ကွဲပြား ချဉ်းပြတ်ဖို့ လိုပါတယ်။ ဒါ့ကြောင့် သဖြင့် ပြည်သူ့ တရပ်လုံးကို ဦးဆောင်ပြီး ပြည်သူ့ ဒီမိုကရေစီ တိုက်ပွဲကို ခင်းကျင်းနေ တဲ့ ကေဒါ ရဲဘော်တွေဟာ ပိုပြီး လိုအပ် ပါတယ်။

ခုနှင်း မဆောင်ပဟာ ဆိတ်ငြိမ် လွန်းလှပါတယ်။ ပါတီ သင်တန်း ကျောင်း အုပ် ရဲ့ - အသံဟာ အရာ ဒဘားဂဲ့ကို ဆီး ဆိုးတားသလိုပါ၊ ဒါပြင်မှာတော့ ဆိုးသား တမ်းထုကြားက နေရောင် ခြည်ဟာ ဖြာ ထွက်လို့ လာပါတယ်။ အဝေးကို ပြေးထွက် ဖို့ ကြိုးစားနေတဲ့ ဆိုးသက် လေဟာ ဆောင်းရင့်ရင့် ပါတီ အလံကို လေးစွာမာန လူ လှုပ်ယှဉ် သွားစေတယ်။

ဆိုးစက် ဆိုးပေါက်တွေ စွန် ဆင်း နေသံဟာ တစစ ကျပါး သွားပါပြီ၊ ရဲဘော်တွေ အားလုံးရဲ့ မျက်လုံး အစုံ ပေါင်း များစွာဟာ ရှေ့တူရူရှော ။ သူ တို့ရှေ့က စစ်ဆိုးကာ ခင်းထားတဲ့ အား ပွဲ ဆီမှာ -။ သေနတ်ရေးနဲ့ ပါတ်သက်ပြီး အစီရင်ခံ တင်ပြနေတဲ့ ကျောင်းအုပ် ဆီ မှာ စုဝေး ရောက် ရှိ နေပါတယ်။ ပါ တီရဲ့ အတွေ့တွေ့ လုပ်ငန်းစဉ် ဘာသာရပ်နဲ့ ပါတ်သက်ပြီး ဖေါက်ဆက် ပေးနေတဲ့ ..။ ပါ တီရဲ့ လက်တွေ့ လုပ်ငန်းစဉ်နဲ့ နောက်ခံ ရှည်ဖွန်း ချက်တွေကို ရှင်းလင်း နေတဲ့ - နိမ့် မြင့် သံစဉ်ထဲမှာ နစ်မြော နေကြခဲ့ပါ...။

" ပါတီရဲ့ လျှော့ထုတ် ဘယ်နည်းနဲ့မှ ပြောင်း သွားစေလို့ မဖြစ်သလို ပါတီရဲ့ လမ်း ညွှန် အတွေး အခေါ်လဲ ဘယ်နည်းနဲ့မှ တိမ်း စောင်း သွားစေလို့ မဖြစ်ပါဘူး၊ ပြတ်ပြတ်သား သား ကာကွယ် ထိန်းသိမ်း သွား ရမယ် ။ "

ပါတီရဲ့ သွင်ပြင် လက္ခဏာနဲ့ အတွေး အမြင် မပြောင်းလဲဖို့ အတွက် နိုင်ငံခြားမှာ ကာကွယ် သွား ရမဲ့ တာဝန်ဟာ ဆိုလိုပြည် တော်လှန်ရေးရဲ့ အရေးကြီးတဲ့ - လုပ်ငန်း တာဝန် တရပ်လဲ ဖြစ်ပါတယ်၊ ပြည်သူ့ ဒီမိုကရေစီ တော်လှန်ရေးနဲ့ ဆို ရှယ် လစ် တော်လှန်ရေးရဲ့ - ခြားနားချက်နဲ့ ဆက်သွယ်မှု၊ ပြည်သူ့ ဒီမိုကရေစီ တော် လှန်ရေး အောင်မြင်ရဖို့ တိုက်ပွဲ သဏ္ဌာန်နဲ့ နည်း ပရိယာယ် လမ်းစဉ် . .။ ဒါတွေဟာ ဒွေဖီ မရတဲ့ - - ဒွေဖီရင် မှား နိုင်တဲ့ အ ကြောင်း အားလုံး သဘောပေါက် နား လည် တဲ့ အထိ ဆွေးနွေး သင့်တဲ့ အရာတွေပါပဲ၊

ကျနော်တို့ရဲ့ လုပ်ငန်းတွေ လုပ်နိုင် - မလုပ်နိုင် -၊ တော်လှန်ရေး အောင်မြင် ရမရ ဆိုတာတွေဟာ လဲ အတွေး အခေါ် ရှင်းလင်းမှု ရှိမရှိ ဆိုတာနဲ့ ရေ သောက်မြစ်ပမာ ဆက်နွယ် နေပါတယ်။

" တော်လှန်ရေး သဘောတရား မရှိပဲ မရှိပဲ၊ တော်လှန်ရေး လှုပ်ရှားမှု မရှိ နိုင်ဘူး . . . "

ကမ္ဘာ့ ပစ္စည်းမဲ့ ခေါင်းဆောင် ကြီး ရဲဘော် လီနင်ရဲ့ "ဘာလုပ်ကြမလဲ" ဆိုတဲ့ ကျမ်းထဲက စာပိုဒ်ပါ။ တော်လှန်ရေး အောင်မြင်ဖို့ အတွက် မှန်ကန်တဲ့ သဘော တရားရဲ့ အရေးပါမှုကို ထောက်ပြထားပါ တယ်။

ပါတီ ဗဟို ကော်မတီရဲ့ နိုင်ငံရေး ဦးဆောင်အဖွဲ့ ရဲ့ နိုင်ငံရေး အစီရင်ခံစာ အပိုင်း-၃-ထဲက ဆိုဗီယက်တို့ လုပ်ငန်းတာဝန် ထဲမှာ ကောက်စ်ပါဒ၊ ဂျီနုင်ပါဒ၊ ဖော်ပီယွန်း အတွေး အခေါ် ရေချိန် မြှင့်တင်ရေး အပိုင်း ကို ဖေါ်ပြထားပါတယ်၊ ပါတီထဲ၊ တပ်ထဲ မှာ နိုင်ငံရေး ရေချိန် - အတွေး အခေါ် ရေ ချိန် အဆက် မပြတ် မြှင့် တင် နိုင်ဖို့၊ မြှင့် တင် သွားဖို့၊ ကျနော်တို့ ပါတီဟာ သူ့ရဲ့ သက်တမ်း တလျှောက်လုံး လဲ လှုံ့ဆော်ပညာ ပေး လာခဲ့တာ ပါ။ လက်နက်ကိုင်တိုက်ပွဲ ကာလ အတွင်းမှာလဲ အခြေ အနေနဲ့ -

အချက် အလက် ရှိတိုင်းလဲ ဒီလို ပါတီ ကျောင်းတွေ ဖွင့်ပေးခဲ့ သူပါတယ်။ ၄၉ ၅၀၊ ၅၁ ကာလ တရှောက်လုံး ဗဟို နိုင်ငံရေး သင်တန်းကျောင်း ရော၊ ဌာနခွဲတိုင်း နဲ့ ခရိုင် သင်တန်းကျောင်းများပါ၊ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ် ရေချိန် မြှင့်တင်တာ၊ ဆန့်ကျင် သင့်တာကို ဆန့်ကျင်ပြီး၊ ဖိုက်တူ သင့်တာကို ဖိုက်တူ တာ - တော်လှန်ရေး အောင်မြင်ဖို့ ဗဟို အချက် အချာကျတဲ့ အကြောင်းကိုလဲ ပို နိုးနက် ရှိုင်းစွာ သိနားလည် ကြပြီဖြစ်ပါ တယ်။

ရဲဘော် တွေရဲ့ မျက်လုံးဟာ - ဦးခေါင်းထက်က ကြယ်နီ ရောင်နဲ့ အပြိုင် တလက်လက် တောက် ပလို့ လာကြပါတယ်၊ ဖိဖိတို့ လုပ်ငန်း တာဝန်ကို ပိုမိုနားလည် မှုနဲ့ အတူ အနာဂတ်ကို ယုံကြည်မျှော် လင့်မှုတွေ ပိုမို ခိုင်မာ လာကြတဲ့ ပုံ ပန် မျိုးပါပဲ။

" ဝေဖန်တာလဲ ပေးပါ - တပ်တ ခဲလဲ တင်ပြကြပါ - မရှင်းတာ - မသိတာ - ကို ရှင်းသလို - သိသလို ရေးပါကြပါနဲ့ မေး ကြပါ။

ပို့ချတဲ့ ဘာသာရပ်တွေ နဲ့ ယှက် သက်ပြီး ဘာသာရပ် တာဝန်ခံ ရဲဘော် က




ရှင်းလင်း ပို့ချတာ၊ နောက် - ကိုယ်စီလေ့လာ အဖွဲ့ လိုက် ဆွေးနွေး၊ မရှင်းတာပြန်တင် မေးခွန်း ထုတ်၊ ထပ် ရှင်း၊ အဖွဲ့ လိုက် ပြန်လှန် ဆွေးနွေး၊ ခိုင်တဲ့ လေ့လာရေး နည်းနာကို ဆုတ်ကိုင်ပြီး၊ ပို့ချ ရှင်း လင်း၊ နားလည်အောင်၊ ရရှိချက်ကောင်း အောင်၊ မေးခွန်းတွေ ထုတ်ကြဘို့ - သင် တန်းက တောင်းဆိုပါတယ်။

နိုင်ငံရေး အစီရင်ခံစာ၊ အတွေ့ တွေ့ လုပ်နည်း စဉ်၊ ပါတီ တည်ဆောက်ရေး လမ်းစဉ်၊ ဖွဲ့စည်း အုပ်ချုပ်ပုံ စည်း မျဉ်း၊ စစ်ရေး၊ မြေယာနဲ့ တပ်ပေါင်း စု ပေါ်လစီ ဆိုတဲ့ ဗဟို ကော်မတီရဲ့ ဆုံးဖြတ်ချက် ခုနစ်ချက်ဟာ ဒီနေ့တပါ တီလုံး၊ ပြည်သူ့တပ်မတော် တရပ်လုံး နဲ့ ဂုဏ်ယူပိုင်စုံ ပြည်သူတွေ နက်နက် ရှိုင်းရှိုင်း နားလည်ရမဲ့ အရာတွေဖြစ် သလို သင်တန်း လာတက်ကြတဲ့ ကေဒါ တွေ အနေနဲ့လဲ ပီပီပြင်ပြင် သဘောပေါက် ရှင်းလင်းနေဖို့ လိုတာ အမှန်ပါပဲ၊ အခု မှ ဗမာပြည် ကွန်မြူနစ်ပါတီ မြောက်ပိုင်းဗ ဟို ဌာနခွဲက ဖွင့်လှစ်လိုက်တဲ့၊ ဒီပဉ္စမ နိုင်ငံရေး သင်တန်းကျောင်းဟာ အတိုင်းအ တာ တခုတရာ အထိ အဲဒီလို အယ်ချက်ကို ဖြည့်တင်းပေးနိုင်ပါလိမ့်မယ်။

▬ အပြင် ဖက်မှာတော့ နေရောင်ခြည်ဟာ ထွန်းလင်း တောက်ပလို့ နေပါတယ်။

▬ တိမ်ညို တိမ်မဲ တွေဟာ အတိတ် တလာန့်အဲ ရွှေ ရိုးများ နောက် ခုတ် သွားကြ ပါပြီ။

▬ ဟုတ်ပါတယ်၊ နေရောင်ခြည် လာတာ နဲ့ အမှု - တိမ်ညို တိမ်ပုတ်တွေ၊ အ မှောင်တွေ ကွယ်ပျောက် သွားရမှာ မုချပါ ပါ။ ။

၂.၈.၇၀

---

ကျနော်တို့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော် စီတုန်း အတွေး အခေါ် သွား များ အတွေ့ က် အပြဲ တခေ ပြန်လည် ပြင်ဆင်ရေး ဝါဒ ကို ခက် တိုက် - တိုက်သွားဖို့ လိုပါတယ် . . ။

ဥက္ကဋ္ဌ သခင် ဗသိန်းတင်

ယုတ္တေကို တပ်မှူးတွေက အချင်းကောင်းယူနေ တယ် ဆိုတဲ့ အချက်ကို လေးလေးနက်နက် စဉ်းစားပြီးတော့ ပေါ်ပြူပါ အချက်အားလုံး ထဲက ရတဲ့ ကျနော်ရဲ့ နိဂုံးချုပ်ချက်က တော့ ကျနော်တို့ဟာ စမ်းသပ်ကာလကို အချိန်ကြာကြာ သတ်မှတ်ရမယ် အလုပ်သမား များအတွက် ခြောက်လ သတ်မှတ်ရမယ်ဆို ရင် ကိုယ့်ကိုယ်ကို ကိုယ်ပဲဖြစ်ဖြစ်၊ တခြားသူ များကိုပဲဖြစ်ဖြစ် မလိမ်ညာဘဲ ပြောင် ပြောင် တင်းတင်း ပြောခြင်းမှု မရှိတဲ့ "အလုပ်သမား" ဆိုတဲ့ ဝေါဟာရနဲ့ ပတ်သက်ပြီး ဖွင့်ဆိုရာမှာ လူ့ အဖွဲ့ အစည်းထဲမှာ ရှိတဲ့ သူတို့တည် ရှိနေတဲ့ အနေအထား ကနေပြီး ပစ္စည်းမဲ့ ဆန်တဲ့ စိတ်နေစိတ်ထားကို ပေါ်ပြူနိုင်သူ သာ၊ ပါတီဝင်ပါမယ်ဆိုတဲ့ ဖွင့်ဆိုမှု ပြုရမယ်။ ဒါဟာ စက်ရုံတခုမှာ နှစ်ပေါင်းများစွာ အလုပ်မလုပ်ပဲနဲ့ မဖြစ်နိုင်ပါဘူး၊ ခေတ္တ ပြင်နိုင်တဲ့ စိတ်ဓာတ်များ အရ မဖြစ်နိုင် ပါဘူး၊ စီးပွားရေး လူမှုရေး အထွေထွေ အကြောင်းအချက်များ အရသာ ဖြစ်ပါတယ်

ကျနော်တို့ဟာ ပကတိ ဘဝနဲ့ ပတ်သက်ပြီး မျက်စေ့မှိတ် ငြင်းပယ်တာ မလုပ်ဘူးဆိုရင် ကျနော်တို့ အသိအမှတ်ပြုရမှာကတော့ လက်ရှိ ပါတီရဲ့ ပစ္စည်းမဲ့ ပေါ်လစီဟာ ရင်းပါတီဝင်များရဲ့ ထက္ကသာက ပြဿနာ သတ်မှတ်တာ မဟုတ်ပါဘူး ဒါပေမဲ့ ပါတီကို အစဉ်တစိုက် ကာကွယ်လာသူများ လို့ ခေါ်ဆိုနိုင်တဲ့ အလွှာတခုက ရရှိထားတဲ့ ခွဲခြားမှု မပြုရသေးတဲ့ ကြီးမားတဲ့ ဂုဏ် သိက္ခာနဲ့ အပြဿနာ သတ်မှတ်ထားတာ ဖြစ်ပါတယ်၊ ဒီအလွှာထဲမှာရှိတဲ့ အလွန်သေးငယ်တဲ့ အစွန်းပိုင်း တိုက်ပွဲ ဆင်ခြင်းနဲ့ သာ ဒီ ဂုဏ်သိက္ခာကို မဖျက်စီးနိုင်ဘူး လို့ ယူဆလို့ ရှိရင် ပေါ်လစီ ဆုံးဖြတ်နိုင်တဲ့ အာ ချင့် အာဏာ ဆုံးရှုံးတဲ့ အခြေ ဆိုက်ရောက် တဲ့ အထိ ချိနဲ့ မှုများ ဖြစ်လာပါလိမ့်မယ်။

... လိုအပ်တာကတော့ ...

၁) အလွှာ အားလုံးနဲ့ ပတ်သက်တဲ့ စမ်းသပ် ကာလ တိုးမြှင့်ရေး

၂) လျှောက်ထားသူတွေဟာ စမ်းသပ်ကာ လကို ဘယ်လိုဖြတ်သန်းရမယ်၊ စမ်းသပ် ကာလဟာ သဏ္ဍာန်အရ ပေါ်ပြူချက် သက်သက်လား ဒါမှမဟုတ် ဝါကယ်တမ်း စမ်းသပ်ခံခဲ့တဲ့ ကာလလား ဆိုတာနဲ့ ပတ်သက်ပြီး ဆုံးဖြတ်ဖို့ တကယ်တန်း လက်တွေ့ကျတဲ့ အခြေအနေတွေဟာ ဘာတွေဖြစ်သင့်ဆိုတာတွေနဲ့ ပတ်သက် ပြီး အသေးစိတ် ဖွင့်ဆို ရှင်းလင်းရေး၊

(၃) ပါတီဝင် လျှောက်ထားသူများထဲက အရည်အချင်း ရှိတဲ့ အများစုကြီးကို ရွေးမြှု သိမ်းသွင်းရေး

(၄) ပါတီဝင် သိမ်းသွင်းရေးနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ ပါတီကော်မတီကသာ မက သက်ဆိုင်ရာပါတီ ကြီးကြပ်ရေးကော် မရှင်ကပါ သဘောတူ အသိအမှတ်ပြု ရေးဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်ရေး

(၅) အနှံ့ဆုံး ပစ္စည်းမဲ့ လူတန်းစားပေါ် လစီကို အသိရှိစွာ ကိုင်စွဲတဲ့ ကွန်မြူနစ် အတွေ့အကြုံ မရှိသူများကို သွတ်သွင်း မယ် ရှားရေး အတွက် ပါတီကို အထောက် အပံ့ဖြစ်စေရေး ရည်ရွယ်ချက်နဲ့ အခြား ဆောင်ရွက်ချက်များ စီမံလုပ်ဆောင်ရေး တို့ ဖြစ်ပါတယ်။ အထွေထွေ ပါတီသန့် ရှင်းရေး အသစ်တဖန် ဆောင်ရွက်ရမယ် လို့ ကျနော် မဆိုလိုပါဘူး အသစ်တဖန် ကတော့ လက်ရှိ အခိုက်အတန့်မှာ ဒီ ဟာ လက်တွေ့မကျဘူးလို့ ထင်လို့ ပါပဲ။ ဒါပေမဲ့ ပါတီဝင် လျှော့ပစ်တာ လို့ ဘာကယ်တမ်း ပါတီသန့်ရှင်းရေး အ စီအစဉ် တရံတခါ ဆောင်တဲ့ ခြေလှမ်း တွေဟာ လိုတယ်လို့ ထင်ပါတယ်။ ဒါဟာ အခြေအနေနဲ့ ကိုက်ညီတဲ့ လို အပ်တဲ့ စည်းကမ်းရှိ ဖြစ်ခဲ့ရင် သင့်တော် တဲ့ စီမံ ဆောင်ရွက်မှုတွေ အမြဲလုပ် ဆောင် နိုင်လိမ့်မယ်လို့ ကျနော် ယုံကြည် ပါတယ်။

ဒီစာကို ဖတ်ပြီးပြီ ဆိုရင် - ယခု ... မသိ အဖွဲ့ဝင်များကို ကျနော် တောင်း ဆိုလိုပါတယ်၊ ဖြစ်နိုင်မယ် ဆိုရင် ပြည် သူ နိုင်ငံရေး အတိုင်းပင်ခံ ကောင်စီ အစည်း·

ရေးမှူးများ ဝဲ က တယောက်ယောက်စီ ဆိပ်တယ်ပီး -ကြေးနန်းတိုတချို့ဘဲ မြန်မြန် ကူးနော ခဲ့ အကြောင်း ပြန်ကြားစေ လိုပါတယ်။

လီနှင်

မတ် ၊ ၂၆ ၊ ၁၉၂၂

အောက်ခြေမှတ်စု

(၁) ဆယ့်တစ်ကြိမ်မြောက် ပါတီကွန်ဂရက်မှာ တင်သွင်းတဲ့ အစီရင်ခံစာကို ရည်ညွှန်းပါတယ်။

(၂) စာချက်အမှာ ၃၄၆က လီနှင်ရဲ့ ရှင်းချက်ကို ကြည့်ပါ [ ဒီစာချက်အမှာ ၃၄၆ ဆိုတာ လီနှင်လက်ရွေးစင်ကျမ်း အတွဲ ၆ က စာချက်အမှာကို ရည်ညွှန်းပါတယ်။ လီနှင်ရဲ့ ရှင်းပြချက်ဟာ ရုရှားပြည် ကွန်မြူနစ်ပါတီ [ ဘော်ရှီဗစ်] ဆယ်တစ်ကြိမ်မြောက် ကွန်ဂရက်မှာ လီနှင် တင်သွင်းတဲ့ ဗဟိုကော်မတီ နိုင်ငံရေး အစီရင်ခံစာဝဲမှာ ပါဝင်ပါတယ် ( ဘာသာပြန်သူ )

လီနှင် လက်ရွေးစင်ကျမ်း အတွဲ ၆ မှ
အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်း
အမေရိကန်၊ နယူးယောက် နိုင်ငံတကာ ပုံနှိပ်ထုတ်ဝေသူများ ကုမ္ပဏီ၊ ၁၉၄၃ ခုနှစ်ထုတ်

၇. ၈. ၈၀

(မူရင်းကျမ်းကို ထိခိုက်စေမည့် အမှား အယွင်းများ ရှိပါက ဘာသာပြန် အဖွဲ့မှ တာဝန်ယူမည် ဖြစ်ပါသည်။)

ဘာသာပြန်အဖွဲ့
မြောက်ပိုင်း ဗဟိုဌာနချုပ် —။



## စာတည်းအဖွဲ့

ရဲဘော်များခင်ဗျား .....

၄၃ နှစ်မြောက် ပါတီ မွေးနေ့ ကို ဂုဏ်ပြု ထုတ်ဝေခဲ့သည့် "စစ်နိုင်ရေး ဂျာနယ်" အတွဲ ၁၊ အမှတ် ၂ ကို ယခု ရဲဘော်တို့ထံ အရောက် ပို့လိုက်ပါပြီ ။

ရုပ်ဝတ္ထုပစ္စည်း ၊ အတတ်ပညာ ၊ အချိန် စသော ချို့တဲ့မှုများကြောင့် - ချို့ယွင်းချက်များ ရှိနိုင်ပါသည်၊ ဤ အားနဲ့ ချို့ယွင်းမှုများ အတွက် ရဲဘော်တို့ထံမှ ဝေဖန် အကူအညီပေးမှုကို လည်း ရယူလိုပါသည် ။

ရဲဘော်တို့ထံမှ ပေးပို့သော စာမူများကို ယခုအပါက်တွင် စာမျက်နှာ အခက်အခဲကြောင့် အကုန် အစင် မသုံးနိုင်ခဲ့ပါ ဆက် လက်ထုတ်ဝေမည့် စာစဉ်များ ကျမှ အကျဉ်းသင့် သလို အသုံးပြုသွားမည် ဖြစ်ပါသည် ။

၄၁.နှစ်မြောက်ပါတီမွေးနေ့

အတွဲ ၁. အမှတ် ၂

# ဝံဝံနိုင်ငံရေး

ဂျာနယ်

